www.dhammaransi.com

မဟာဗောဓိမြိုင်ဆရာတော်
ဝနဝါသီ ဥဃျ ဓမ္မသာမိထေရ်ရဲ့



# ကာမမှ ဓမ္မသို့

သာဓက ဇာတ်ကြောင်းများ

မောင်သွေးချွန်

စုစည်းပူဇော်သည်

2000. GRAPHIC DESIGN : KYAW MINN MOUNG

www.dhammaransi.com

**အောင်ဇော်** စာပေ

အမှတ် (၁၆)၊ ရွှေနှင်းဆီလမ်း၊ စမ်းချောင်း၊ ရန်ကုန်မြို့။

ဖုန်း - ၅၃၁၂၄၆

www.dhammaransi.com

သာဝကဇာတ်

ပုံထုပ္ပါတ်နှင့်

သိဒ္ဓာပနာကြား

ကြိမ်ပန်များသော

အများကိုမြင်

အမှန်ပြင်က

အတ္တအလျှင်လည်း ထိန်းလေမည်...

မေတ္တာသွင်လည်း ကိန်းလေမည်...

ဘဝအစဉ်လည်း ပြီးစေမည်...။

www.dhammaransi.com



ကျေးဇူးရှင် မဟာဗောဓိမြိုင် ဆရာတော်
ဝနဝါသီ ဥယျဓမ္မသာမိထေရ်

www.dhammaransi.com

✸ ပထမအကြိမ်ရိုက်နှိပ်ခြင်း
၂၀၀၀ပြည့်နှစ်၊ ဇူလိုင်လ
အုပ်ရေ- ၂၀၀၀
တန်ဘိုး-၂၀၀/-ကျပ်
✸ အဖုံးအနုပညာ
ကျော်မင်းမောင်
✸ အဖုံးကာလာခွဲ
LUCKY COLOUR SEPARATION
✸ ကွန်ပျူတာစာစီ
"စံ" ၊ ၃၄လမ်း။
✸ စာအုပ်ချုပ်
ကိုတင်အေး
၁၉ ၊ ၁၀၁လမ်း။
✸ အဖုံးရိုက်
ဦးကျော်စိန် (၂၀၉၀၉)
ကျောက်စိမ်းအော့ဖ်ဆက်
၁၇၁၊ ၃၃လမ်း၊ ရန်ကုန်မြို့။
✸ အတွင်းရိုက်
ဒေါ်မြမြ (၀၂၄၄၃)
၂၂၀၊ ကျုံးကြီးလမ်း၊ ရန်ကုန်မြို့။
✸ ထုတ်ဝေသူ
ရန်ကုန်မြို့၊ ကုန်သည်လမ်း၊ အမှတ် (၅၂၉/၅၃၁)
စာပေဗိမာန်အဖွဲ့၊ စာတည်းမှူးချုပ် ဦးဝင်းဖေ
မှတ်ပုံတင်အမှတ် - ၂၈၅ (ယာယီ)

www.dhammaransi.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး . . . ဒို့အရေး
တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး . . . ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး . . . ဒို့အရေး

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသောတာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သောပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူ အဖြစ် သတ်မှတ်ချေမှုန်းကြ။

www.dhammaransi.com

မဟာဗောဓိမြိုင်ဆရာတော်
ဝနဝါသီဒေယျဓမ္မသာမိထေရ်

# ကာလမ မှ ဓမ္မသို့

## သာဓက ဆက်ကြောင်းများ



မောင်သွေးချွန်
စုစည်းပူဇော်သည်။

www.dhammaransi.com

# မာတိကာ


- အမှာစာ ....... ၇
- စလေငခွေးလို စွန့်နိုင်မှ ....... ၉
- တစ်ပါးသီလ ပိုင်ရှင်များ၏ ငြင်းခုန်ပွဲကြီး ....... ၁၈
- ခွင့်လွှတ်ရန်အေး ....... ၂၄
- အယုတ်တကာ့ အယုတ်ဆုံး ....... ၃၈
- ခံနိုင်မှတည်… ခန္တီ ....... ၄၉
- စိတ္တသူကြွယ်လမ်းကြောင်း ....... ၅၉
- ကာမမှ ဓမ္မသို့ ....... ၇၈
- အလင်းအမှောင်အရောင်ကွဲ ....... ၁၁၃

www.dhammaransi.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

# အမှာစာ

ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးသည် တရားဟော တရားပြရာတွင် ပုံပြင်အလင်္ကာ အခိုင်းအနှိုင်း တင်စားချက်များဖြင့် အာဝဇ္ဇန်းရွှင်ရွှင် ဟောပြော ဆုံးမလေ့ရှိကြောင်း ကျွန်တော် မကြာခဏ တင်ပြခဲ့ပါသည်။ တရားသဘောတစ်ခုအတွက် ပုံပြင်၊ ပုံဝတ္ထု ဇာတ်ကြောင်းတစ်ခုဖြင့် သာဓကဆောင်ကာ ထိုပုံဝတ္ထုများမှ ဓမ္မသဘောကို တစ်ဖန် ထုတ်ပြလေ့ရှိပြန်ပါသည်။ ဓမ္မနှင့် ဘဝဇာတ်ကြောင်း ဟူသည် သီးခြားစီ မဟုတ်တော့ဘဲ အကျိုးဆက် အကြောင်းခံအားဖြင့် ဆက်စပ်နေပုံကိုလည်း ဆင်ခြင်မြင်သိစေခဲ့ပါသည်။

တစ်ချို့သော အကြောင်းအရာများမှာကျွန်တော်တို့ ကြားဖူးပြီး ဖြစ်ကောင်းဖြစ်ပါလိမ့်မည်၊ သို့သော် တရားသဘော ဆင်ခြင်ထုတ်ယူပုံမှာ ရှုထောင့်သစ်သည် ဟု ဆိုချင်ပါတော့သည်။ ဥပမာ ဝိသာခါဇာတ်ကြောင်း ကြားဖူးကြလှပါပြီ။ သို့သော် ကျောင်းအမကြီး၏ အလှူဒါနရက်ရောပုံ ဟူသော ရှုထောင့်ကိုချည်း မြင်ခဲ့ကြားခဲ့

www.dhammaransi.com

ရပါသည်။ ဆရာတော်ဘုရားကြီး ဝိသာခါကို ရှုမြင်ပုံမှာ **ကာမနှင့်ဓမ္မ အညီအမျှ ခံစားသွားသည်** ဟူလို၊ ကာမကို မစွန့်နိုင်သေးသော လောကီဘုံသားများသည် ဝိသာခါလို အပါယ်တံခါး ပိတ်အောင် ဓမ္မဘက်က ကြိုးစားပြီးခါမှ ကာမခံစားလိုက ခံစားကြလေဟု ဆိုလိုရင်း ဖြစ်ပါသည်။

အာရုံခံစားမှုပေါ်တွင် သတိတင်ထားခြင်းဖြင့် သုံးသာသုံး မစွဲသောနည်းကို လေ့ကျင့်စေလိုရင်း ဖြစ်ပါသည်။ ထိုသို့ လေ့ကျင့်နိုင်ရန် အခြေခံတရား အသိများ လိုအပ်ပါသည်။ ထိုလိုအပ်ချက်အတွက် လက်လှမ်းမှီသမျှဉာဏ်စွမ်းမှီသမျှ ဓမ္မအမြင် သာကေဇာတ်ကြောင်းများကို စုစည်းပူဇော်လိုက်ပါသည်။ ဆရာတော်ဘုရားကြီး၏ အာဘော် တရားတော်များမှ ချွတ်ချော် တိမ်းလွဲခဲ့ပါသော် ကျွန်တော်၏ တာဝန်သာဖြစ်ပါကြောင်း ဝန်ခံအပ်ပါသည်။

လေးစားစွာဖြင့်.....

မောင်သွေးချွန်

၄ . ၄ . ၂၀၀၀

၁၃၆၁ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၁ ရက်

၇၄၊ သာယာအေးလမ်း၊ ၃ ရပ်ကွက်၊

မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။

ဖုန်း – ၆၆၀၆၇၀

www.dhammaransi.com



## စလေ‌ေရွေးလို စွန့်နိုင်မှ

ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးဟာ တရားဟော တရားပြ ဩဝါဒပေးရာမှာ ပုံပြင်အလင်္ကာ သာဓကများနဲ့ ဟောပြောလေ့ရှိကြောင်း ကျွန်တော် ရေးခဲ့ဖူးလှပေပြီ။ ဆရာတော်ဘုရားကြီး၏ ပုံဆောင်သာဓကများတွင် ဗုဒ္ဓဝင်၊ မဟာဝင်၊ ရာဇဝင်၊ ရိုးရာပုံပြင်များအထိ စုံတကာစေ့အောင် ပါလာတတ်ပါတယ်။ ဆရာတော် ဘုရားကြီး နတ်တလူ တောရမှာ သီတင်းသုံးသာသနာပြု နေစဉ်အခါက လာလိုက်တဲ့ ဧည့်ပရိသတ်ကလည်း နေ့စဉ် နေ့စဉ် ထောင်သောင်းချီလို့၊ လှူလိုက်ကြတာကလည်း တောင်ပုံယာပုံ ဆိုသလိုပါပဲ။

အောင်ဇော်စာပေ

www.dhammaransi.com


ဗုဒ္ဓဘာသာဝင်တို့ရဲ့ ပထမခြေလှမ်း ဒါနခန်းက စပြီး ပါရမီလမ်းကြောင်းပေါ် ရောက်ရှိသွားအောင် ဆရာတော်ဘုရားကြီးက ပို့ဆောင်ညွှန်ပြပေးလေ့ ရှိပါတယ်။ ငါးစွဲ၊ ဝဏ္ဏစွဲ၊ ပုဂ္ဂိုလ်စွဲတွေကို ကျော်လွန်ပြီး လွတ်လွတ်စွန့်တဲ့ စေတနာ ဒါနမျိုးဖြစ်အောင် ဆရာတော်ဘုရားကြီးက တည့်မတ် ညွှန်ပြတော်မူပါတယ်။ ဒါနဆိုင်ရာ ပုံပြင်သာဓကတွေ အများကြီးထဲက ပုဂံရာဇဝင်ထဲက ဆရာတော်ဘုရားကြီး ထုတ်ပြလိုက်တဲ့ 'စလေငခွေး' ရဲ့ စွန့်လွှတ်ပုံ ဇာတ်ကြောင်းကို သတိရနေမိပါတယ်။

စလေငခွေး မတိုင်မီက ပုဂံမှာ သိန်ခွန်ညီအစ်ကို စစ်ခင်းကြတယ်။

အစ်ကိုနိုင်တော့ ညီ ထွက်ပြေးရတယ်။ စလေမှာ လာပုန်းနေတယ်။ သူ့မြေးက စလေငခွေးရယ်လို့ ဖြစ်လာတာပါပဲ။ စစ်ရှုံး ဝရမ်းပြေး ဘဝမျိုးဆိုတော့ ငခွေးရဲ့ မိဘတွေ အတော်ဆင်းရဲ ချို့တဲ့ကြတယ်။ ဘယ်လောက်ထိ ဆင်းရဲခဲ့သလဲဆိုတော့ ငခွေးကို သူကြွယ်တစ်ယောက်ဆီမှာ ရောင်းစားရတဲ့ အထိပဲ။ ကမ္ဘာမီးလောင်သားကောင်ချနင်းဆိုတာ ဒါမျိုးကို ပြောတာဖြစ်မယ်။

ငခွေးကလည်း ဆင်းသာဆင်းရဲတယ်၊ အကောင်း

www.dhammaransi.com


ကြိုက်၊ အလှကြိုက်၊ အသန့်ကြိုက်...။

ဝတ်ကောင်းစားလှများ အင်မတန်ကြိုက်ဆိုပဲ၊ အမွှေးနံ့သာ လိမ်းကာ...လိမ်းကာနဲ့ တစ်နေ့ သုံးကြိမ် သုံးခါ ခေါင်းဖြီးဆိုပဲ။ သူ့ကိုယ်သူ သ,ပြီးတော့နေတာ။

သူ့ကို လက်ခံထားရတဲ့ သူကြွယ်လည်း မျက်စိ နောက်လာတယ် ထင်ပါရဲ့။ လှေထိုးထည့်လိုက်တယ်။ လှေထိုးသား စလေငခွေး ပုဂံမရောက်မီညမှာ အိပ်မက်, မက်ပါတယ်။ အင်မတန် ထူးကဲတဲ့အိပ်မက်... ။ 'ချက်က အူထွက်ပြီး ပုဂံမြို့ကို ပတ်လျက်နေတယ်'တဲ့။

အိပ်မက်ကောင်းမက်ထားတဲ့ စလေငခွေးဟာ နည်းနည်းမှ အားငယ်မနေတော့ပါဘူး။ လင်းတာနဲ့ လှေထိုးပြီး ဆန်ခဲ့တာပေါ့။ အဲဒီမှာ သူ့ထိုးဝါးမှာ ကြေးလင်ပန်းကြီး ခုနစ်ချပ် ကပ်ငြိပြီးပါလာပါရောတဲ့။ ကြည့်စမ်း... မဖြစ်စဖူး ထူးကဲလိုက်တာ၊ ကြေးနဲ့ လုပ်ထားတာ ဆိုပေမယ့် လူ့ပြည် မှာ ဘယ်မှာမှ မမြင်ဘူး မတွေ့ဘူးလောက်အောင် လက်ရာ မြောက်လှသတဲ့။ ဘယ်သူ့ငွေ သွားရောင်းရောင်း စလေငခွေး ဘဝ ပြောင်းသွားလောက်အောင် ဈေးကောင်းကောင်း ရနိုင်တဲ့ လင်ပန်းကြီးတွေ၊ ပုဂံရွှေနန်းတော်ကြီးက ပြည့်ရှင်မင်းကို သွားရောက်ဆသရင်လည်း ရလိုက်မယ့် ဆုလာဘ်တွေ

www.dhammaransi.com



နည်းမှာမဟုတ်ဘူး။ သေချာတာကတော့ ဒီကြေးလင်ပန်းကြီး ခုနစ်ချပ်ဟာ စလေငခွေးကို ဆင်းရဲသားဘဝက မုချကယ်တင်နိုင်မယ် ဆိုတာပါပဲ။

ဒါပေမယ့် စလေငခွေးက...

"ငါ အိပ်မက်ကောင်း မက်ထားတာ။ ဒီကြေးလင်ပန်း ခုနစ်ချပ်နဲ့ ကျိန်းကြေမခံနိုင်ဘူး" တဲ့။ ဒါနဲ့ ဒီကြေးလင်ပန်းကြီးတွေ ရေထဲ ပြန်စွန့်ပစ်လိုက်တယ်။ လေ့ထိုးသားတွေ ပါးစပ်အဟောင်းသား၊ ဒီလောက်တောင် အ,ရနံ့,ရမလား လို့တောင် စလေငခွေးကို အပြစ်တင်ကြလေရဲ့။ ဪ... စလေငခွေးရဲ့ အိပ်မက်မျိုးမှ သူတို့ မမက်ဖူးဘဲကိုး။ ချက်က ထွက်လာတဲ့အူ ပုဂံမြို့ကြီးကို ပတ်မိလျက်သားတဲ့နော်။

ဒါနဲ့... ပုဂံကို ဆက်ပြီးဆန်တက်ရင်း လှေထိုးလာတော့ တစ်နေရာမှာ ငွေလင်ပန်းကြီး ခုနစ်ချပ် သူ့ထိုးဝါး မှာ ကပ်ပါလာပြန်ပါလေရော။ နေရောင်မှာ ငွေရောင် တဖိတ်ဖိတ်တောက်နေပုံဟာ အလွန်အင်မတန် ဆန်းသစ်တဲ့ မြင်ကွင်းမျိုးပါပဲ။ လက်ရာကောင်း အဖိုးတန်လှတဲ့ ဒီငွေလင်ပန်းကြီး ခုနစ်ချပ်ဟာ နတ်နဂါးတွေကများ လာပြီး ဆက်သ,သလား ထင်ရတာပေါ့။ စလေငခွေးမှာ မယူလိုက်က မိုက်လို့ထင်၊ ယူလိုက်

www.dhammaransi.com



ပြန်က ကြိုက်လို့ထင် ဆိုတဲ့ အနိုက်အတန့်မျိုး ရောက်နေပြီ။ ဘာပဲဖြစ်ဖြစ် ချက်ကအ ရွှထွက် ပုဂံမြို့ကို ပတ်မိလျက်သားဆိုတဲ့ ငါ့အိပ်မက်နဲ့တော့ ဒီငွေလင်ပန်းခုနစ်ချပ် မလဲနိုင်ဘူး။ ငွေလင်ပန်းကြီးတွေ မြစ်ရေထဲပြန်လွှင့်ပစ်လိုက်ကရော၊ ဘဝတူ လှေထိုး သားတွေအံ့ဩလို့ မဆုံးနိုင်ကြပြီ။

ဒီလိုနဲ့ ဆက်ပြီးဆန်တက်လာရာမှာ သူ့ထိုးဝါးမှာ ရွှေလင်ပန်းကြီး ခုနစ်ချပ် ကပ်ပါလာပြန်ရောတဲ့ ဒီတစ်ခါ ရွှေနော်။ ရွှေလင်ပန်းကြီး ခုနစ်ချပ်ဆိုတော့ ရွှေခုနစ်ပိဿာ ထက်တော့ မလျော့လေဘူး။ စလေငခွေး ကုဋေကြွယ် သူဌေးကြီး ဖြစ်နိုင်ပြီနော်။ ဒါပေမယ့် ‘ချက်ကအူထွက် ပုဂံမြို့ကိုပတ်မိလျက်’ ဆိုတဲ့ သူ့အိပ်မက်နဲ့ နှိုင်းစာလိုက်ရင် ဒီရွှေလင်ပန်းကြီးတွေဆိုတာ ဘာမှ မဖြစ်လောက်ဘူးလို့ ဆိုပြီး ဒီရွှေလင်ပန်းကြီးတွေကိုလည်း ရေထဲ စွန့်ကြဲပစ်လိုက်တယ်။

ဒီလိုနဲ့ စလေငခွေးရဲ့လှေ ပုဂံဆိပ်ကမ်း ကပ်မိခဲ့ပြီ။

စလေငခွေးလည်း မင်းဆရာ အိမ်သွားပြီး သူ့အိပ်မက်အကြောင်း မေးတယ်။ ဒါပေမယ့် ပုဏ္ဏားက အပြင်သွားနေတော့ သူ့မိန်းမနဲ့ပဲ တွေ့တယ်။ ပုဏ္ဏားမ

www.dhammaransi.com



ကလည်း ခေသူမဟုတ်ဆိုတဲ့ အစားထဲကပါပဲ။ နည်းနည်းပါးပါး ဟောတတ်ပြောတတ်ပုံ ရပါတယ်။ ဒါပေမယ့် စလေငခွေးရဲ့ ပုံပန်းကိုကြည့် ပိုက်ဆံကြေးငွေလည်း များများပေးနိုင်မယ့်ပုံ မပေါ်တော့ 'ဘုန်းကြီးမည်၊ အသက်ရှည်မည်' လို့ မယုတ်မလွန်ကလေး သာမန်ကာလျှံကာ ဟောလိုက်တာပေါ့။ ဒီလောက်ကလေး ဟောရုံနဲ့တော့ စလေငခွေး ဘယ်ကျေနပ်လိမ့်မလဲ။ သူ့အိပ်မက်သူ စလေငခွေးက အဲသလောက် တန်ဖိုးထား မျှော်လင့်တာ။ ဒီလောက်ကောင်းတဲ့ အိပ်မက်ကို ဟောတဲ့သူက ကောင်းကောင်းမဟောတော့ ဆက်အဟောမခံတော့ဘဲ ပုဏ္ဏားရဲ့ အိမ်ပေါ်က ဆင်းလာတယ်။

အဲဒီအချိန်မှာ ပုဏ္ဏားပြန်ရောက်လာပြီး 'ငါမရှိတုန်း ဘယ်သူလာသေးတုန်း' လို့ သူ့မိန်းမကို မေးတယ်။ ပုဏ္ဏားမက အကျိုးအကြောင်း ပြောပြတာပေါ့။ 'ချက်ကအူထွက် ပုဂံမြို့ကိုပတ်လျက်' ဆိုတဲ့ စလေငခွေးရဲ့ အိပ်မက်ကို ကြားရုံမျှနဲ့ ပုဏ္ဏားကြီး အထိတ်တလန့် တအံ့တသြ ဖြစ်ရတယ်။ သူ့တစ်သက်မှာ ဒီအိပ်မက်မျိုး မကြုံဖူး၊ မကြားဖူးဘူး။

ပုဏ္ဏားကြီးက မယားရဲ့ ဆံထုံးကို လှီးဖြတ်ပြီး

www.dhammaransi.com



အိမ်ပြင်ကို ပစ်လိုက်တယ်။ ပစ်လိုက်စဉ် ခဏမှာပဲ ဆံထုံးကို မိုးကြိုးပစ်တယ်။

ဒါဟာ စလေငခွေးနဲ့ ပတ်သက်တဲ့ ထူးကဲအံ့ဩဖွယ်ရာ အတိတ်ကြီး နမိတ်ကြီး ဖြစ်ပါတယ်။ ဒါနဲ့ ပုဏ္ဏားကြီးဟာ အိမ်က ခပ်သုတ်သုတ် ထွက်လာပြီး စလေငခွေးကို လိုက်ရှာတယ်။ တွေ့တာနဲ့ စလေငခွေးရဲ့ မျိုးရိုးဇာတိကို စုံစမ်းမေးမြန်းတော့တယ်။ ပြီးတော့ စလေငခွေးရဲ့ အိပ်မက်ကို ကျူးတယ်။ အိပ်မက်ရဲ့ အဓိပ္ပါယ်ကိုလည်း ဒီလို ဖွင့်ဆိုတယ်။

"မကြာခင်မှာ ပုဂံပြည်ကို စိုးမိုးအုပ်ချုပ် မင်းလုပ်ရအံ့ (ဝါ) ရှင်ဘုရင် ဖြစ်လတ္တံ့"

ပုဏ္ဏားကြီးက စလေငခွေးကို ဘုရင်ဖြစ်မယ်လို့ အတတ်ဟောပြီး "ဘုရင်ဖြစ်ရင် ငါ့ကို မမေ့ပါနဲ့"။

"အိပ်မက်ကောင်းနဲ့အညီ သီတင်းသီလ ဆောက်တည်ပါ" လို့ အမှာစကား ပါးလိုက်လေရဲ့။ ဒါပေမယ့် ငခွေးဟာ ချက်ချင်း ဘုရင်ဖြစ်မလာဘူး၊ စလေကို ပြန်ရသေးတယ်။ သူကြွယ်က နှိပ်စက်တာ မခံနိုင်လို့ ပုဂံပြန်လာပြီး ဘုရင့်ဆီမှာ အမှုထမ်းတယ်။ မြင်းတင်းကုပ်မှာ အလုပ်ရပါတယ်။

တစ်နေ့မှာ ဘုရင်က မြင်းချေးစွန့်နည်းကို ဒီလို

www.dhammaransi.com


သင်ပေးတယ်။

"ကျင်းတစ်ကျင်း တူး၊ မြင်းချေးခြောက်တွေ အောက်ကထား၊မီးရှို့၊မြင်းချေးစိုကို အပေါ်ကထည့်၊ မီးရှိန်နဲ့ ခြောက်ပြီး လောင်သွားလိမ့်မယ်" တဲ့။

ဘုရင်ဟာ မြင်းတင်းကုပ်ကို လာပြီဆိုရင် မောင်းမငယ်တစ်ယောက် ပါလာတတ်တယ်။ ကြာတော့ အဲဒီမောင်းမနဲ့ ငခွေး ငြိကြပါလေရော၊ ငခွေးလည်း ဘုရင်ဖြစ်ချင်တော့ အကြံအဖန် လုပ်တယ်။ အဲဒီ မောင်းမငယ်ကို စည်းရုံးပြီးတော့ ဘုရင်ကို မြင်းချေးတွင်းထဲ တွန်းချပြီး လုပ်ကြံသတ်ဖြတ်ပစ်လိုက်တယ်။ ဒီလိုနဲ့ စလေငခွေး ဘုရင်ဖြစ်သွားတယ် ဆိုပါတယ်။

အထက်ပါ စလေငခွေးရဲ့ ရာဇဝင်ကြောင်းကို ထောက်ဆပြီးတော့ ကျေးဇူးရှင်ဆရာတော်ဘုရားကြီးက တို့ **လူ့ဘဝရယ်ဆိုတာ စလေငခွေးရဲ့ အိပ်မက် ထက် အဖိုးတန်တယ်။** သာသနာတော်နဲ့လည်း ကြုံရတယ်၊ သံဃာတော်တည်းဟူသော ဆရာကောင်း သမားကောင်း တွေဆီကလည်း တရားစစ် တရားမှန်တွေ နာရတယ်၊ ဒီလို အချိန်မှာ လူချမ်းသာ၊ နတ်ချမ်းသာ လောက်မှန်းပြီး ဒါနပြုနေမယ်ဆိုရင် ကြေးလင်ပန်း ခုနစ်ချပ်လောက်နဲ့ ကျိန်းကြေတာမျိုး ဖြစ်လိမ့်မယ်။ မဂ်ဖိုလ် နိဗ္ဗာန်ဆိုတဲ့

www.dhammaransi.com



နန်းမြို့ကို သိမ်းပိုက်ချင်တယ် ဆိုရင်တော့ ငွေလင်ပန်း၊ ရွှေလင်ပန်းတွေနဲ့ ကျေနပ်နေလို့ လည်း မဖြစ်ပေဘူးဗျ။

စလေငခွေးလို စွန့်နိုင်မှ။

လူ့ဘဝနဲ့ သာသနာဆိုတာ စလေငခွေးရဲ့ အိပ်မက်ထက်တောင် ကြုံတောင့်ကြုံခဲ ဒုလ္လဘတရားတွေပါဗျာ။ ဒီလို ဒါနကုသိုလ်ပြုတဲ့ အချိန်မှာ ကြေးလင်ပန်း၊ ငွေလင်ပန်း၊ ရွှေလင်ပန်း လောက်ကို မျှော်မှန်း ကျေနပ်နေမယ့်အစား နိဗ္ဗာန်နန်းမြို့အထိ အရောက်သွားနိုင်အောင် ငါ၊ ဝတ္ထု၊ ပုဂ္ဂိုလ်ဆိုတဲ့ အစွဲတွေကို စွန့်ချနိုင်ခဲ့ပါစေဗျာ။

**အညွှန်း။** ။ *၉-၇-၉၇ နတ်တလူတောရမှာ ဟောပါတယ်။*

www.dhammaransi.com



## တစ်ပါးသီလပိုင်ရှင်များ၏ ငြင်းခုန်ပွဲကြီး

လူတွေဆိုတာက ကိုယ်ကြိုက်ရာ အကောင်းထင်၊ ကိုယ်ထင်ရာ မြတ်နိုးလေ့ရှိတတ်ကြပါတယ်။

လူ၊ ဝတ္ထု၊ ပစ္စည်း၊ အသွေးအရောင် ဘယ်အရာဖြစ်ဖြစ် ငါနှင့်ဆက်စပ် ပတ်သက်နေသမျှသာ အကောင်းမြင်တတ်ကြပါတယ်။ ကိုယ့်ငါးချဉ် ပိုချဉ်တတ်ကြတာပလေ။ အရာဝတ္ထုတွေကို မဆိုထားပါနဲ့၊ လူတို့ရဲ့ ကိုယ်ကျင့်တရား ကိစ္စမှာတောင် ကိုယ်ကျင့်တဲ့ အကျင့်က ပိုမြတ်တယ်လို့ ထင်တတ်ကြပါတယ်။ တကယ်တော့ ကိုယ်ကျင့် သိက္ခာ ထိန်းသိမ်းတည်ဆောက်ခြင်းဟူသည် မိမိတို့စိတ်မှာ ဖြစ်ပေါ်နေတဲ့ 'ကြိုက်စိတ်၊ မုန်းစိတ်' ကြိုက်မုန်းနှစ်ပါးကို ထိန်းသိမ်းထားခြင်းသာ။

အောင်ဇော်စာပေ

www.dhammaransi.com



ဒီသဘောပေါ်လွင်အောင် ကျေးဇူးတော်ရှင် မဟာ ဗောဓိမြိုင် ဆရာတော်ဘုရားကြီးက 'တစ်ပါးသီလ ပိုင်ရှင်များ၏ ငြင်းခုန်ပွဲကြီး' ဆိုတဲ့ ပုံဝတ္ထုသာဓက ဇာတ်ကြောင်းနဲ့ ဓမ္မသက်သေ ထူပြခဲ့ပါတယ်။

ဘုရားရှင် လက်ထက်တော်ကာလတုန်းက...

ပဉ္စဉပသကာ (သာသနာနှင့် နီးစပ်သော ဒါယကာ ငါးဦး) ပေါ်ပေါက်ခဲ့ဖူးပါတယ်။

အဲဒီ မိတ်ဆွေငါးဦးဟာ ကိုယ်ကျင့်သီလတော့ ထိန်းကြပါရဲ့။ ဒါပေမယ့် ငါးဦးလုံး ငါးပါးသီလ ပြည့်စုံ အောင် လုံအောင် မထိန်းနိုင်ကြရှာ။ တစ်ဦးလျှင် သီလ တစ်ပါးကျစီသာ ထိန်းနိုင်ကြတယ်ဆိုပါတယ်။

အဲဒီလို သီလတစ်ပါးလောက်သာ ထိန်းနိုင်ကြ ပေမယ့် ကိုယ်ထိန်းတဲ့သီလသာ မှန်မြတ်တယ်ဆိုပြီး အမွှန်း တင် ဂုဏ်ပြိုင်နေကြသတဲ့။

ပါဏာတိပါတာ ဝေရာမဏီ လုပ်ထားတဲ့သူ သူ့ အသက်သတ်မှု လွတ်ကင်းသူက လက်မထောင်ပြီး ဒီလို ပြောတယ်။

"လောကမှာ သတ္တဝါတိုင်း ကိုယ့်အသက်ကိုယ် အနှမြောဆုံး၊ အသက်သေရမှာ အကြောက်ဆုံး၊ အဲဒီ အသက်ဘေးရန်တွေကို ငါ့သီလက ကာကွယ် စောင့်

www.dhammaransi.com



ရှောက်ပေးနေတယ်၊ ဒါ့ကြောင့် ငါ့သီလသာ အမြတ်ဆုံး”

အဲဒီမှာ ဒုတိယသီလပိုင်ရှင်က ကန့်ကွက်ပါလေရော။

“လောကမှာ ပစ္စည်းဥစ္စာသည်သာ ဘဝကို တည်စေ ဖြစ်စေနိုင်တာ၊ ဒီပစ္စည်း ဥစ္စာတွေကို အသက်အသေခံပြီး ရှာဖွေနေကြတယ်။ ပစ္စည်းဥစ္စာနဲ့ ပတ်သက်လာရင် အသက်ကိုတောင် မနှမြောကြတော့ဘူး။ လူတွေ အသက်ထက် တန်ဖိုးထားတဲ့ ပစ္စည်းဥစ္စာတွေကို မသမာတဲ့နည်းနဲ့ ငါမယူခဲ့ဘူး။ အဒိန္န ဒါနာ ဝေရာမဏီ လုပ်ခဲ့တယ်။ ဒါ့ကြောင့် ငါ့သီလသာ အမြတ်ဆုံး...”

အဲဒီမှာ တတိယသီလပိုင်ရှင်ကလည်း အားကျမခံ အဆိုတင်သွင်းပြန်တယ်။

“လောကမှာ ဘယ်သူမဆို သူများသားသမီး လက်ခံပေါင်းသင်းပြီး တစ်သက်လုံး ရှာဖွေလုပ်ကိုင်ကျွေးမွေးတယ်ဆိုတာ အသက်ထက်မြတ်နိုးပြီး ပစ္စည်းဥစ္စာတွေထက် ပိုပြီးတန်ဖိုးထားလို့ပဲ။ ဒီလို သူသူကိုယ်ကိုယ် အမြတ်တနိုး တန်ဖိုးထားတဲ့ သူ့သားမယားကို မစော်ကား၊ မပျော်ပါး၊ မဖောက်ပြားဘဲ ကာမေသုမိစ္ဆာစာရာ ဝေရာမဏီ လုပ်စားတဲ့ ငါ့သီလက အသာလွန်ဆုံး” လို့ ဆိုပါတယ်။

www.dhammaransi.com



အဲဒီမှာ စတုတ္ထ သီလပိုင်ရှင်က ထပြီး ကန့်ကွက် ပါလေရော။

လောကမှာ အသက်စည်းစိမ် သားမယားတွေ ထက် မြတ်နိုးစရာ အကောင်းဆုံးကတော့ အမှန်တရားပဲ အများဆိုရင် ဘယ်သူမှ လက်မခံကြဘူး။ အမှန်ကိုရှေးရှု မုသာဝါဒါ ဝေရာမဏီလုပ်ထားတဲ့ အမှန်ကိုသာ ပြောဆို တတ်တဲ့ ငါ့သီလက အမြတ်ဆုံး”လို့ လက်ရုံးဆန့်တန်း ကြွေးကြော် ပါတယ်။

အဲဒီမှာ ပဉ္စမသီလပိုင်ရှင်ကလည်း ပွဲသိမ်းသော အားဖြင့် သင်တို့အားလုံး အပိုတွေ ပြောနေတာလို့ အစ ချီရင်း....

“လောကမှာ မူးယစ်စေတတ်တဲ့ အရက်သေစာ သောက်စားမိရင် လူစိတ်ပျောက်သွားပါလေရော။ လူစိတ်ပျောက်သွားပြီဆိုမှဖြင့် သတ်ဖို့လည်းဝန်မလေး၊ ခိုးဖို့လောက်တော့ အသာလေး၊ သူ့သွေး သူ့မယား ပျော်ပါး ပြစ်မှားဖို့လည်း အဆင်သင့်၊ လိမ်ဖို့ ညာဖို့လည်း အတင့်ရဲ လှသနဲ့၊ အရက်သောက်မှု တစ်ခုတည်းက အားလုံးကို ပျက်စီးစေနိုင်တယ်ဆိုတာ နားလည်ကြရဲ့ လား။ အဲဒီ လေးပါးသီလကို ကျိုးစေနိုင်တဲ့ အရက် သောက်တဲ့ကံကို ငါ ထိန်းသိမ်း စောင့်ရှောက်တယ်။

www.dhammaransi.com



ဒါကြောင့် ငါ့သီလသာ အမြတ်ဆုံး…” လို့ လွှမ်းလွှမ်း မိုးမိုးကြီးနဲ့ ကောက်ပင်ရိတ်လှီး ပြောချလိုက်တယ်။

ဒါပေမယ့် သူတို့ငါးဦးလုံး အရှုံးမပေးဘဲ တစ်ပါး သီလ ငြင်းခုန်ပွဲကြီး ဆက်လက်ဆင်နွှဲနေကြတယ်။ အဖြေပေါ်မလာတော့တဲ့ အဆုံးမှာတော့ ဘုရားရှင်တော် ထံ အဆုံးအဖြတ်ခံယူဖို့ ငါးဦးစလုံး သဘောတူညီ လိုက်ကြတယ်။ ဒီလိုနဲ့ ဘုရားရှင့် ထံတော်မှောက် ရောက်ကြတဲ့အခါ သူတို့ကိစ္စ သူတို့ပြဿနာကို မေးမြန်း လျှောက်ထားကြသတဲ့။ အဲဒီမှာ ဘုရားရှင်က…

ဒါယကာတို့…

လောကဌ် သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာယူခြင်း၊ သူ့မယားပြစ်မှားခြင်း၊ မုသားဆိုခြင်း၊ အရက်သေစာ သောက်စားခြင်း ငါးမျိုးတို့သည် **ရေသောက်မြစ်ကို ဖြတ် တောက်နေကြသူချည်း ဖြစ်၏**။

ဒါယကာတို့…

ထိုငါးပါးလုံး ဝတ္ထု(အကြောင်းအရာ)သာ ငါးမျိုး ကွဲပြားခြားနား၏။

လွန်ကျူးလိုစိတ် တရားခံကား ကြိုက်ခြင်း၊ **မုန်းခြင်း နှစ်ပါးချည်းသာ** ဖြစ်ကြလေသဖြင့် အတူ တူချည်းသာ ဖြစ်ကြ၏။ သို့ကြောင့် သင်တို့အားလုံး

www.dhammaransi.com



ကြိုက်မုန်းနှစ်ပါး၏ မွေနှောက်ခြင်းကို ကြာမြင့်စွာ ခံစားမနေကြပါလေနှင့်…။ လို့ ဖြေရှင်းပေးတော် မူပါတယ်။

ဘုရားရှင်တော်ရဲ့ အဖြေစကား တရားအဆုံးမှာ သူတို့အားလုံး ငါ့သီလသာ အမြတ်ဆုံးဆိုတဲ့ ငါစွဲ ဒိဋ္ဌိပြုတ်သွားပြီး သေတာပန် တည်သွားကြတော့သတဲ့။ ကိုယ်ကြိုက်ရာ အကောင်းထင်၊ ကိုယ်ထင်ရာ မြတ်နိုးတဲ့ ဘဝမျိုးက လွတ်မြောက်သွားကြပြီး တစ်ပါးသီလမှသည် ငါးပါးသီလ လုံအောင်ထိန်းတဲ့ ဘဝမျိုးကို ပိုင်ပိုင်နိုင်နိုင် ရောက်ရှိသွား ကြပါတော့တယ်။

**အညွှန်း။** ။ *၁၃၅၇ ခုနှစ်ထုတ် လားဟူဗုဒ္ဓဘာသာ သင်ခန်းစာ ၁၃၁ မှ ၁၃၃ အထိ။*

www.dhammaransi.com



## ခွင့်လွှတ် ရန်အေး

ဘယ်သူမဆို အေးရန်ခပ်သိမ်း ကင်းငြိမ်းချင်ပါတယ်။

ဒါကြောင့်လည်း ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာ တွေဆီမှာ အေးရန်ခပ်သိမ်း ကင်းငြိမ်းရပါလို၏လို့ ဆုတောင်းလေ့ ရှိကြပါတယ်။ ရဟန်းသံဃာ မိဘဆရာတွေကလည်း ဒီဆုကို နှစ်နှစ်ကာကာကြီး ပေးလေ့ရှိကြပါတယ်။ အေးရန်ခပ်သိမ်းဆိုတော့ လောကလူသားတွေအဖို့ ဘယ်လောက်ရန်များလိုက်ပါသလဲ။ သို့သော် ရန်တွေဘယ်လောက်များများ စာရင်းချုပ်လိုက်တော့ အတွင်းရန်နှင့် အပြင်ရန် ဒီနှစ်ခုပဲရှိတယ်လို့ ကျေးဇူးတော်ရှင်မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးက ညွှန်ပြတော်မူခဲ့ပါတယ်။

ရေ၊ မီး၊ မင်း၊ ခိုးသူ၊ မချစ်မနှစ်သက်သော ဆိုတဲ့

www.dhammaransi.com



ရန်သူမျိုးငါးပါး အပါအဝင်ဖြစ်တဲ့ အပြင်ရန်တွေကလည်း ရေတွက်လို့တော့ မရတော့ပါဘူး။ ကိုယ့်ဟာကိုယ် အပြစ်လွတ်အောင် နေပေမယ့် ဘေးရန် အန္တရာယ်ဆိုတာကတော့ ရှိနေတတ်စမြဲ၊ သူ့ဟာသူ အေးအေးချမ်းချမ်းနေတဲ့ ဖား သူငယ် မြွေရဲ့အန္တရာယ်ရှိနေတာပဲ မဟုတ်လား။ ဒီတော့ မြင်ရတဲ့ အပြင်ရန်တွေကြားသတိထားပြီး တရားနဲ့မနေတတ်ရင် ဘေးရန်အန္တရာယ်ကင်းဖို့ဆိုတာ တော်တော်ခက်ပါတယ်။ သူခိုးနဲ့ ရဲ… ဥပဒေချိုးဖောက်သူနဲ့ ဥပဒေစောင့်ရှောက်သူ ရန်ဘက်အသွင် ဆောင်နေတာ သဘာဝကျပါတယ်။ ဒါပေမယ့် တချို့ မိသားစုတွေမှာ မိဘနဲ့ သားသမီး၊ မောင်နဲ့နှမ၊ ညီအစ်ကိုချင်းသော်မှ အာဃာတထား ရန်မီးပွားကြတာလည်း တွေ့ဖူးပါလိမ့်မယ်။ ဆန်းကြယ်ပြီး အံ့ဩစရာကောင်းတဲ့ မိသားစုကြား ရန်မီးပွားကြတယ် ဆိုတာ ညဉ့်စွဲ စရိုက်စွဲတွေ ကွဲပြားရာက စခဲ့တာပဲ၊ ဒီတော့ ရန်ဆိုတာ ညဉ့်ချင်း စရိုက်ချင်းလည်း တိုက်နေတယ် နော်။

ပြီးတော့ သံသရာ၊ ဘဝ… ဘဝတွေက ပါလာတဲ့ ချစ်ကြွေး မုန်းကြွေးတွေကလည်း ရှိသေးတယ်။ ကြိုက်စွဲ မုန်းစွဲကဖြစ်လာတဲ့ လောကကြွေး ဒေါသကြွေးတွေဟာ

www.dhammaransi.com



ရန်မီးအသွင် တောက်လောင်လာတတ်တယ်။ ရဲနှင့် သူခိုးလို တစ်ဖက်နှင့် တစ်ဖက် မလွတ်ကင်းတဲ့ အမှုတွေ ပြုကျင့်နေသမျှ ရန်ရှိနေမှာပဲ။ တစ်ဖက်က ခွင့်မလွှတ် သမျှတော့ ရန်ဘက်အသွင် ဆောင်နေမှာပဲ။

ဒီလို မြင်ရတဲ့ အပြင်ရန်တွေက ငြိမ်းအေးသော်မှ မမြင်ရတဲ့ အတွင်းရန်က ရှိသေးတယ်။

တစ်ယောက်တည်း ဖြစ်တဲ့ရန် ဖြန်ဖြေဖို့ခက်လှ တယ်။ ခန္ဓာတွင်းမှာ ရှိနေတဲ့ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော ဆိုတဲ့ တစ်ခုနှင့်တစ်ခု သဘောချင်းမတူတဲ့ ဓာတ် လေးပါး တွန်းကန်မှု၊ ပေါင်းဖွဲ့မှု၊ အားပြိုင်မှုတွေ ကိုပြောရင် ရတ်တရက် နားဝေး ဒုံးဝေး ဖြစ်နေလိမ့်မယ်။ ဒီတော့ ရုပ်နဲ့နာမ်လို့ဆိုတဲ့ ဒီကိုယ်နဲ့ ဒီစိတ်ပဲ တည့်ရဲ့ လား။ စိတ်နဲ့ ကိုယ်နဲ့ သဘောချင်းတူရဲ့လား။ စိတ်သွား တိုင်း ကိုယ်ပါရဲ့လား။ စိတ်နဲ့ကိုယ်နဲ့ စည်းစည်းလုံးလုံး ရှိရဲ့လား။ စိတ်မှာကပ် ပြီးဖြစ်နေတဲ့ ကိလေသာ အပူမီးတွေ ငြိမ်းနိုင်ပြီလား။ လောဘ ဒေါသဆိုတဲ့ အတွင်းရန်တွေ နှိမ်နင်းပြီးပြီလား။

ဒီတော့ အတွင်းရန်ပဲဖြစ်ဖြစ် အပြင်ရန်ပဲဖြစ်ဖြစ် ရန်မှန်သမျှတော့ ပူပြီးလောင်နေမှာပဲ။ ဒီတော့ ဘေးရန် ခပ်သိမ်းကင်းငြိမ်းဆိုတာ ဘုရား တရား သံဃာမှာပဲ

www.dhammaransi.com



ရှိတယ်။ ဘေးလွတ်ရာ ရန်ကင်း ဒဏ်ကင်း အပြစ်ကင်းရာကို ပို့ပေးတတ်လို့ 'သရဏဂုံ' လို့လည်း ဆိုရပါတယ်။ ဒါကြောင့် ဘုရားနဲ့ မတွေ့သေးသမျှ (ဝါ) ဘုရားဟော တရားတော်တွေကို နှလုံးမသွင်းနိုင်သေးသမျှတော့ ဘေးရန်အန္တရာယ်တွေနဲ့ ရင်ဆိုင်ကြုံတွေ့နေရဦးမှာပဲ။ ဘဝတစ်ခုသာမဟုတ် ဘဝအဆက်ဆက် ရန်မီးတောက်လောင် နေကြလိမ့်မယ်။

ဟိုရှေးအခါက...

အမေတစ်ခု သားတစ်ခုသာရှိတဲ့ မိသားစုလေးတစ်စု ရှိခဲ့ဖူးပါတယ်။

သားကလည်း သားလိမ္မာ၊ အမေကလည်း ရှေ့ရေး တွေးမြင်တတ်တဲ့ အမေ၊ ငါမရှိခဲ့သော်..တဲ့။ ငါ့သားလေး လောကအလယ် တစ်ယောက်တည်း၊ ကူဖော်လောင်ဖက် ဆေးပေးမီးယူမရှိနဲ့ ကရိကထများလိမ့်မယ်။ ဒီတော့ သားကို ဘဝကြင်ဖော်ရှာပေးလေမှတဲ့။ ဒါပေမယ့် အမေကို ချစ်တဲ့ သားကလည်း မယားရလာမှ ဒီမယား အမေနဲ့မတည့်ရင် သူပဲ ကြားက ဒုက္ခများလိမ့်မယ်ဆိုပြီး မိန်းမ မယူပါရစေနဲ့ ငြင်းတယ်။ အမေကလည်း သူ့အတွေးနဲ့သူ၊ သူ့ စီမံကိန်းနဲ့ သူဆိုတော့ သူသဘောကျ မိန်းကလေး တစ်ယောက်ရှာပြီး ဇွတ်

www.dhammaransi.com



ပေးစားတယ်။ သားမှာ အဖော်အဖက်မျှသာမက မျိုးဆက်ပါရစေဆိုတဲ့ မျှော်လင့်ချက်နဲ့။

ဒါပေမယ့် အိမ်ထောင်သက် ၂နှစ်ရသော်မှ သားသမီး မရပြီ။ ဒီမှာ အမေလုပ်တဲ့သူက သားကို နောက်မိန်းမ ထပ်ယူဖို့ တိုက်တွန်းတယ်။ ကလေးမွေးပေးနိုင်မယ့် နောက်မိန်းမတဲ့။ အင်း... သားကလည်း ဒီမိန်းမတောင် လိုချင်လွန်းလို့ ယူထားတာမှ မဟုတ်ဘဲ။ အမေပေးစားလို့ ယူခဲ့ရတာ၊ နောက်မိန်းမဆိုတော့ တော်ပါပြီ တန်ပါပြီပေါ့။ အဲဒီမှာ အမေက သားကို နားချလို့မရတော့ ချွေးမကို စည်းရုံးတယ်။

"ငါက မြေးထိန်းချင်တာအေ၊ မြေးလေးတစ်ယောက်များ မွေးပေး... နင်မမွေးလည်း နင်လိုချင်တာ အကုန်ပေးမယ်။ ဒီတော့ ကလေးမွေးပေးနိုင်မယ့် မိန်းမ နင်နဲ့တည့်မယ့် နင့်စိတ်ကြိုက် နင်ရှာပေးပါ"တဲ့။

ချွေးမလုပ်တဲ့သူလည်း အဲဒီတုန်းကတော့ ယောက္ခမကြီး သဘောကျပေါ့။ သူနဲ့ စိတ်တူကိုယ်မျှ သူငယ်ချင်းမလေးတစ်ယောက်ကလည်း အသင့်ရှိနေလေတော့... "တို့ သူငယ်ချင်းဘဝကနေ လင်ညီအစ်မ လုပ်ကြ တာပေါ့"လို့ နှုးနပ်စည်းရုံးပြီး လင့်ရင်ခွင်ထဲ ထည့်လိုက်တယ်။ ညားကာစတော့ ဘာမှပြဿနာ

www.dhammaransi.com



မရှိပါဘူး။ မကြာခင် နောက်မိန်းမမှာ ကိုယ်ဝန်ရလာတော့မှ ရန်မီးက စလောင်တော့တယ်။

နောက်မိန်းမမှာ ကိုယ်ဝန်ရလာပြီဆိုတော့ သားရော အမေရော ဝမ်းသာပျော်မြူး ဖူးဖူးမှုတ်လိုက်ကြတာ၊ မယားကြီးမှာတော့ အစေခံမကြီးလုံးလုံးကို ဖြစ်ကရော။ အဲဒီမှာ မယားကြီးရဲ့ မနာလိုမှု ဝန်တိုမှုတွေဟာ ကမ္ဘာမကျေ ရန်ငြိုးကို အစပျိုးတော့တယ်။ အငယ်မအပေါ် ထားရှိတဲ့ မကောင်းကြံ–မနောက်ကို ဖုံးဖိ ဟန်ဆောင်ပြီး အငယ်မကို ဘေးဒုက္ခပေးဖို့သာ အကွက်ချောင်းနေတော့သတဲ့။

တစ်နေ့တော့ အကြီးမဟာ အငယ်မကို ချော့မော့ပြီး ကလေးစမ်းသပ်ပေးမယ်လို့ ခွင့်တောင်းတယ်။ အငယ်မလည်း အရိုးအအ ဆိုတော့ အကြီးမ ပြောတိုင်း ယုံတာပေါ့။ ယုံတဲ့အတိုင်းလည်း ခွင့်ပြုလိုက်တယ်။ အဲဒီမှာ အကြီးမလည်း ကလေးစမ်းသပ်သလိုလိုနဲ့ ကိုယ်ဝန်ကိုဖျက် သန္ဓေသားရဲ့ အသက်ကို သတ်ပစ်လိုက်တယ်။ ဗိုက်ထဲက ကလေးသေမှ နားအေးမှာ။ ဒီကောင်မ ဦးစားပေးရာကနေ ငါ့ဦးစားပေးလာနိုးနဲ့ ဒီလိုမျှော်ကိုးပြီး မစဉ်းစား မဆင်ခြင်ဘဲ လုပ်ခဲ့သကိုး။

ဒါပေမယ့် ဗိုက်ထဲက သန္ဓေသားသာ သေသွား

www.dhammaransi.com



တာ၊ မိခင်က မသေတော့ သိပ်မကြာပါဘူး။ ကလေးတစ်ယောက် သန္ဓေလွယ်ရပြန်ပါရော၊ ဒီတစ်ခါ ပိုပြီးဖူးဖူးမှုတ်၊ ပိုပြီး ဂရုစိုက်ကြတာပေါ့။ အကြီးမမှာလည်းပိုပြီးမနာလိုဖြစ် ရန်မီးတွေပိုပွား၊ ပိုပြီးတော့ လှည့်ဖျားလာရတာပေါ့။ ဒီတစ်ခါလည်း အငယ်မကို ချော့မော့ပြီးကိုယ်ဝန်စမ်းသပ် ပေးမယ်ဆိုပြီး သန္ဓေသားကို ဖျက်လိုက်ပြန်ရော။

ဒါပေမယ့် မိခင်က မသေတော့ နောက်တစ်ခါသန္ဓေတည်လာပြန်တယ်။ ဒီတစ်ခါကတော့ အငယ်မဟာ သူ့မှာ ကိုယ်ဝန်ရကြောင်း ထုတ်ဖော်ကြေညာခြင်းမပြု တော့ဘူး။ ဒီလိုနဲ့ အချိန်တန်လာတော့ဖြင့်ကိုယ်ဝန်က ရင့်မာကြီးထွားလာရာက သားတစ်ယောက်ဖွားမြင်နိုင်ခဲ့ပြီလေ။ ဒီတစ်ခါတော့ အကြီးမဘယ်လိုမှ မနှောင့်ယှက် သာတော့ဘူး။ ကလေးရလာလို့တစ်အိမ်လုံး ပျော်နိုင်ပေမယ့် အကြီးမသာလျှင်ကြိတ်မနိုင်ခဲမရဖြစ်လို့ပေါ့။ မွေးလာတဲ့ ကလေးငယ်ကိုတစ်အိမ်လုံးနှင့်အတူ ချစ်ဟန်ဆောင် ခဲ့ရပေမယ့်သူ့ရင်ထဲက ရန်မီး အမုန်းမီးကတော့ တစ်နေ့တခြားကြီးမားလာပါတယ်။

တစ်နေ့ အငယ်မဟာ သူ့လင်နဲ့အတူ လယ်တော

www.dhammaransi.com



ကို လိုက်သွားတယ်။ ကလေးကိုတော့ အကြီးမဆီမှာ အပ်နှံခဲ့တယ်။ အကြီးမ ချောင်းခဲ့တဲ့ အခွင့်ကောင်းကြီး ရခဲ့ပြီလေ။ ဟန်ကျလိုက်ပုံများတော့ မြေးရှူးအမကြီး လည်း အိပ်ပျော်နေတဲ့အချိန်၊ ဒါကိုပဲ အချိန်ကောင်း အဖြစ် ရွေးချယ်ပြီး ကလေးငယ်ကို လည်ပင်းညှစ်ပြီး သတ်ပစ်လိုက်တော့တယ်။ အမကြီးနိုးလာတော့ ဖြစ်ကြောင်းကုန်စင် သိလိုက်ပြီ။ မကြာခင်မှာပဲ အငယ်မ တို့လင်မယား အလုပ်ကပြန်လာတော့ အမကြီးက ဆီးကြို တိုင်တန်းတော့တာပေါ့။

"မိုက်လိုက်တဲ့မိန်းမ"

သားလိမ္မာဟာ တစ်ခါမှ မထွက်ဘူးတဲ့ အမျက် ဒေါသ ထွက်လာပြီး အကြီးမကို ရိုက်တော့တယ်။ ဘယ်လောက်ထိ ရိုက်ပစ်သလဲဆိုတော့ အရိုက်ခံရတဲ့ ဒဏ်ရာဒဏ်ချက်ကြောင့်ပဲ အကြီးမ သေဆုံးရရှာတယ်။ အငယ်မလည်း သား၌ဖြစ်သော သောက၊ အကြီးမ၌ ဖြစ်သော အာဃာတတွေ ဖိစီးနှိပ်စက်ပြီး မကြာခင်မှာ စိတ်ဒဏ်ရာနဲ့ သေဆုံးသွားတယ်။ အငယ်မဟာ သေခါနီးဆဲဆဲမှာ ဒီလို ကျိန်စာပြုသွားသေးတယ်။

"နောင်ဖြစ်လေရာ ဘဝတိုင်း အကြီးမ မွေးသမျှ ကလေး သတ်ဖြတ်နိုင်ရသည့်ကိုယ် ဖြစ်ရပါလို၏"တဲ့။

www.dhammaransi.com



အငယ်မရဲ့ စိတ်ဒဏ်ရာက အဲသလောက်ထိ ပြင်းတယ် နော်။

ရုပ်ဒဏ်ရာနဲ့ သေသွားတဲ့ အကြီးမကတော့ နောင်ဘဝမှာ ကြက်မကြီး ဖြစ်လာပါလေရော။ ဟော... အငယ်မ ကတော့ ကြောင်မကြီးရယ်လို့ ဖြစ်လာရပြီ။ ဘတစ်ပြန် ကျားတစ်ပြန် သံသရာဇာတ်လမ်းက ဒီလို အခန်းဆက်လာပါတယ်။

ကြက်မနဲ့ ကြောင်မ... ။

တစ်အိမ်တည်းမှာ အတူလာဖြစ်ကြတာ။ ကြက်မဆိုတော့ အချိန်တန်တော့ ကြက်ဥ ဥရတာပေါ့။ ကြောင်မလည်း ကြက်မဥသမျှ တစ်နေ့တစ်ဥကျ စားပစ်တယ်။ ဥတိုင်း ဥတိုင်း အချိန်မဆိုင်းဘဲ တစ်နေ့တစ်ဥကျ ကြောင်မက ဖောက်သောက်ပစ်တယ်။ ကြက်မကြီး မဥနိုင်တော့တဲ့အဆုံး ကြက်မကြီးကိုပါ အဆုံးစီရင် သတ်ဖြတ် စားသောက်ပစ်လိုက်တယ်။ သံသရာက ပါလာတဲ့ အာဃာတရဲ့ရန်ငြိုးတန်ခိုး ဒီလို ပြခဲ့တယ်။

ကြက်မလည်း သေခါနီးမှာ ကြောင်ကို ရန်ငြိုးဖွဲ့သိုပြီး ဒီလို စိတ်ကြဲအဓိဋ္ဌာန်သွားသတဲ့။

"နောင်ဘဝ ဒီကြောင်မ မွေးလေတိုင်း မဆိုင်းမတွယူငင်စားသုံးရပါလို၏"

အောင်ဇော်စာပေ

www.dhammaransi.com



နှောင်ဘဝကျတော့ ကြက်မက သစ်၊ ကြောင်မက သမင်။ တောကြီးတစ်ခုမှာ အတူဖြစ်ခွင့် ရကြပြန်တယ်။ ဒီလိုနဲ့ သမင်မ သားမွေးတော့ သမင်လေးကို သစ်မက ယူငင် ကိုက်စားပစ်တယ်။ တစ်ကြိမ်တစ်ကောင်မဟုတ်၊ အကြိမ်ကြိမ် အကောင်ကောင်၊ နောက်ဆုံး သမင်မကိုပါ သစ်မက ကိုက်စားသတ်ဖြတ်ပစ်တဲ့အထိပါပဲ။

ဩော်... သူ့အပေါ်တင်နေတဲ့ ငါ့အကြွေး ကျေအေး သွားပြီရယ်လို့ နှလုံးသွင်းနိုင်ခြင်း မရှိတဲ့ တိရစ္ဆာန်အရိုင်းဘဝ ဆိုတော့ အာဃာတ ရန်ငြိုးနဲ့ပဲ သေသွားရတယ်။ သေခါနီး ဆဲဆဲမှာလည်း ဂလဲ့စား ချေလိုပါ၏ ဆိုတဲ့ အမုန်းစွဲနဲ့ပဲ သေသွားရတယ်။

ဒီလိုနဲ့ နှောင်ဘဝမှာ...

သမင်မက ဘီလူး၊ သစ်မက လူရယ်လို့ ဖြစ်လာရပြန်တယ်။ ဖြစ်ခွင့်ရတဲ့နေရာ ဌာနကတော့ သာဝတ္ထိ ရွှေပြည်၊ အဲဒီအချိန်မှာ လောကအလယ် ဘုရားဟူသည် ပွင့်ပေါ်လျက် ရှိပါပြီ။ ဘုရားရှင် ဇေတဝန်ရွှေကျောင်းမှာ သီတင်းသုံးတော်မူချိန် ဖြစ်ပါတယ်။

အဲဒီမှာ လူဖြစ်တဲ့ အပျိုမလေးလည်း အိမ်ထောင်ကျ၊ အိမ်ထောင်ကျပြီဆိုတော့ သားမွေးရပြီပေါ့။ ဘီလူးမကလည်း သားမွေးချိန်ကို စောင့်နေတာလေ။

www.dhammaransi.com



လင်နဲ့မယား အိပ်မောကျပြီဆိုတာနဲ့ ဘီလူးက သားကလေးကို အသာယူပြီး ဒလမန်းကြမ်း စားပစ်တယ်တဲ့။ ဒီလောက် ဒီတစ်ယောက်နဲ့ ပြီးသလား ဆိုတော့ မပြီးပါဘူး။ နောက်သားတစ်ယောက် မွေးတော့လည်း နောက်တစ်ကြိမ် ဘီလူးမကလာပြီး ခိုးယူစားသောက်ပစ်တာပါပဲ။ ဘီလူးကလည်း စားနိုင်ပါပေရဲ့၊ လူကလည်း မွေးနိုင်ပါပေရဲ့ ဆိုရမလောက် နောက်ထပ်သားတစ်ယောက် ဖွားမြောက်ဖို့ သန္ဓေတည်လာပြန်တယ်။ ဒီသန္ဓေသားကလေး ကတော့ သာသနာမှာ ထွန်းသစ်မယ့် ပါရမီရှင်အလောင်း အလျာကလေး... ။

ဒီတော့ မိဘတွေ နိုးကြားနေကြတယ်။ ဒီကလေး မွေးလာရင်တော့ မအိပ်တမ်း စောင့်ကြစို့၊ ဒီလို သတိဝီရိယရှိခဲ့ကြလို့ ဒီကလေးမွေးလာတဲ့အခါ ဘီလူးမ စားခွင့်မသာဘူး။ စားခွင့်မရလေ ဘီလူးမဟာ ဘီလူးကြိမ်း, ကြိမ်းပြီး မျက်ခြေ မပြတ် စောင့်ကြည့်လေပေါ့။

တစ်နေ့...

ကလေးကို တစ်လှည့်စီချီပြီး ခရီးသွားလာလိုက်ကြတာ နေကလည်းပူ၊ မောကလည်းမောနဲ့ဆိုတော့ ရေချိုးချင် စိတ်ဖြစ်လာတယ်... ။ အဆင်သင့်ဆိုသလိုပဲ ဇေတဝန် ကျောင်းတော်ကြီးရဲ့ ခြေတော်ရင်းမှာရှိတဲ့

www.dhammaransi.com



ရေကန်ကြီးနား ရောက်လာကြပါတယ်။ ကလေးကို ကန်ဘောင်ရိုး အရိပ်ထိုးနေတဲ့ သစ်ပင်ကြီးအောက် သိပ်ခဲ့ပြီး လင်မယားနှစ်ယောက် ရေချိုးနေစဉ်မှာပဲ နောက်ယောင်ခံလိုက်လာတဲ့ ဘီလူးမဟာ ရေကန်နား ရောက်လာပြီ။ ရေချိုးနေတဲ့မိခင် မြင်တာနဲ့ အလန့်တကြား ပြေးတက်ပြီး...

"ကယ်ကြပါ... ကယ်ကြပါ.... ကျုပ်ကလေး ဘီလူး စားပါတော့မယ်"

အော်လည်းအော်ရင်း ကလေးကိုလည်း ပြေးပွေ့ရင်း ခြေဦးတည့်ရာ ပြေးလိုက်တာ ဇေတဝန်ကျောင်းတော်ကြီးထဲ ရောက်သွားပါလေရော။ ဩော်... ရောက်မယ့်ရောက်တော့ ဘုရားရှင်ရဲ့ ခြေတော်ရင်းကို ရောက်ခဲ့တာပါလား။ မိခင်ဟာ သူ့ကလေးကို ဘုရားရှင်ရဲ့ ခြေတော်အစုံကြား ချထားလျက်က ဘုရားရှင်အား အပ်နှံလိုက်တော့တယ်။

အဲဒီအချိန်မှာ ဘီလူးမဟာ ကျောင်းပေါက်ဝမှာ ရပ်ကျန်နေခဲ့တယ်။

ဘုရားရှင်ဟာ ဘီလူးမကို ခေါ်တော်မူပြီး ရှေ့တော်မှောက် ရောက်တဲ့အခါ လူနှင့်ဘီလူး ညွှတ်နူးသွားစေတဲ့ တရားကို ဒီလို ဟောပါတယ်။

www.dhammaransi.com



ချစ်သမီးတို့...

ရန်လိုလျှင် ရန်ပိုလာတတ်လှချေသည်

ရန်မလိုလျှင်ကား ရှိပြီးရန်ပင် ပြေးသွားရ ချေ၏။

တရားတော်အဆုံးမှာ လှူမိခင်ဟာ သောတပန် တည်သွားပြီး ဘီလူးမကတော့ သီလစင်ကြယ်သူအဖြစ်သို့ ရောက်သွားတော့သတဲ့။ ဘီလူးမမှာ ရန်ငြိုးနဲ့ ဒေါသ အာဃာတတွေ မရှိတော့ပါဘူး။ သီလစင်သူ ဖြစ်သွား ခဲ့ပြီ။

ဘုရားရှင်ရဲ့ ရှေ့တော်မှောက်မှာ တစ်သံသရာလုံး ရန်မီးဟုန်းဟုန်းတောက်ခဲ့သူ နှစ်ဦးဟာ မိတ်ဆွေဘ၀ ကူးပြောင်းသွားကြလေပြီ။ လှူမိန်းမဟာ ဘီလူးမအတွက် ဘုံဗိမာန် နန်းပေးထားပြီး ဘီလူးမကို အစာရေစာ ပေးကျွေးထားသတဲ့။ ဘီလူးမလည်း သူ့ကျေးဇူးတုံ့ပြန် သောအားဖြင့် ဒီနှစ် မိုးကောင်းမည်၊ လယ်တို့ကို အမြင့် ပိုင်းမှာလုပ်ကြ၊ ဒီနှစ်တော့ ဖြင့် မိုးခေါင်မည် လယ်တို့ကို အနိမ့်ပိုင်းမှာလုပ်ကြ စသည် အခါပေး ညွှန်ပြတယ်လို့ ဆိုပါတယ်။ သူအခါပေးတိုင်းလည်း မှန်လှသမို့ လှူတို့မှာ လယ်ယာစီးပွား တိုးပွားလာခဲ့တယ် ဆိုပါတယ်။

ဒါ့ကြောင့် လှူတို့ကလည်း ဘီလူးမကျေးဇူး တုံ့ပြန်သောအားဖြင့် စပါးဦး၊ ဆန်ဦး၊ ထမင်းဦးတို့ဖြင့်

www.dhammaransi.com



တင်မြှောက်ကြတာပေါ့။ စပါးရိတ်သိမ်းပြီးချိန်ဟာ တပေါင်းလဖြစ်လေတော့ တပေါင်းလရောက်တိုင်း ဘီလူးမကို ရှေးဦးပသတဲ့ဓလေ့ ပေါ်ထွန်းလာပါတယ်။ ဒီနေ့ ပုန်းမကျီတင်တယ်၊ ပုန်းမကျီ သခင်မ တင်တယ် ဆိုတဲ့ အစဉ်အလာ ဓလေ့ထုံးတမ်း ဖြစ်ပေါ်လာတာ အခု ပြောခဲ့တဲ့ ဓမ္မဇာတ်ကြောင်းက စခဲ့တာပေါ့။ လက်ဦး တင်မြှောက်တာကို ပါဠိလို ပုဗ္ဗကရကာ၊ သက္ကဋလို ပုဗ္ဗကြီးလို့ ခေါ်ခဲ့ရာက ဒီနေ့ မြန်မာလိုတော့ 'ပုန်းမကျည်' လို့ ခေါ်နေကြတယ် ထင်ပါတယ်။

ဒီဇာတ်ကြောင်းရဲ့ ဆိုလိုရင်းကတော့

ခွင့်မလွှတ်နိုင်သမျှ ရန်မကင်း၊ ဒဏ်မကင်း၊

ခွင့်လွှတ်နိုင်မှ ရန်ကင်းဒဏ်ကင်း အန္တရာယ်ကင်း၊

ဒီလိုခွင့်လွှတ်နိုင်တဲ့ စွမ်းအားမျိုးဆိုတာလည်း ဘုရား တရား သံဃာ ရတနာမြတ်သုံးပါးမှတစ်ပါး အခြားဘယ်ကမှ မရနိုင်ပြီရယ်လို့ ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင်ဆရာတော် ဘုရားကြီးက ဟောကြားတော်မူခဲ့ကြောင်းပါဗျာ။

**အညွှန်း။** ။ *၉-၄-၉၇ နတ်တလှူတောရမှာ ဟောပါတယ်။*

www.dhammaransi.com



## အယုတ်တကာ့ အယုတ်ဆုံး

ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင် ဆရာတော်ဘုရားကြီး ဟာ ၁၃၆၁ ခု၊ သီတင်းကျွတ်လပြည့် (၂၄-အောက်တိုဘာ၊ ၁၉၉၉) မှာ တစ်ဝါတွင်းလုံး သီတင်းသုံးခဲ့တဲ့ 'မဇ္ဈိမဓမ္မ မောနိဂူကြီးကို စွန့်ခွာပြီး ပုံတောင်ပုံညာ တောတောင်များရဲ့ လူသွားလမ်းပင် မပေါက်ရောက်သော တစ်နေရာဆီ ဆက်လက်ကြွချီတော်မူ ပြန်ပါတယ်။ မဇ္ဈိမဓမ္မမောနိဂူကြီးကို မရောက်မီက ပုလဲမြို့နယ်၊ မင်းတိုင်ပင်နှင့် ကန့်ထောင့်ရွာအနီး ဝါးသုံးရုံသစ်တောစခန်းအနီးမှာ (၇၂)ရက် သီတင်းသုံးတော် မူခဲ့ပြန်ပါတယ်။ သုံးနှစ်လုံးလုံး သီတင်းသုံး သာသနာပြုတော်မူခဲ့ရာ နတ်တလူတောရက ထွက်ကြွတော်မူစဉ်ကပင်

www.dhammaransi.com



တချို့သော တပည့်ဒကာတွေက ဆရာတော်ဘုရားကြီး အတွက် ဆွမ်းကွမ်း သပ္ပါယ မျှတပါ့မလားရယ်လို့ ပူပန်ဖြစ်ခဲ့ကြပါသေးတယ်။ ဆရာတော်ဘုရားကြီး ကတော့ အေးမြတဲ့အပြုံးနဲ့...

"တို့ ဝေဘူဆရာတော်ဘုရားကြီး အမိန့်ရှိခဲ့သလို ပေါ့ကွယ်။ သစ်ပင်ရှိ ဆွမ်းရှိတာပဲ။ ဘာပူစရာရှိလို့လဲ" လို့ မိန့်ကြားတော်မူခဲ့ပါသေးတယ်။ တောရဆောက်တည် ခြင်းသာလျှင် ဆရာတော်ဘုရားကြီးရဲ့ ရဟန်းဘဝ အနှစ်သာရ မဟုတ်ပါလား။ ရဟန်းဖြစ်စကတည်းက တောထဲဝင်သွားလိုက်တာ နှစ်ပေါင်း(၂၀)ကျော်သည့် တိုင်အောင် ယနေ့အထိ တောထဲက မထွက်သော ကိုယ်တော်ကြီးပါပေ။ မြို့ပေါ်ဆိုတာ အလွန်အင်မတန် လမ်းသင့်မှ ဆွမ်းခံရုံ တရားဟောရုံအတွက်သာ ရက်ပိုင်း မျှ ကြွတော်မူလေ့ရှိပါတယ်။ ဒါလည်း တပည့် ဒကာတွေ ပင့်လျှောက်နိုင်လွန်းကြလို့သာ။ အခြေချရာ တောရများ သို့ လိုက်လံဖူးမြော်ကြပြီး ရေမီးအစုံ တိုက်ကျောင်းကြီး များမှသည် နောက်ဆုံးပေါ် မော်တော်ကားကြီးများအထိ လှူဒါန်းသမျှ အားလုံးတို့ကို လွတ်လွတ်စွန့်၍ လူသူအပူ ဝေးရာ တောတောင်၏ ဆိတ်ငြိမ်ရာဆီသို့သာ ကြွလှမ်း သီတင်းသုံးတော်မူလေ့ ရှိပါတယ်။

www.dhammaransi.com



အဲဒီမှာ တချို့သော တပည့်ဒကာတွေက ဆွမ်းကွမ်း ဘောဇဉ် စသည်အတွက် စိတ်ပူကြလေရာ ဆရာတော် ဘုရားကြီးက...

"အဲဒါ... သံဃာ့ဂုဏ် မယုံတတ်ကြသေးလို့ပါဗျာ" လို့ မှတ်ချက်ပေးတော်မူလေ့ ရှိပါတယ်။

"တို့... ဒကာ ဒကာမတွေကို အပြစ်မပြောလိုပါဘူး၊ ဘုရားခေတ်ကဗျာ... ဘုရားနဲ့ အနီးဆုံး အရှင်အာနန္ဒာကြီး တောင်မှ ဘုရားဂုဏ် အကုန်မသိတော့ ဘုရားဂုဏ် အကုန် မယုံတတ်ခဲ့ပါဘူးဗျ... အစချီပြီး

"ဟဲ့... နာဠာဂိရိဆင်ကြီးကို ဒေဝဒတ်တို့က အရက် ကိုးမောင်းတိုက်ပြီး ဘုရားရှင်ကို တိုက်ကြတုန်းကလေ... ညီတော် အာနန္ဒာက ဘုရားရှင်တော်ကို ဆင်နင်းမိမှာစိုးလို့တဲ့။ ဘုရားရှေ့က ဝင်ခံဖို့လုပ်ခဲ့သေးတာယ် ထင်ရဲ့ဗျ။ အဲဒါ ဘုရားဂုဏ် မယုံသေးလို့ပေါ့ဗျာ။ ဘုရားရှင်ရဲ့ ဘုန်းတော်အနန္တ ကံတော်အနန္တ၊ ဉာဏ်တော် အနန္တ၊ တန်ခိုးတော်အနန္တ ဆိုတာကို ညီတော် အာနန္ဒာ ရုတ်တရက် မေ့သွားလို့ ဘုရားရှေ့က ဝင်ခံမယ်လုပ်တာ၊ ဘုရားရှင်တော်ရဲ့ မေတ္တာတော်အနန္တကို သဘောပေါက်ရင် ဘုရားရှင်တော်ကို ဘယ်သူကမှ ဘယ်လိုနည်းနဲ့မှ အန္တရာယ်ပေးလို့ မရပါဘူးဗျာ"

အောင်ဇော်စာပေ

www.dhammaransi.com



ဘြော်... ဟုတ်ပေသားပဲ၊ ဘုရားနှင့်နီးသော်မှ ဘုရားဂုဏ် အကုန်မသိနိုင်။

သံဃာနှင့်နီးတော်မှ သံဃာ့ဂုဏ် အကုန်မသိနိုင်။ တပည့်အရင်းတွေသော်မှ ဆရာတော်ဘုရားကြီးရဲ့ ဂုဏ်ကျေးဇူးကို ပြည့်စုံကုန်စင်အောင် သဘောပေါက်နိုင်ခြင်း မရှိပါလေ။ ဆရာတော်ဘုရားကြီး၏ အရိယာဂုဏ်ရည်ကိုသော်မှ ကုန်စင်အောင် ကြည်ညိုဖို့ ခက်လှပါလျှင် ဘုရားရှင်တော်၏ ဂုဏ်တော်အပေါင်းတို့ကို အဘယ်မှာလျှင် ကုန်စင်အောင် ကြည်ညို နိုင်ကြပါမည်နည်း။

ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင် ဆရာတော်ဘုရားကြီးက "တို့အဘ ဘုရားကလေ... တို့အဘဘုရားက" စသည့်ဖြင့် ဗုဒ္ဓဘုရားရှင်အကြောင်းကို ကြည်ကြည်ညိုညို ရိုရိုသေသေကြီး ပြောဟောပြတော်မူလေ့ ရှိခဲ့ပါတယ်။

"အာဠာဝကလို အကြမ်းဆုံးကြီးကို အကြမ်းဆုံးသွားအောင် မေတ္တာနဲ့ ပညာနဲ့ ဆုံးမသလိုပဲ စိဋ္ဌမာနလို အယုတ်တကာ့ အယုတ်ဆုံးကိုလည်း အယုတ်ဆုံးအောင် သိစေတော်မူခဲ့တယ်" လို့ အစချီကာ စိဋ္ဌမာနဇာတ်ကြောင်းကို တိုတိုရှင်းရှင်း ဒီလို ပြောဟောတော်မူခဲ့ပါတယ်။

www.dhammaransi.com



စိဋ္ဌမာနဆိုတာ မိဘနှစ်ပါးက မွေးလာသူမျိုး မဟုတ်ဘူး။ ဝေဠုဝတီ ဝါးပင်ကရသလို စိဋ္ဌမာနကို မန်ကျည်းပင်က ရခဲ့တာ၊ မြင်သူတိုင်း အံ့ဩရတဲ့ အလှ ပိုင်ရှင်၊ နတ်မိမယ်လို့ ထင်မှားလောက်စရာ။ လှုကဘယ်လိုလှပေမယ့် စိတ်က တိတ္ထိတွေဘက်မှာ။ အဲဒီ တုန်းက တိတ္ထိဆိုတာ ဘုရားရှင်နဲ့ စင်ပြိုင်ဘုရားတွေ...။ ဘုရားနှင့် တိတ္ထိဆိုတာကတော့ နှိုင်းတောင်မှ မနှိုင်းအပ်ပါလေ။ အကျင့်သိက္ခာကွာသလောက် အသိပညာချင်း မိုးနဲ့မြေလောက် ကွာဝေးပါတယ်။ အကျင့်မူလ အမူကွဲပြားတော့ ဘယ်သူဘုရားလဲဆိုတာ တပည့်ဝေနေယျတွေက သိပါတယ်။

ဒီတော့ တိတ္ထိတွေမှာသာ တစ်နေ့တခြား အရှိန်အဝါ ပရိသတ်နည်းပါး၊ လာဘ်လာဘ ဆွံ့ရှားလာပါတော့တယ်။ ဗုဒ္ဓဘုရားရှင်မှာတော့ဖြင့် ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ တန်ခိုးတော်အနန္တ စတဲ့ အနန္တဂုဏ်တော်တွေ ပွင့်ပေါ်နေကာ ကြည်ညို အံ့ချီးလို့ မကုန်နိုင်ပါဘူး။ ဒီတော့ တိတ္ထိတွေဟာ သူတို့ကိုယ်သူတို့ စင်ပြိုင်ဘုရားလို့သာ အမည်ခံထားကြတယ်၊ ဘုရားနဲ့တူတဲ့ ပုဇော်ခြင်း လုံးလုံးမခံ ရလေတော့ တကယ့်ဘုရားစင်စစ် ဗုဒ္ဓဂေါတမကို အသရေဖျက်ဖို့ စည်းဝေး

www.dhammaransi.com



တိုင်ပင်ကြတော့တယ်။ (ဘုရားရှင်သော်မှ မနာလိုခံရ၊ အတိုက်အခိုက်မှ မလွတ်ကြောင်း သတိချပ်ရာသည်။)

ဒီတော့ အကောင်းဆုံးသိက္ခာ ချနည်းကတော့ မိန်းမနဲ့ မှားယွင်းဖောက်ပြန်... ။

ဂေါတမမြတ်စွာဘုရားကို ဒီလို လုပ်ကြံစွပ်စွဲ သိက္ခာချပစ်ရမယ်။ အကြံအစည်ကို အကောင်အထည် ဖော်ဖို့အတွက် စိဉ္စမာန မိန်းမလှလေးက တာဝန်ယူရ တယ်။ တိတ္ထိတွေဟာ ယုတ္တိတန်အောင် ကြံရဖန်ရ အကွက်ချစီမံရတယ်။ စိဉ္စမာနကို ဘုရားရှင် သီတင်း သုံးတော်မူရာ ဇေတဝန်ကျောင်းတော်ကြီးနဲ့ ရင်းနှီး လေဟာန် ကြံဆောင်ကြတယ်။ ညတိုင်း... ညတိုင်း လူခြေ တိတ်ဆိတ်ပြီဆိုရင် ဇေတဝန်ကျောင်းတော်အနီး စိဉ္စမာန တစ်ယောက်တည်း သွားအိပ်လေ့ရှိတယ်။

နံနက်လင်းလို့ လာလာသွားသွား လူကြားထဲ ရောက်ပြီဆိုရင်

"စိဉ္စမာန ဘယ်က လာသလဲ"

ဒီလိုမျိုး နှုတ်ဆက်လိုက်ပြီဆိုရင်လေ...

"ရှင်ကြီးဂေါတမနဲ့ အတူအိပ်ပြီး ပြန်လာတာ"

စိဉ္စမာန အဲဒီလို ပြုံးပြုံးလေး အဖြေပေးလေ့ ရှိတယ်။

www.dhammaransi.com



ဘုရားရှင်တော်ကို ဒီလိုနည်းနဲ့ ရှေးဦးစွာ သိက္ခာချတယ်။ သူ့ဆရာ တိတ္ထိတွေကလည်း စိဉ္စမာနနဲ့ ဘုရားရှင်ကို စွပ်စွဲသမုတ်ပြီး တီးတိုးဝါဒဖြန့်လျက် ရှိလေရဲ့။

ဒီလို သိက္ခာချ အပုပ်ချ သတင်းဟာ တစ်စတစ်စ ပြန့်ကားလာတယ်။ အယုံလွယ်သူတွေအဖို့ သို့လော... သို့လော စဉ်းစားစရာ ဖြစ်လာတယ်။ သံသယဝင်သူတွေ ဇေတဝန် ကျောင်းတော်ကြီးအရောက်သွား၊ ဘုရားရှင်ကို အကဲခတ်ပါမှ ပိုပြီးကြည်ညိုစရာ ဖူးတွေ့ကြရတယ်။ ဒီလိုနဲ့ တိတ္ထိတို့ဘက်မှ ပရိသတ်လူသူ ယုတ်လျော့ကျဲပါးလာရတယ်။ ဒါပေမယ့် သူတို့ရဲ့သိက္ခာချရေး စီမံကိန်းကြီးကို အလျှော့မပေးဘူး။ အထူးဂရုစိုက် စီမံလာလိုက်ကြတာ စိဉ္စမာန ကိုယ်ဝန် တစ်စတစ်စ ကြီးလာဟန်ကို သရုပ်ဖော်လာကြပါပကော။ ဒီလိုနဲ့ နေ့စေ့ လစေ့ ကိုယ်ဝန်သည် တစ်ယောက်ရဲ့ ကိုယ်လက် ဖောယောင်ပုံကအစ သဏ္ဌာန်လုပ် သရုပ်တူအောင် ဟန်ဆောင်ခဲ့တဲ့ စိဉ္စမာနဟာ ကိုယ်ဝန်ဆောင်မိန်းမတို့ရဲ့ သွားပုံလာပုံက အစ အတုခိုးလို့ပေါ့။

ဗုဒ္ဓဘုရားကတော့ ညခုနစ်နာရီဆိုရင် ခုနစ်ရက်သားသမီးတွေကို တရားဟောနေကျ။

ခုနစ်ရက်သားသမီးဆိုရင် မင်းမျိုးမတ် ကုန်သည်

www.dhammaransi.com



ပွဲစား၊ သူဌေးသူကြွယ်၊ လက်လုပ်လက်စား ဆင်းရဲသား အားလုံးပါသွားပြီ။

ဘုရားရှင်တော်ရဲ့ တရားတော်များ နာကြားရတဲ့ ပရိသတ်လည်း ဓမ္မဓာတ်လွှမ်းခြုံ အေးမြနေဆဲ ပေါက်ကွဲသံကြီးတစ်ခုက ရုန်းရုန်းရှရှ ပေါ်လာလေရဲ့။

"ရှင်ကတော့ ပရိသတ်တွေ ဝိုင်းအုံခစားလို့ ဘုရားဆိုပြီး ပျော်နေလိုက်တာ.... ၊

ဒီမှာတော့ ရှင့်ဗိုက်ကြီး လွယ်သာထားရ၊ စားရမဲ့ သောက်ရမဲ့ ဘဝနဲ့.... ၊

ဒီပရိသတ်ကြီး ပေးလှူသမျှ ငွေ ဝတ္ထု ပစ္စည်းတွေဟာ ကလေးစရိတ် ဖြစ်သင့်တာပေါ့... ၊

ရှင်... တာဝန်ကျေသင့်တာပေါ့"

အသံလာရာ ကြည့်လိုက်တော့ စိဉ္စမာန ဖြစ်နေလေတော့တယ်။

ဟယ်... သူ့ရုပ်ကလေး သနားကမားနဲ့ ဘုရားရှင်တော်နဲ့မှ စွပ်စွဲရက်ပလေတယ်။

ဝေဖန်သံုးသပ်သံတွေ ပေါ်လာခဲ့ပြီ။ အဲဒီမှာ အလွန်အင်မတန် အေးဆေးပြီး အလွန်အင်မတန် သြဇာကြီးမား စည်းလုံးအားကောင်းတဲ့ အသံတော် ဗုဒ္ဓဘုရားရှင်ထံတော်က ပေါ်လာတယ်။

www.dhammaransi.com



"စိဥ္စမာန... သည်ကိစ္စ သင်နှင့်ငါသာ သိကြသည်"

ဘုရားရှင်တော်ရဲ့ အဖြေက ရှင်းလှပါတယ်။ စိဥ္စမာန စွပ်စွဲသလို မဟုတ်ဘူးဆိုတာ သင်နှင့်ငါသာ သိကြသည်တဲ့။ စိဥ္စမာနကတော့ ပရိသတ် ယုန်ထင် ကြောင်ထင် ဖြစ်အောင်

"နှစ်ယောက်ထဲသိလို့ သည်အခြေဆိုက် လာတာပေါ့"လို့ ဘုရားစကား ကိုးကားပြီး အကွက်ဆင်လေတော့တယ်။

တရားနာ ပရိသတ်ကြီးကတော့ အလွန်စိတ်ဝင်စားစွာ စောင့်ကြည့်နေနေကြပေပြီ။ စိဥ္စမာနရဲ့ ယုတ်မာတဲ့စိတ် မကျေ ချမ်းစိတ်တွေ ဘုရားရှင်ထံ ပို့လွှတ်ထားစဉ် ဘုရားရှင်တော်ကတော့ မေတ္တာသမာပတ် ဝင်စားတော်မူလျက်သာ ရှိပါတယ်။ ကရုဏာ သမာပတ် ဝင်စားတော်မူလျက်သာ ရှိပါတယ်။ မေတ္တာ ကရုဏာဖြင့် ဘုရားရှင်တော်က ငြိမ်သက်စွာ သီတင်းသုံးတော်မူလျက် ရှိပါတယ်။

ဒီလို မဟုတ်တန်းတရား ပြသနာကြား နတ်သိကြားတို့ မနေသာပြီ။

သရုပ်နှင့်အဟုတ်၊ အရုပ်နှင့်အရှင်း၊ အတုအစစ်

www.dhammaransi.com



ခွဲခြား ပေးခြင်းကား သိကြားမှတပါး အခြားမတတ်နိုင်ပြီ။

သိကြားမင်းရဲ့ စွမ်းအားကြောင့် စိဉ္စမာနရဲ့ ဝမ်းဗိုက်ပေါ်က ပျဉ်ချပ်တွေ အလွှားလိုက် ကွာကျရပေပြီ။

"ကြည့်စမ်း... ယုတ်မာလိုက်တဲ့ စိဉ္စမာန... ဘုရားနဲ့ ရတဲ့ဗိုက်လို့ အရှက်ခွဲ စွပ်စွဲတယ်။ ခုကြည့်စမ်း... ပျဉ်ချပ်တွေ ထွက်ကျလာပြီ။

ပရိသတ် အမြင်ရှင်းခဲ့ပေပြီ။

စိဉ္စမာနဟာ ဂေါတမမြတ်စွာဘုရားကို အရှက်ခွဲဖို့လာ ခဲ့တယ်။ နောက်ဆုံးတော့ သူကိုယ်တိုင် အရှက်ကွဲပြီး ထွက်ပြေးရတယ်။ ဘုရားရှင်က ခွင့်လွှတ်ပါသော်လည်း မြေက ခွင့်မလွှတ်၊ ဇေတဝန်ကျောင်းဝမှာပင် စိဉ္စမာန အရှင်လတ်လတ် မြေမြိုခံရတော့တယ်။

ဒီဇာတ်ကြောင်းမှာလည်း...

ဗုဒ္ဓဘုရားရှင်ဟာ စိဉ္စမာန ယုတ်မာသမျှကို အယုတ်သုံးပြီးတော့ မဆုံးမ၊ စိဉ္စမာနရဲ့ ယုတ်မာမှုတွေကိုသာ မေတ္တာ ကရုဏာတော်အားဖြင့် အဆုံးသတ်ပေးတော်မူခဲ့တယ်။

ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင် ဆရာတော်ဘုရားကြီး၏ 'စိဉ္စမာန အောင်ခြင်း' တရားကို နာကြားပြီးသောအခါ ဘုရား ရဟန္တာ စသော အရိယာ

www.dhammaransi.com



အရှင်မြတ်ကြီး၏ မေတ္တာ၊ ကရုဏာတော်ကို ပို၍ ယုံကြည်အားထား လာမိပါတော့တယ်။ တောထဲ တောင်ထဲ ဆွမ်းကွမ်းသပ်ပွါယ မျှတပါ့မလားဆိုတဲ့ အရိယာဂုဏ်အပေါ် မယုံသင်္ကာစိတ်မျိုးလည်း ပျောက်လွင့်သွားခဲ့ပေပြီ။ ကိလေသာအပေါင်းမှ ကင်းဝေး ကြောင်းသည်ပင်လျှင် အေးငြိမ်းခြင်း၏ ပြည့်စုံခြင်း၏ အကြောင်းရင်းခံ အမှန်တရားဖြစ်သည် မဟုတ်ပါလား။

**အညွှန်း။** ။ *၂၅-၆-၉၉ ပုလဲမြို့နယ်၊ ဝါးသုံးရုံသစ်တော စခန်း ဩဝါဒများမှ*

www.dhammaransi.com



# ခံနိုင်မှတည်... ခန္တီ

ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင် ဆရာတော်ဘုရားကြီးက လောကနဲ့ဓမ္မကို ပေါင်းစပ်ပြီး ဘဝနေနည်းတွေ သင်ကြားပေးခဲ့တာ အများကြီးပါ။ လောကမှာ အကောင်းဆုံး အမြတ်ဆုံးဆိုတဲ့ သာသနာပြုအလုပ်တွေ လုပ်တဲ့နေရာမှာတောင် အတိုက်အခိုက်နဲ့ မကင်း၊ အပုပ်ချခြင်း၊ စွပ်စွဲခြင်းဆိုတဲ့ မလိုလားအပ်တဲ့ ပြဿနာတွေလည်း တစ်ထောင့်တစ်ကွေးက ပေါ်လာတတ်စမြဲ၊ ကောင်းတာ လုပ်တိုင်း၊ အကောင်းပြောခံရလိမ့်မယ် မမျှော်လင့်ပါနဲ့၊ လောကဓံဆိုတာကိုက အကောင်းနဲ့ အဆိုး ဒွန်တွဲပြီးသား၊ လူတစ်ယောက် တရားရတယ် မရဘူးဆိုတာ လောကဓံကို ဘယ်လောက်ခံနိုင်ရည် ရှိသလဲဆိုတာနဲ့ ပဲ တိုင်းတာရတယ်တဲ့။

ဘုရား ရဟန္တာတို့သော်မှ လောကဓံနှင့်မကင်း၊

ဘုန်းတော်အနန္တ၊ ဂုဏ်တော်အနန္တ၊ ဉာဏ်တော်

www.dhammaransi.com



အနန္တ၊ တန်ခိုးတော်အနန္တ ကြီးမားတော်မူလှပါသော မြတ်စွာဘုရား ရှင်တော်မှ လောကစံနှင့် မကင်းခဲ့ပါချေ။ လူနတ်ဗြဟ္မာ အပေါင်းတို့က ဘယ်လိုပင် အံ့ချီးမကုန် ရှိခဲ့ပါသော်လည်း စိဥ္စမာနနှင့် သုန္ဒရီတို့ ကဲ့သို့သော တိတ္ထိဂိုဏ်းဝင်များက အပုပ်ချ စွပ်စွဲခဲ့သည် မဟုတ်ပါလား။ ဘုရားရှင်တော်ကား တုန်လှုပ်ချောက်ချားခြင်း အလျဉ်းမရှိ၊ ထွန်းညှိမြဲ မေတ္တာ အလင်းရောင်ဖြင့်သာ တိတ္ထိတို့ရဲ့ အမှောင်ကို ဖြိုခွင်းရခဲ့ပါတယ်။

တိတ္ထိတို့ကား ပုထုဇဉ်များပီပီ လောကစံ၌ ခံနိုင်ရည်မရှိ။ ဘုရားရှင်နှင့် တပည့်သား သံဃာတော်တို့၌ လှူဖွယ် ဝတ္ထုအစုစုတို့ဖြင့် တောင်ပုံယာပုံ သုံးမကုန် ဖြစ်နေသလောက် တိတ္ထိတို့မှာကား အစစအရာရာ ဆွံ့ပါးခဲ့လေရာ လာဘ်ပေါခြင်း၊ လာဘ်နည်းခြင်းဆိုတဲ့ လောကစံမှာ အကြီးအကျယ် တုန်လှုပ်ခဲ့ကြပါတယ်။ ဘုရား ရဟန္တာ သံဃာတော်အရှင် မြတ်တို့၌ ဘုရင်၊ စစ်သူကြီး၊ မှူးမတ်၊ သူကြွယ်၊ ကုန်သည်၊ လယ်လုပ် စသည် လူပရိသတ်အပြင် နတ်ဗြဟ္မာတို့ဖြင့် အုတ်အုတ်ကျက်ကျက် တခဲနက် စည်ပင်နေသလောက် တိတ္ထိတို့မှာကား မိမိနှင့် မိမိအရိပ်မှတစ်ပါး ခွေးတစ်ကောင် ကြောင်တစ်မြီးမှ အခြံအရံမရှိ၊ အကျော်အစောနတ္ထိ။ ဒီမှာ

www.dhammaransi.com



အခြွေအရံ များခြင်းနည်းခြင်းဆိုတဲ့ လောကဓံအပေါ်မှာ ဆောက်တည်ရာ မရအောင် တုန်လှုပ်ခဲ့ကြပြန်ပါရော။ ဒီလိုနဲ့ မကြဲကောင်း မစည်ရာ သုန္ဒရီပရိဗိုဇ်မရဲ့ အမိုက်ဇာတ်ကြောင်း ပေါ်ပေါက်ခဲ့ရတာပါပဲ။

သုန္ဒရီဆိုတာ လှပတင့်တယ်ခြင်းဆိုတဲ့ အဓိပ္ပါယ်။ နာမည်နဲ့လိုက်အောင် ချောမောတင့်တယ် ငယ်ရွယ်ပျိုမျစ်၊ သူ့ ရုပ်အဆင်းက နှစ်လိုဖွယ်ဖြစ်ပေမယ့် အကျင့်က တာတေလန်။ တိတ္ထိတို့ရဲ့ အကြံအစည်ကို ပက်ပက်စက်စက် ရက်ရက်ရောရောကြီး အကောင်အထည်ဖော်ခဲ့သူ ဖြစ်တယ်။ သုန္ဒရီ ဟာလည်းပဲ စိတ္တမာနလိုပဲ ဇေတဝန်ကျောင်းတော်ကြီးကို သွားခဲ့တယ်။ ဘုရားရှင့် ရှေ့တော်မှောက် ရောက်ခဲ့တယ်။ သူ့ကိုယ်သူ အလှဆုံး အမွှေးဆုံး ပြင်ဆင်လိမ်းခြယ်ပြီး သွားခဲ့ရောက်ခဲ့တယ်။ လူတွေက သူ့ကို နှုတ်ဆက်မေးမြန်းပြီဆိုရင် "ငါ ဘုရားရှင်ဆီက ပြန်လာတာ၊ ငါ ဂန္ဓကုဋီတိုက်ကြီးထဲမှာ ဘုရားရှင်နဲ့အတူ နေခဲ့တယ်"လို့ ဖြေကြား ပြောဆိုလေ့ ရှိတယ်တဲ့။

အဲဒီက တစ်ဆင့်တက်ပြီး...

"ကျွန်တော်မျိုးမဟာ ရဟန်းဂေါတမကို ကာမဂုဏ်ဖြင့် အလုပ်အကျွေး ပြုခဲ့တယ်" စသည်ဖြင့်

www.dhammaransi.com



ယုတ်ယုတ်မာမာ လိမ်ညာပြောဆိုလာပါလေရော။

အဲဒီ ယုတ်မာမှုတွေရဲ့ဒဏ် သူ ပြန်ခံရတော့မယ် ဆိုတာကိုတော့ဖြင့် သုန္ဒရီ မသိရှာဘူးနော်။

သူ့ဆရာ တိတ္ထိကြီးတွေ့က အရက်သမားတွေကို ပိုက်ဆံပေးပြီး သုန္ဒရီကို သတ်ခိုင်းလိုက်ပါပကော။

အရက်သမားတွေလည်း မူးမူးမိုက်မိုက်နဲ့ သုန္ဒရီကို ချောင်းမြောင်းရိုက်သတ်ပြီး တိတ္ထိတို့ မှာတဲ့အတိုင်း ဂန္ဓကုဋီ တိုက်ရဲ့ အနီးအပါးမှာပဲ အလောင်းကောင်ကို ပစ်ထားလိုက်ကြတယ်။ ပန်းဟောင်းအမှိုက်တွေ စွန့်ပစ်ရာ မြောင်းကြီးထဲမှာ သုန္ဒရီရဲ့အလောင်းကို စွန့်ပစ်လိုက်ပါတယ်။ ဒီလိုနဲ့ တိတ္ထိကြီးတွေရဲ့ ကလိမ်စေ့ငြမ်းဆင်မှုကြောင့် 'သုန္ဒရီ သတ်မှုကြီး' ပေါ်လာပါလေရော။

ပထမတော့ တိတ္ထိတွေဟာ သုန္ဒရီကို ရှာမတွေ့ဘူး ဆိုတဲ့ 'လူပျောက်မှု' နဲ့ ကောလာဟလတွေ လုပ်ကြံဖန်တီး လွှင့်ထုတ်ကြပါတယ်။ သူတို့ရဲ့ လူသတ်မှုကို ဖုံးကွယ်ပြီး လူပျောက်မှုနဲ့ ဘုရင်ကောသလဆီ ရောက်သွားတဲ့အထိ ပုံကြီး ချဲ့ပစ်လိုက်ကြတယ်။ သူတို့ တပည့်မလေးအတွက် ဘုရင်ကြီးဆီမှာ အမှုဖွင့်တဲ့ သဘောပါပဲ။ ဒီတော့ ဘုရင်ကောသလက မေးတယ်။

www.dhammaransi.com



ဘယ်အရပ် ဘယ်အချိန်တွေမှာ သွားတတ် လာတတ်သလဲ၊ ဘယ်လိုနေရာမျိုးကို သံသယရှိသလဲတဲ့။ တိတ္ထိတို့ရဲ့ အဖြေကတော့ ရှင်းပါတယ်။

"သုန္ဒရီဟာ ရဟန်းဂေါတမဆီ သွားနေတာပဲ၊ တစ်ခန်းထဲလည်း အတူနေတယ်၊ ကာမနဲ့လည်း လုပ်ကျွေးတယ် ဆိုတော့ အဲဒီ ဂန္ဓကုဋိတိုက် အနားမှာပဲ ရှိမှာပါ"တဲ့။

ဒီလိုနဲ့ သူတို့ဝှက်ထားခိုင်းတဲ့နေရာကပဲ သုန္ဒရီရဲ့ အလောင်းကို အလွယ်တကူ ဖော်ပေးလိုက်တယ်။ ပြီးတော့ သုန္ဒရီရဲ့အလောင်းကို မြို့ထဲသွင်း၊ ကျကျနန ပြင်ဆင်ပြီး လူတွေ မြင်သာအောင် ပြသထားတယ်။ ပြီးတော့ ဒီလို အပုပ်ချ ကဲ့ရဲ့ကြတာပေါ့။

"ကြည့်စမ်း... ကြည့်စမ်း... ရဟန်းဂေါတမရဲ့ တပည့်တွေက သူတို့ဆရာရဲ့ မကောင်းမှုကို ဒီလို ဖုံးကွယ်ခဲ့ကြပါရောလား။ သုန္ဒရီကို သတ်ပြီး အမှိုက်ပုံကြားစွန့်ထားခဲ့ကြပါရောလား"

ဘုရင့်နား ပေါက်ကြား ယုံမှားသွားလောက်တဲ့အထိ သွားပုပ်လေလွင့် ပြောဆိုကြတာပေါ့။

ကောသလမင်းကြီးဟာ ဘုရင်ဆိုပေမယ့် စူးစမ်းဆင်ခြင်စိတ် အားနည်းတော့ တိတ္ထိတို့ပြောသမျှ အဟုတ်

www.dhammaransi.com



မှတ်ပြီး မီးလောင်ရာ လေပင့်တော့တယ်။

"ဒီလိုဆိုရင် တစ်မြို့လုံးအနှံ့ကြားအောင် လှည့်လည် ကြေညာကြကုန်လော့တဲ့။ အမိန့်ထုတ်ပြန် လိုက်တယ်။ တိတ္ထိတို့ရဲ့ မကြံကောင်း မစည်ရာ ပြစ်မှုကြီး အကောင်အထည် ပေါ်လာခဲ့ပါပြီ။ ဘုရင့်အာဏာပါ သူတို့ဘက်က ပါလာပြီဆိုတော့ ရဲရဲတင်းတင်းကြီး မောင်း ကြေးနင်းခတ် ကြတာပေါ့။ တိတ္ထိကြီးတွေဟာ သုန္ဒရီရဲ့ အလောင်းကိုထမ်းပြီး လမ်းကြို လမ်းကြားကအစ မကျန်ရအောင် လှည့်လည်ပြီး...

"အို...အမျိုးကောင်းသားသမီးတို့ ရဟန်းဂေါတမ နှင့် တပည့် ရဟန်းများရဲ့ ရက်စက် ယုတ်မာမှုကို ကြည့်လှည့်ကြပါ၊ သူတော်ကောင်းယောင် ဆောင်ထားတဲ့ ရဟန်းဂေါတမနဲ့ သူ့တပည့်တွေမှာ ဘာအကျင့်မှမရှိ၊ ဘယ်လို သီလမျိုးကိုမှ မထိန်းသိမ်း၊ သုန္ဒရီရဲ့ အလောင်း က သက်သေခံနေပါပြီ" စသည်ဖြင့် ကြွေးကြော် ဝါဒဖြန့်ကြလေရဲ့။

သာဝတ္ထိပြည်သူပြည်သား တချို့လည်း သံယောင် လိုက်ပြီး...

"ရဟန်းတို့သည် သီလမရှိကြ၊ အရှက်မရှိကြ၊ ယုတ် မာကြကုန်၏" စသည်ဖြင့် ပွဲတင်သံပေးပြီး ရဟန်း

www.dhammaransi.com



တွေကို ဆဲဆိုကြ၊ ပြစ်တင် ကြိမ်းမောင်းကြသတဲ့ကွယ်။

ဘုရင်တောင်မှ ပညာမရှိတာ သာမန်ပြည်သူ လူထု ဆိုတာကတော့ ဘယ်မှာ ချင့်ချိန် မြော်မြင်နိုင်ကြပါတော့မလဲ။ ရဟန်းတွေအဖို့မှာကား ဆွမ်းခံကြွလာတိုင်း အဆဲအဆိုခံနေရပြီး နောက်ဆုံးတော့ ဖြစ်ကြောင်းကုန်စင်ကို ဘုရားရှင့် ထံတော်ပါး လျှောက်ထားကြပါတယ်။ အဲဒီမှာ ဘုရားရှင် ကိုယ်တော်မြတ်ကြီးက...

"ရဟန်းတို့ ဒီလို ကဲ့ရဲ့သံတွေ ဖြစ်ပေါ်နေတာ အကြာကြီး ဖြစ်နေမှာ မဟုတ်ဘူး၊ ခုနစ်ရက်တော့ ဖြစ်လိမ့်မယ်၊ ခုနစ်ရက် ကျော်သွားပြီဆိုရင်တော့ ဆဲသံဆိုသံ ကဲ့ရဲ့သံတွေ ပျောက်သွားပါလိမ့်မယ်၊ အဲဒီမှာ လူတွေကို ဒီလို ချေပ ဖြောင်းဖျ။

"မိမိကိုယ်တိုင် မမြင်မကြား မတွေ့မသိပါဘဲ လျက် မြင်တယ်၊ ကြားတယ်၊ တွေ့တယ်၊ သိတယ် စသည်ဖြင့် မဟုတ်မမှန် ပြောဆိုလေ့ရှိသူဟာ ငရဲကျခံရတတ်တယ်။

ကိုယ်တိုင်ကိုယ်ကျ မကောင်းမှုတွေ ကျူးလွန်ခဲ့ပြီးမှ 'မပြု'လို့ ငြင်းကွယ်ဖုံးကွယ်သူဟာလည်း ငရဲကျခံရတတ်တယ်။

www.dhammaransi.com



အဲဒီ ယုတ်မာတဲ့ လူနှစ်မျိုးလုံးဟာ ငရဲမှာ အတူ ခံကြရလိမ့်မယ်... ”

မြတ်စွာဘုရား သင်ကြားပေးတော်မူတဲ့အတိုင်း တပည့်သား သံဃာတွေက လူတွေကို အဲဒီလို ချေပ ပြောဆိုတဲ့အခါ လူတွေဟာ သံဝေဂရလာတယ်။ သူတို့ ရဲ့ သန္တာန်မှာ အမှန်ကို မြင်လာကြတယ်။ ဒီလိုနဲ့ ခုနစ်ရက်ကြာတော့ ဘယ်သူကမှ ဘုရားနှင့် ရဟန်းတွေ ကို မကဲ့ရဲ့ကြတော့ဘဲ ငြိမ်ဆိတ်သွားရတော့တယ်။

တစ်ဘက်မှာ ကောသလမင်းကြီးကလည်း အမှု မှန် ပေါ်ပေါက်ရေးအတွက် စုံစမ်းစစ်ဆေးမှုတွေ ပြုလုပ် နေရပြီ။ အဲဒီအချိန်မှာ သုန္ဒရီကို သတ်ပေးရတဲ့ အရက် သမားတွေလည်း 'သတ်ခ' ရလာတဲ့ ငွေတွေနဲ့ သောက် စား ပျော်ပါးပြီး သုန္ဒရီကို ဘယ်လိုသတ်ခဲ့ပါတယ်ဆိုတာ အရက်ဝိုင်းမှာ မြိန်ရေ ယှက်ရေ ပြောနေကြလေရဲ့။ ဒါကို ဘုရင့်မင်းချင်းတွေ စုံစမ်းရင်း ကြားသိသွားတော့ ချက်ချင်းဖမ်းပြီး ဘုရင် ကောသလဆီ အပ်နှံကြတယ်။ အရက်သမားတွေကလည်း သူတို့ သတ်တာ ဟုတ်မှန် ကြောင်း ဖြောင့်ချက်ပေးပြီး တိတ္ထိကြီးတွေ သတ်ခိုင်းလို့ သတ်ရပါကြောင်း ထွက်ဆိုကြတယ်။

အဲဒီမှာ တိတ္ထိကြီးတွေကို ဖမ်းပြီးစစ်တော့ သူတို့

www.dhammaransi.com



မနာလိုလို့ လုပ်မိပါကြောင်း တိတ္ထိတွေ ဝန်ခံကြပါတယ်။ ဒီမှာ ကောသလမင်းကြီး အမိန့်နဲ့ တိတ္ထိတွေဟာ လမ်းတကာ လှည့်လည်ပြီး...

"ရဟန်းကြီး ဂေါတမ၏ အကျိုးကျေးဇူး ဆုတ်ယုတ်အောင် ပြုမိပါကြောင်း၊ သုန္ဒရီကို သူတို့ သတ်ခိုင်းတာ ဖြစ်ပါကြောင်း၊ ဒါ့ကြောင့် ဘုရားမှာလည်း အပြစ်မရှိ၊ ရဟန်းများမှာလည်း အပြစ်မရှိကြောင်းနှင့် မိမိတို့ တိတ္ထိတွေမှာသာ အပြစ်ရှိကြောင်း" ဝန်ခံကြေညာကြရတော့တယ်။

ဘုရားရှင့် သာသနာတော်မှာ အဲဒီလို မကြုံစဖူး ထူးကဲတဲ့ ဖြစ်ရပ်တွေ ကြုံရလေ့ရှိပါတယ်။ အဲဒီမှာ ဘုရားရှင်က...

"သူတော်ကောင်းဟူသည်... လူမိုက်တို့၏ ပုတ်ခတ်စွပ်စွဲ ဆဲရေးခြင်းကိုမျှသာမက ကာယကံမြောက် လာရောက် သတ်ဖြတ်သော်မှ သည်းခံ ကြမည်" ဆိုတဲ့ ရဲရဲတောက် ဩဝါဒနဲ့ ရဟန်းတို့ကို ဆုံးမတော်မူပါတယ်။

"စစ်မြေပြင်ရောက် စစ်ဆင်ကြီးသည် ရန်သူတို့၏ မြား၊ လှံ၊ လေးမြားတို့ကို မထိတ်လန့် သကဲ့သို့ သူတော်ကောင်းတို့သည် သူယုတ်မာတို့၏ အပုပ်ချစွပ်စွဲ

www.dhammaransi.com



ခြင်းကို မထိတ်လန့်ရ” လို့လည်း ဥပမာအားဖြင့် ဩဝါဒ ပေးတော်မူပါတယ်။

ဘုရားရှင်နှင့် ရဟန်းတော်များရဲ့ သည်းခံနိုင်စွမ်းအား သူတော်ကောင်းတရားကြောင့် ဘုရင်နှင့် တိုင်းသူပြည်သားတို့ဟာ ယခင်ကထက်တောင် ပိုပြီး ကြည်ညိုလာကြပါသတဲ့။

ကျေးရှုးရှင် မဟာဗောဓိမြိုင် ဆရာတော် ဘုရားကြီးက...

“အဲဒီတော့ဗျာ... ပါရမီဆယ်ပါးမှာ ခန္တီပါရမီသည် အခက်ဆုံး ဖြစ်ပါတယ်။ ဒါနပါရမီ၊ သီလပါရမီ စသည်ဖြင့် ကိုယ်တိုင် လုပ်ယူကျင့်ယူလို့ ရပါတယ်။ ခန္တီပါရမီ ဆိုတာ သူများပေးမှ ရတာပါ။ ကြုံတောင့်ကြုံခဲ ဖြည့်ခွင့်ရတဲ့ ပါရမီကြီးလို့သာ သိမှတ်ပြီး ဘယ်သူ ဘာပြောပြော သည်းခံပြီးတော့သာ အပြောမှန်၊ အလုပ်မှန်၊ အကျင့်မှန်အောင် ကြိုးစားကြပါ” လို့ ညွှန်ပြတော်မူခဲ့ကြောင်းပါဗျာ။

**အညွှန်း။** ။ *၂၄-၄-၉၈ နတ်တလူတောရမှာ ဟောပါတယ်။*

www.dhammaransi.com



# စိတ္တသူကြွယ်လမ်းကြောင်း

ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင် ဆရာတော်ဘုရားကြီးက တရားဟော တရားပြတဲ့အခါမှာ ဘုရားရှင့်ရွှေလက်ထက်တော်က ဖြစ်ရပ်သာဓကတွေကို အလျဉ်းသင့်သလို ထည့်သွင်းဟောပြတော်မူလေ့ ရှိခဲ့ပါတယ်။ ရည်ရွယ်တော်မူကတော့ ဘုရားလက်ထက်တော်က ဘယ်လိုကြိုးစား အားထုတ် သွားကြတယ်ဆိုတာ အားကျစေချင်လွန်းလို့ပါ။ ပါးစပ်က သံသရာဝဋ်ဆင်းရဲအပေါင်းက လွတ်မြောက်ချင်ပါတယ် ဆိုပြီး တရားနဲ့အညီ မနေတတ်ဘူးဆိုပါရင် ဘဝတွေဟာ ပိုပြီးတော့တောင် ဖွတ်သထက်ညစ်သွားပါလိမ့်ဦးမယ်။ တရားနှင့်ညီသော ဘဝနေနည်းဆိုတာနဲ့ အခုပဲ တောထွက်

www.dhammaransi.com



ရမလို၊ ဘုန်းကြီးဝတ်၊ သီလရှင် ဝတ်ရတော့မလို တွေးထင်ကြသူတွေအတွက် ဆရာတော်ဘုရားကြီးက သာဝတ္ထိပြည်သူ ပြည်သားတွေရဲ့ ဘဝနေနည်းကို မကြာခဏ ဖော်ပြလမ်းညွှန်တော်မူခဲ့ လေ့ရှိပါတယ်။

ဗုဒ္ဓခေတ် သာဝတ္ထိရွှေပြည်ရဲ့ လူဦးရေ သုံးပုံနှစ်ပုံဟာ အရိယာသူတော်ကောင်း တွေချည်းပဲတဲ့လေ။ ဘယ်လောက်နေပျော်ဖို့ ကောင်းတဲ့လောကကြီးပါလဲ။ မတရားမှုတွေ တင်းကြမ်းပြည့်နေတဲ့ လောကကြီး မဟုတ်ဘူး။ တရား ဓမ္မ လွှမ်းခြုံထားတဲ့ ငြိမ်းချမ်းရေး အပြည့်အဝ ထွန်းကားတဲ့ သာဝတ္ထိခေတ် ကမ္ဘာကို လိုချင်တောင့်တမိတော့ရဲ့။ ဆိုကြပါစို့၊ သာဝတ္ထိ လူဦးရေ တစ်ကုဋေရှိတယ်ဆိုရင် လူဦးရေ ခုနစ်သန်းဟာ အရိယာသူတော်ကောင်း တွေချည်းပဲတဲ့လေ။ ခုနစ်နှစ်၊ တစ်ဆယ့်နှစ်နှစ်... စတဲ့အရွယ် ကလေးငယ်တွေ သော်မှ တရားတစ်ပုဒ် နာကြားပြီး သောတာပန် တည်သွားကြတာကိုး၊ ဗုဒ္ဓဝင်မှာထင်ရှားလှတဲ့ ဝိသာခါကျောင်းအမကြီး ဆိုရင် ခုနစ်နှစ်သမီးနဲ့ သောတာပန် တည်ခဲ့တာ၊ သီလရှင်ဝတ်တယ်၊ ဘိက္ခုနီဝတ်တယ် မကြားမိပါဘူး။ လင်ယူသားမွေး မြေးတွေ အများကြီးနဲ့ နေသွားတယ်ပဲ သိရပါတယ်။

www.dhammaransi.com



ဝိသာခါလို လင်ယူသားမွေးရင်း အိမ်အလုပ်လုပ်ရင်း သူတော်ကောင်း ဖြစ်သွားသူတွေ သာဝတ္ထိပြည်မှာ မရှားခဲ့ပါဘူး။ အဲဒါ ဘာ့ကြောင့်ပါလဲ။

"ဘာလုပ်လုပ်… ကိုယ်လုပ်တဲ့ အလုပ်ပေါ်မှာ ရှုမှတ် ဆင်ခြင် သတိတင်ထားလို့…၊ ကိုယ်လုပ်တဲ့ အလုပ်အကြောင်း ကောင်းကောင်း ကွဲကွဲပြားပြား သိနေလို့၊ သတိနဲ့ အသိမြဲနေ ရင် ကိလေသာ ဝင်မွှေတာ မခံရတော့ဘူး။ စိတ်ကလေး အေးအေးကြည်ကြည်နဲ့ သူတော်ကောင်း အလုပ်ပဲ လုပ်ကြတော့တယ်" လို့ ဆရာတော်ဘုရားကြီးက သုံးသပ်ညွှန်ပြတော် မူပါတယ်။

"ဘုရားလက်ထက်တော်က ဆုံးမကြပုံလေး ပြောရဦးမယ်ဗျာ။

ရဟန်းများ ဖြစ်ခဲ့ရင် အရှင်သာရိပုတ္တရာတို့၊ အရှင်မောဂ္ဂလာန် တို့လိုဖြစ်အောင် ကြိုးစားပါတဲ့၊ သမီးကလေးများ ဖြစ်ခဲ့ရင် နန္ဒမာလာတို့လို လူဝတ်ကြောင်နဲ့ အနာဂါမ်တည်အောင် ကြိုးစားပါလို့ တိုက်တွန်းပါသဗျာ။ သားယောကျ်ားလေးများ မွေးခဲ့ရင်လည်း မိဘတိုင်းက စိတ္တသူကြွယ်လို ဖြစ်စေချင်လိုက်ကြတာ၊ စိတ္တသူကြွယ် ဆိုတာလည်း လူဝတ်ကြောင်ဘဝနဲ့ အနာဂါမ် တည်သွားတဲ့ ပုဂ္ဂိုလ်ကျော်ကြီး…။ သူကတော့

www.dhammaransi.com


အနာဂါမ် တည်သွားတဲ့အထိ ဘုရားမဖူးဘူးသေးဘူး။ သံဃာတော်များက ဆုံးမလမ်းပြတဲ့ တရားနည်းလမ်း အတိုင်း အိမ်မှာနေရင်း လောကထဲ ကျင်လည်ရင်း ဒီသတိကလေး တစ်လုံးနဲ့ အားထုတ်သွားလိုက်တာ အနာဂါမ်တည် သွားတဲ့အထိပဲဗျ"။

ဆရာတော်ဘုရားကြီးက ဒီလိုညွှန်ပြတော်မူခဲ့ သဖြင့် စိတ္တသူကြွယ်နဲ့ စပ်လျဉ်းပြီး အလွန်အမင်း စိတ်ဝင်စားခြင်း ဖြစ်ရပါတယ်။

အမှန်စင်စစ်တော့ စိတ္တသူကြွယ်ရဲ့ စေတနာမျိုးစေ့ ဟာ ပဒုမုတ္တရ ဘုရားရှင့် ရွှေလက်ထက်တော်က စတင် ခဲ့ခြင်း ဖြစ်ပါတယ်။ အဲဒီတုန်းကတော့ စိတ္တသူကြွယ် လောင်းလျာဟာ သူကြွယ်လည်းမဟုတ်၊ သူဌေးလည်း မဟုတ်၊ သာမန် အညတ၊ ဘဝသိမ်ငယ်ရှာသူ...။ တစ်နေ့ ဘုရားရှင်ထံ ဆည်းကပ်သခိုက်မှာ အလွန် အားကျစရာ ကောင်းတဲ့ သူဌေးတစ်ဦးကို သူမြင်တွေ့ခဲ့ ရတယ်။ အဲဒီ သူဌေးဟာ သူဌေးမည်ကာ မတ္တမဟုတ်၊ ဓမ္မကထိက လည်း ဓမ္မကထိက။ ရုပ်ရည်ရူပကာကလည်း တင့်တယ် ခန့်ညားလိုက်ပါဘိ။ ပညာဉာဏ်အရာ ကြီးမား လိုက်ပုံကလည်း မပြောပါနဲ့တော့။ ကြည့်စမ်းပါဦးလေ ဘုရားရှင်ကိုသော်မှ ရင်းနှီးလှစွာ အမေးပုစ္ဆာ ပြဿနာ

www.dhammaransi.com



တွေ မေးလျှောက်လို့၊ ပရိသတ် ဗိုလ်ပါတွေကလည်း သူ့ကိုပဲ လေး လေးစားစား ကြည့်နေကြလို့၊ သူ့နောက်ပါ ပရိသတ် ခြွေရံသင်းပင်းကလည်း နည်းတာမှတ်လို့။ ဩော်.. လောကမှာ တောင့်တစရာပင် မရှိတော့လောက် အောင် အတိုင်းမသိသော ရွှေငွေဥစ္စာ လယ်ယာမိုးမြေ ဆင် မြင်း ကျွဲ နွား ကျေးကျွန်တို့နှင့် ပြည့်စုံပေသူတကား။

ဩော်... ဤသူဌေး၏ဘဝမျိုး ဤဘုရားရှင်၏ သာသနာဝယ် ရစရာလမ်း မမြင်တော့ပြီ။ နောင် ဘုရားရှင်၏ သာသနာတော်ဝယ် ဤသူဌေးကဲ့သို့ ဖြစ်ရပါစေသတည်း။

အဲဒီ ပြင်းပြထက်သန်တဲ့ စေတနာ ဆန္ဒအတွက် သူ့ရဲ့ အရင်းအနှီးကတော့ ကုသိုလ်ကောင်းမှုတွေ ပြုလုပ် ခြင်းပဲ။ အညတရ သူဆင်းရဲဆိုတော့ ထမင်းရေချောင်းစီး အလှူကြီး မပေးနိုင်ဘူး။ ဘုရားဒကာ၊ ကျောင်းဒကာ အမည်မခံနိုင်သေးဘူး။ ဒီတော့ သူများ ဆောက်လှူ ထားတဲ့ ကျောင်းထဲမှာ သန့်ရှင်းရေးလုပ်တယ်။ သံဃာ တွေခိုင်းတာ အကုန်လုပ်တယ်။ ပြီးတော့ တရားနာတယ်၊ သီလ ဆောက်တည်တယ်။ ဒီကုသိုလ် ကောင်းမှုတွေ အရင်းပြုပြီး သူဆုတောင်းတယ်။ ပုဒုမုတ္တရ ဘုရားရှင် ကိုယ်တော်တိုင်ကလည်း 'ပြည့်စေ'ဆိုတဲ့ ဗျာဒိတ်စကား

www.dhammaransi.com



ကြားတော်မူခဲ့တယ်။

ဒါနဲ့ သူဆင်းရဲဘဝက စုတေသေလွန်ပြီး ကာမသုဂတိခုနစ်ဘုံမှာ စုန်ချည်ဆန်ချည် ကျင်လည်ပြီး ကဿပ ဘုရားရှင့်လက်ထက်တော်မှာတော့ မုဆိုးဘဝ ဖြစ်ရရှာပြန်ပါရော။

တစ်နေ့ တောလည်ရင်း တောထဲမှာ ရဟန်းတစ်ပါး တရားအားထုတ်နေတာကို ဖူးမြင်ရတဲ့အခါ သူ့ရင်တွေ တလှပ်လှပ်တုန်အောင် သဒ္ဓါဇောအဟုန် ဖိတ်ကြွလာတယ်။ ဒါနဲ့သူဟာ သူ့လာရင်းကိစ္စဖြစ်တဲ့ တောကောင် သားကောင် မရှာတော့ဘဲ အိမ်ကို လှည့်ပြန်လာခဲ့တယ်။ ရည်ရွယ်ချက်ကတော့ တောထဲက ရဟန်းကို ဆွမ်းကပ်ချင်လို့... ။ ဒါနဲ့ မနေ့ကရခဲ့တဲ့ အသားတွေ ဟင်းချက်၊ ဆွမ်းကိုလည်း သီးသန့် ချက်နေစဉ်မှာပင် ရဟန်းနှစ်ပါး ဆွမ်းခံဝင်လာတယ်။ မုဆိုးဟာ မငြိုမငြင်ဘဲ လောင်းလှူလိုက်တယ်။ မုဆိုးရဲ့စိတ်မှာ တောတွင်းက အားထုတ်နေတဲ့ ရဟန်းနဲ့ ဆွမ်းခံကြွလာတဲ့ ရဟန်း အတူတူပဲလို့ မြင်နိုင်တဲ့သဒ္ဓါ ရှိနေပြီ။

ဆွမ်းခံ ရဟန်းတွေ ကြွသွားတော့မှ တောထဲက ရဟန်းအတွက် ဆွမ်းပြင်ပြီး ထွက်လာခဲ့တယ်။ လမ်းမှာ သူ တစ်ခါမှ မတွေ့ဘူးတဲ့ပန်းတွေ ထူးထူးဆန်းဆန်း

www.dhammaransi.com



ပွင့်လန်းနေတာ တွေ့လို့ ခူးလာခဲ့ပြန်တယ်။ ရည်ရွယ်ချက်ကတော့ အားထုတ်နေတဲ့ ရဟန်းအတွက် ကော်ဇော သဖွယ် ခင်းပေးပြီး လှူဒါန်းရရင် ကောင်းမှာပဲလို့ တွေးမိလို့ပဲ။ တောတွင်း ရောက်တော့ သူ စိတ်ကူးခဲ့တဲ့အတိုင်း ပန်းတွေခင်း နေရာထိုင်အဖြစ် ရဟန်းလှူ၊ ပြီးတော့ ဆွမ်းကပ်တယ်။ အဲဒီနောက်တော့ ပြွင်းပြွင်းပြပြ ထက်ထက်သန်သန်ကြီး ဆုတောင်းတော့တယ်။

"ဤဆွမ်း၊ ဤပန်းတို့ကို လှူရသော ကုသိုလ်ကောင်းမှုကြောင့် ဖြစ်လေရာ ဘဝတိုင်းတို့၌ အရေအတွက် ထောင်နှင့်ချီသော လက်ဆောင်ပဏ္ဏာတို့ကို ရပါစေသတည်း။ အဆန်းတကြယ်သော ပန်းမိုးတို့သည်လည်း ရွာပါစေသတည်း။

အရှင်မြတ်လည်း ဒကာမုဆိုးရဲ့ ငှဲညာထောက်ဆ၍ ငါးပါးသီလ ပေးတော်မူတယ်။ ပြီးတော့ ဒကာနဲ့ သင့်လျော်မယ့် တရားအားထုတ်နည်းကို ချီးမြှင့်တော်မူတယ်။ အဲဒီ အချိန်ကစပြီး မုဆိုးဟာ မုဆိုးမဟုတ်တော့ပါဘူး။ မုဆိုးအလုပ်ကို စွန့်လွှတ်ပြီး သမ္မာအာဇီဝနည်းအားဖြင့်သာ အသက်မွေးတော့တယ်။ သူတတ်နိုင်သမျှ ကုသိုလ်ကောင်းမှုတွေပြုပြီး သေလွန်တော့ တာဝတိံသာ နတ်ပြည် ရောက်တယ်။ သူ နတ်ပြည်ရောက်လျှင်

www.dhammaransi.com



ရောက်ချင်းပဲ နတ်ပန်းမိုးတွေ ရွာလိုက်တာ ဒူးဆစ်မြုပ်တဲ့ အထိပဲတဲ့... ။

နတ်ဘဝမှာလည်း တခြားနတ်သားတွေထက် ပိုပြီး အရောင်အဝါ အဆင်း ပိုပြီတောက်ပ၊ ပညာဉာဏ် လည်း ပိုကြီးသတဲ့။ ဒီလိုနဲ့ ဘုရားတစ်ဆူနှင့် တစ်ဆူကြား လူ့ပြည် နတ်ပြည်သာ အဖန်ဖန် အလီလီသာ ကျင်လည် ပြီး နေရတော့တယ်။ အပါယ်လေးဘုံဆိုတာ ဘာမှန်း တောင် မသိလိုက်ဘူးတဲ့။ ဒီလိုနဲ့ ဂေါတမဘုရား ပွင့်တော်မူချိန်မှာ ရာဇဂြိုဟ်ပြည်ထဲက မစ္ဆိကာသဏ္ဍာ ဆိုတဲ့မြို့မှာ သူဌေးမျိုး လာဖြစ်တယ်။ သူမွေးတာနဲ့ ပန်းမိုးတွေ ရွာလိုက်တာလည်း ဒူးဆစ်မြုပ်မျှ အတိပဲတဲ့။ အဲဒီလို ဘုန်းသမ္ဘာ ပါရမီပါလာတဲ့ ဒီကလေးကို မိဘတွေ က 'မောင်စိတ္တ' လို့ အမည်မှည့်ကြတယ်။ သူအရွယ် ရောက် အိမ်ထောင်ကျတဲ့ အချိန်မှာပဲ ဖခင် သူဌေးကြီး ကွယ်လွန်သွားတဲ့အတွက် ဖခင်ရဲ့ အရိုက်အရာကို ဆက်ခံကာ 'စိတ္တသူကြွယ်' ရယ်လို့ ဖြစ်လာခဲ့ပါတယ်။

အဲဒီအချိန်မှာ ဗုဒ္ဓဘုရားရှင် ပွင့်ထွန်းတော်မူ နေပါပြီ။

ဘုရားရှင်ရဲ့ ရှေးဦးသာဝကကြီး ဖြစ်တဲ့ ပဉ္စဝဂ္ဂီ ငါးပါးထဲမှာ အပါအဝင်ဖြစ်တဲ့ 'မဟာနာမ်' တော်ဟာ

www.dhammaransi.com



စိတ္တသူကြွယ် တို့ရဲ့မြို့ မစ္ဆိကာသဏ္ဍာကို ကြွလာချိန်မှာပဲ စိတ္တသူကြွယ့် မြင်လျှင်မြင်ချင်း ကြည်ညိုသဒ္ဓါ ပြင်းပြစွာ ဖူးမြော်ပါတယ်။ ဆွမ်းဆက်ကပ် လုပ်ကျွေးတာရား နာရုံ မျှနှင့် အားမရတော့ဘဲ သူ့ဥယျာဉ်ထဲမှာ ကျောင်းဆောက် လှူဒါန်းပါတယ်။ သူ့အိမ်မှာပဲ အမြဲဆွမ်းစားဖို့လည်း တောင်းပန် လျှောက်ထားပါတယ်။ မဟာနာမ် အရှင် မြတ်ကြီးလည်း ဆွမ်းစားပြီးသကာလ အနုမောဒနာတရား ချီးမြှင့်ချိန်မှာပဲ စိတ္တသူကြွယ် သောတာပန် တည်ပါ တယ်။

အဲဒီနောက်တော့ မဟာနာမ်တော်ကြီးလည်း အရပ်တစ်ပါးကို ကြွသွား၊ နောက်ထပ် အရှင်မြတ် တစ်ပါး ကြွလာ၊ စိတ္တသူကြွယ်ကလည်း အထူးတလည် ပြုစုလုပ်ကျွေး၊ ဓမ္မရေးရာ အမေးပုစ္ဆာတွေ မေးမြန်း လျှောက်တာနဲ့ တရားနဲ့ပဲ မွေ့လျော်နေပါတယ်။ အဲဒီ အရှင်မြတ်လည်း သိပ်မကြာလိုက်ပါဘူး။ အရပ်တစ်ပါး သို့ ကြွသွားပြန်ပါတယ်။ အဲဒီနောက်မှာတော့ သုဓမ္မ ဆိုတဲ့ ရဟန်းတစ်ပါး ကြွတော်မူလာပြန်တယ်။ သုဓမ္မ ထေရ် ကိုလည်း ဥယျာဉ်ထဲက ကျောင်းကို စိတ္တသူကြွယ် လှူပြန်ပါတယ်။

အဲဒီအချိန်မှာ ဘုရားရှင် ရာဇဂြိုဟ်မှာ သီတင်းသုံး

www.dhammaransi.com



တော်မူနေပြီ။

သုမ္မထေရ်က စိတ္တသူကြွယ်ရဲ့ ဥယျာဉ်မှာ… ၊ အဲဒီမှာ ဘုရားရှင်ရဲ့ အဂ္ဂသာဝက နှစ်ပါးဖြစ်တဲ့ အရှင်သာရိပုတ္တရာနဲ့ အရှင်မောဂ္ဂလာန်တို့ဟာ ရဟန်း တစ်ထောင် ခြံရံပြီးတော့ စိတ္တသူကြွယ်တို့ မြို့ကလေးကို ကြွလာတယ်။ စိတ္တသူကြွယ်လည်း ဝမ်းသာလိုက်တာ မပြောပါနဲ့တော့။ အထူးထူးသော ပူဇော်ဖွယ်တွေ ဆက်ကပ် လှူဒါန်းပြီး တရားတောင်း တော့တယ်။ သူ့ဘဝမှာ တရားကလွဲပြီး ဘာမှအလိုမရှိတော့ဘူး။ ဒီလိုနဲ့ အရှင်သာရိပုတ္တရာရဲ့ တရားနာပြီး စိတ္တသူကြွယ် ဟာ 'အနာဂါမ်' ဖြစ်လာရတော့တယ်။ ဝတ်ကြောင်ဘဝ သူဌေးသူကြွယ်ဘဝနဲ့ ရပ်ထဲရွာထဲမှာပဲ 'အနာဂါမ်' ဖြစ်သွားတာနော်။

စိတ္တသူကြွယ်ဟာ အဂ္ဂသာဝကကြီး နှစ်ပါးကို ကြည်ညိုလွန်းလို့ လှူဖွယ်ဝတ္ထု အစုစုတွေ ပူဇော်လို့ မဆုံးနိုင်တော့တဲ့အပြင် တစ်နေ့သုံးကြိမ်… သုံးကြိမ် ဆည်းကပ်တယ်တဲ့။ တစ်နေ့တော့ အရှင်မြတ်ကြီး နှစ်ပါးနဲ့ သံဃာတစ်ထောင်တို့ကို သူ့အိမ်မှာ ဆွမ်းကပ်ဖို့ ပင့်လျှောက်ပါတယ်။ သူ့ဥယျာဉ်မှာ သီတင်းသုံးနေတဲ့ သုမ္မထေရ်ကိုလည်းပင့်ပါတယ်။ ဒါပေမယ့် သုမ္မထေရ်

www.dhammaransi.com



ဟာ သူ့ကို နောက်မှပင့်ရကောင်းလားဆိုပြီး "ငါ... မကြွ" လို့ငြင်းတယ်။ သြော်... ရဟန်းဖြစ်သော်လည်း ပုထုဇဉ် ဘဝကို မကျော်လွှားနိုင်သေးတဲ့အတွက် အဂ္ဂသာဝက ကြီး နှစ်ပါးအပေါ်မှာ ဣဿာ၊ မစ္ဆရိယ သွားဖြစ်နေတယ် နော်။ ကြည့်စမ်း အရှင်သာရိပုတ္တရာတို့ အရှင်မောဂ္ဂလာန် တို့ကျတော့ တစ်နေ့သုံးကြိမ် ဆည်းကပ်ပြီး ငါ့ကျတော့ ဆယ်ရက်မှတစ်ကြိမ်၊ လခွဲမှ တစ်ကြိမ်လောက်သာ လာဆည်းကပ်တယ်။ အဂ္ဂသာဝကကြီး နှစ်ပါးတော့ဖြင့် ပူဇော်အထူးနဲ့ ပူဇော် လို့... ငါ့တော့ဖြင့်... ဆိုပြီး ငြင်း လိုက်ခြင်း ဖြစ်တယ်။ ကိုယ့် စိတ်ကို မဆုံးမနိုင်သေးရင် ဒီလိုပဲ ဖြစ်တတ်ပါတယ်။

စိတ္တသူကြွယ်ကတော့ အကြိမ်ကြိမ် တောင်းပန် ပင့် လျှောက်ပါတယ်။ သို့သော် သုဓမ္မမထေရ်ကြီး ကတော့ ဘူးဆို ဖရုံမသီးတော့ပြီ။ စိတ္တသူကြွယ်လည်း အဂ္ဂသာဝက အရှင်မြတ်ကြီးနှစ်ပါး အမှူးပြုတဲ့ သံဃာ တစ်ထောင်တို့ကိုသာ ပူဇော်သက္ကာ ပြုရှာတော့တယ်။ အဲဒီနေ့မှာတော့ ဆွမ်းစားကြွဖို့ ငြင်းလိုက်တဲ့ သုဓမ္မထေရ် ကြီးကြွလာပါတယ်။ သို့သော် သုဓမ္မထေရ်ကြီးရဲ့ ကြွလာခြင်းဟာ ဆွမ်းစားဖို့လည်း မဟုတ်ဘူး၊ အရှင် သာရိပုတ္တရာ... အရှင်မောဂ္ဂလာန်တို့ကို ဖူးဖို့လည်း

www.dhammaransi.com



မဟုတ်ပါဘူး။ အဲဒီ ကိုယ်တော်ကြီးတွေကို စိတ္တသူကြွယ် ဘာတွေများလှူပြသလဲဆိုတာ လာကြည့်တာ။ စိတ္တသူကြွယ်လည်း ဝမ်းသာအားရနဲ့ ကြိုဆိုပြီး နေရာပေးတယ်။ ဒါပေမယ့် သုဓမ္မထေရ်ကြီးကတော့ ခပ်ပြတ်ပြတ်ပဲ။

"ငါ... နေဖို့လာတာ မဟုတ်ဘူး။ ဘာတွေလှူသလဲ ဆိုတာ လာကြည့်တာ"

ဒီလို ပြတ်ပြတ်မိန့်ပြီး ပြောတဲ့အတိုင်းလည်း ခဲဖွယ်ဘောဇဉ်တွေကို လိုက်ကြည့်တယ်။ စုံတကာစေ့လှတဲ့ ခဲဖွယ်ဘောဇဉ်တွေကြည့်ပြီး သုဓမ္မထေရ်ကြီးနဲ့ မနာလိုဝန်တိုစိတ်တွေ ငယ်ထိပ်တက်လာတယ်။ စိတ္တသူကြွယ်ကိုလည်း ဒီလောက်များများကြီး လှူရကောင်းလားဆိုပြီး စိတ်တိုလာတယ်။ အင်း... ဒင်းကို လှူပုံအလယ် မှတ်လောက်အောင် ရှုတ်ချမှတော်မယ်လို့ သုဓမ္မထေရ် စိတ်ကူးရပြီ...

"ဒကာ လှူရန်တွေများသလောက် နှမ်းကြွပ်မုန့်တော့ဖြင့် မပါပါလား" လို့ မေးတယ်။

နှမ်းကြွပ်မုန့်ကို မေးရတဲ့အကြောင်းကတော့ စိတ္တသူကြွယ်တို့ မျိုးရိုးမှာ နှမ်းကြွပ်မုန့်လုပ်ရောင်းဖူးတဲ့ အစဉ်အလာရှိလို့ အရှက်ခွဲတဲ့သဘောနဲ့ မေးလိုက်ခြင်း

www.dhammaransi.com



ဖြစ်တယ်။ ဒီလိုမေးလိုက်တော့မှ စိတ္တသူကြွယ်ဟာ သုဓမ္မထေရ်ရဲ့ ရင်တွင်းစိတ်ကို မြင်တော့တယ်။ ဒါနဲ့ သူလည်းလွှတ်ခနဲ...

"အရှင်ဘုရား မြင်တတ်လှပါပေတယ်။ ခဏာ ကလေးနားပြီး အကုန်အစင်မြင်နိုင်တဲ့ ကျီးငှက်ကဲ့သို့ မြင်တတ်ပါပေတယ်"လို့ လျှောက်ထားလိုက်တယ်။

ဒီနေရာမှာ လူက ရဟန်းကို ပြန်ပြောတယ်လို့ မမြင်စေလိုပါ။

အနာဂါမ်က ပုထုဇဉ်ကို မှတ်ချက်ချတယ်လို့သာ မြင်စေလိုပါတယ်။

စိတ္တသူကြွယ်ရဲ့စကား ကြားရတဲ့ သုဓမ္မထေရ်ဟာ ဒေါသထွက်ပြီး ကျောင်းပြန်၊ ဒီသူကြွယ်လှူတဲ့ ကျောင်း မှာလည်းနေဖို့ အကြောင်းမရှိတော့ပြီ ဆိုပြီး ရာဇဂြိုဟ် ပြည်ထွက်လာခဲ့တယ်။ ရာဇဂြိုဟ်ရောက်တော့ ဘုရား ရှင်ထံတော်ပါး ခစားပြီး အလုံးစုံလျှောက်ထားတိုင်ကြား ပါတယ်။ အဲဒီမှာ ဘုရားရှင်ရဲ့ အဆုံးအဖြတ်ဟာ အလွန် မှတ်သားဖို့ ကောင်းပါတယ်။

"သင်သည် ဒါယကာတို့၏ သဒ္ဓါ၊ ပသန္န တို့ကို ဣာသာ မစ္ဆရိယဖြင့် ဖျက်ဆီးဘိ၏။

စိတ္တသူကြွယ်၌ အပြစ်မရှိ၊ သင့်မှာသာ အပြစ်

www.dhammaransi.com


ရှိချေသည်။ စိတ္တသူကြွယ်အားသွား၍ ကန်တော့ ချေ”

ဒီနေရာမှာ ရဟန်းက လူကို ကန်တော့တယ်လို့ မမှတ်ယူစေလို။ ပုထုဇဉ်က အနာဂါမ်ကို ကန်တော့တယ်လို့ ဒီလို မှတ်သားအပ်ပါတယ်။ ဒီလိုနဲ့ ဘုရားအာဏာတော်ဆိုတော့ သုဓမ္မာရဟန်း မလွန်ဆန်သာတော့ စိတ္တသူကြွယ် ကို ‘သည်းခံပါ’ ဆိုပြီး တောင်းပန်တယ်။ ဒီတော့ သူကြွယ်က ‘သည်းမခံနိုင်ပါ’ တဲ့ဗျ။ တစ်ကြိမ်မဟုတ်၊ သုံးကြိမ်တိုင်အောင် ရဟန်းရဲ့ တောင်းပန်မှုကို ငြင်းပယ်တယ်။ အနာဂါမ်ဆိုတော့ ပုထုဇဉ်ဘဝက ကျူတ်မယ့်အရေး မျှော်တွေးပြီး ဒီလို ပညာပေးနေတာပါ။

ဒါနဲ့ သုဓမ္မမထေရ်ဟာ ဘုရားထံပြန်လာ၊ သူကြွယ် သည်းမခံကြောင်း လျှောက်ထားပြန်တယ်။ ဘုရားက နောက်တစ်ကြိမ် ကန်တော့ချေဦးလို့ စေလွှတ်ပြန်တယ်။ ဒီနေရာမှာ ဒီလို သွားခိုင်းနေတာကိုက အကြောင်းရှိပါတယ်။ ရာဇဂြိုဟ် နဲ့ မစ္ဆိကာသဏ္ဍာ (စိတ္တသူကြွယ်တို့မြို့) ဆိုတာ အနီးကလေး မဟုတ်ဘူး။ ယူဇနာသုံးဆယ် (မိုင် ၂၄၀) လောက်ဝေးတယ်။ ခြေကျင်ခရီးနဲ့ ကြွမယ်ဆိုရင် တော်တော်ပင်ပင် ပန်းပန်း ကြွရလိမ့်မယ်။ ဒီလို ပင်ပန်းတော့မှ သုဓမ္မထေရ်ရဲ့

www.dhammaransi.com



ခက်ထန်တဲ့ မာန်တောင် ကျလိမ့်မယ်ဆိုတာ ဘုရားရှင် မြင်တော်မူတယ်။ ဒါ့ကြောင့် နောက်တစ်ကြိမ် ကန်တော့ ချေဦး ခိုင်းတာဖြစ်ပါတယ်။ စိတ္တသုကြွယ်ကလည်း သုဓမ္မထေရ်ရဲ့ ပုထုဇဉ်အဖြစ်မှ ကျွတ်မယ့်အရေးကို မျှော်တွေးပြီး ဒီတစ်ခါလည်း 'သည်း မခံနိုင်ပါ' လို့ လျှောက်တယ်။ ဒီမှာ သုဓမ္မထေရ်လည်း စိတ်ဓာတ် ကျကျနဲ့ နှမ်းနှမ်းလျလျနဲ့ ရာဇဂြိုဟ်ပြန်လာတယ်။ ဒီတော့မှ ဘုရားရှင်က...

ချစ်သား သုဓမ္မ

ရဟန်းတို့မည်သည်ကား... ငါ့ကျောင်း၊ငါ့နေရာ၊ ငါ့ဒကာ ဟူသော အစွဲဖြင့် မာနတရား၊ ဣဿာတရား တို့ကို မပွားစေအပ်၊ ထိုထိုသော အယုတ်တရား ပွားစေသူအား ဈာန်မဂ်ဖိုလ်၏ အန္တရာယ်ဖြစ်သော ကိလေသာ တို့သည် လွန်စွာ ပွားစည်းစေကုန်၏... လို့ ဟောတော်မူတယ်။

ဘုရားရှင်ရဲ့ ဩဝါဒ အဆုံးအမဥ္ဇ သုဓမ္မထေရ် ငါ အယုတ်တရားတို့ ပြယ်လွင့်ခဲ့ပေပြီ။ သုဓမ္မထေရ်ဟာ ဘုရားရှင်တော်ကို ကန်တော့ပြီး အဖော်ရဟန်းတစ်ပါး နဲ့အတူ စိတ္တသုကြွယ်တို့မြို့ကို ပြန်လာတယ်။ သူ့ရဲ့မာန၊ ဣဿာစတဲ့ အပြစ်တွေကို တောင်းပန်တယ်။ ဒီတစ်ခါ

www.dhammaransi.com



တော့ စိတ္တသူကြွယ်ဟာ အပြစ်တို့ကို သည်းခံရုံမျှမက ဥယျာဉ်ထဲက ကျောင်းကိုပင် ပြန်လှူပါတယ်။ သုဓမ္မထေရ်လည်း စိတ်ယုတ်စိတ်ညံ့တွေကို ဝိပဿနာတရားဖြင့် ရှုမှတ်ဖယ်ရှား အားထုတ်လိုက်တာ မကြာမြင့်မီမှာပဲ ပဋိသမ္ဘိဒါလေးပါးနဲ့တကွ အရဟတ္တဖိုလ်သို့ ရောက်တော်မူပါတယ်။

ဒကာရင်းဖြစ်တဲ့ စိတ္တသူကြွယ် ဘယ်လောက်ဝမ်းသာရှာမလဲ။

သူကိုယ်တိုင်က အနာဂါမ်၊ တရားတော်ကို အမှီပြုပြီး တော့သာ အနာဂါမ် ဖြစ်ခဲ့ရတာ၊ ဘုရားရှင်ကို ခုထိ မဖူးဘူးသေးဘူး။ ခုချိန်မှာတော့ အနန္တကျေးဇူးတော်ရှင်မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးကို ဖူးလိုစိတ်တွေ ပြင်းပြင်းပြပြ ဖြစ်ပေါ်လာတယ်။ ဘုရားဖူးသွားရာမှာလည်း စိတ္တသူကြွယ်ဟာ သူတစ်ကိုယ်တည်း မသွားလို၊ ဘုရားဖူးလိုက်ချင်တဲ့ ဘယ်သူမဆို လိုက်ပါခွင့်ရအောင် စရိတ်ခံ စီစဉ်ပေးတယ်။ ဘုရား ရဟန္တာနှင့် သံဃာအများသို့ လှူရန်အတွက်လည်း ဆီ၊ ဆန်၊ ပျားသကာတွေ လှည်းငါးရာနှင့်အပြည့် တင်လာတယ်။ လိုက်ပါလာတဲ့ ပရိသတ်ကြီးကလည်း သုံးထောင်လောက် ရှိသတဲ့။

www.dhammaransi.com



ရာဇဂြိုဟ်သွားလမ်းခရီးမှာ ရှိတဲ့ ရက္ခစိုး၊ ဘုမ္မစိုး နတ်တွေဟာ တစ်ယူဇနာလျှင် မဏ္ဍပ်ကြီးတစ်ဆောင် ထိုးပြီး ပူဇော်သက္ကာရ အထူးနဲ့ ကြိုဆိုကြပါတယ်။ ဒီလိုနဲ့ တစ်နေ့ တစ်ယူဇနာနှုန်းနဲ့ ခရီးဆက်လာလိုက်တာ တစ်လပြည့်တော့ ရာဇဂြိုဟ်ကိုရောက်၊ ရောက်မဆိုက် ဆိုသလိုပဲ ဘုရားရှင်ထံ အဖူးမြော်ဝင်စဉ်ခဏမှာပဲ ပန်းမိုး ဖြိုက်ဖြိုက်ရွာပါရောတဲ့။ စိတ္တသူကြွယ်ရဲ့ ဆန်းကြယ်ပုံ သတင်းစုံဟာ ရာဇဂြိုဟ်ပြည်လုံး ပျံ့နှံ့ထင်ရှားသွားတော့ တယ်။

စိတ္တသူကြွယ်တို့ဟာ ဘုရားရှင် ကျောင်းတော်နား မှာ ပဲနေပြီး ဘုရား၊ ရဟန္တာနှင့် သံဃာတော်အပေါင်းတို့ကို ဆွမ်း၊ ယာဂု၊ အဖျော်တို့ဖြင့် လုပ်ကျွေးလျက် ရှိပါတယ်။ နံနက် တစ်ကြိမ်၊ ညတစ်ကြိမ် တရားနာပြီးတော့လည်း တရားနဲ့ မွေ့လျော်နေလေ့ရှိတယ်။ ဒါ့ကြောင့် ရာဇဂြိုဟ် ပြည်သူ ပြည်သားတွေဟာ စိတ္တသူကြွယ်ကို စိတ်ဝင် စားပြီး လာကြည့်ကြတယ်။အထူးထူးသော လက်ဆောင် တွေလည်း ပေးသတဲ့။ စိတ္တသူကြွယ်ဟာ သူ့ပါလာသမျှ လှည်းငါးရာနဲ့အပြည့်မျှသော လှူဖွယ်တွေကို ဘုရားနှင့် သံဃာတွေလှူခဲ့ပြီး ပြန်လာတော့လည်း သူ့လှည်း အခွံတွေ ပေါ်မှာ နတ်တွေတင်ပေးလိုက်တဲ့ ရွှေငွေတွေ

www.dhammaransi.com



အပြည့်တဲ့လေ။ စိတ္တသူကြွယ်ရဲ့ သတင်းစကား ကြားရ သူတိုင်း မအံ့သြဘဲ မနေနိုင်ဘူး။ နောက်ဆုံး စိတ္တ သူကြွယ်ရဲ့ အံ့မခန်းသော အကျိုးထူးပေးပုံကို ဘုရားရှင် ထံ လျှောက်ထားရတဲ့အထိပဲ။

ရတနာသုံးပါး၌ အကြွင်းမဲ့ ယုံကြည်ခြင်း၊ အကျင့် သီလနှင့် ပြည့်စုံခြင်း ရှိသူကို နတ်လူတို့ ပူဇော်၏လို့ ဘုရား ရှင်တော်က မှတ်ချက်ပြု ကောင်းချီးပြုတယ်။

စိတ္တသူကြွယ်ကတော့ စိတ်တူကိုယ်တူ ဝါသနာ တူ တပည်သာဝကပေါင်း ငါးရာ စုစည်းပြီး ဒါန၊ သီလ တရားများ အားထုတ်လို့ နေတော့သတဲ့။ ဒါ့ကြောင့် လူ ဒါယကာတွေထဲက ဧဋ္ဌကထိက အရာမှာ ဧတဒဂ်ထားဖို့ ရွေးချယ်တဲ့အခါ စိတ္တသူကြွယ်သာလျှင် ဒီနေရာကို ထိုက်ထိုက်တန်တန် ရရှိသွားတော့သတဲ့။

ဒါ့ကြောင့် ဘုရားခေတ်က ဆုံးမစကား ဆိုကြရာ မှာ–

လူ ယောကျ်ားလေးဖြစ်လျှင် စိတ္တသူကြွယ်လို ကျင့်ပါတဲ့။

ဘာကိုဆိုလိုတာတုန်းဆိုတော့ လူ့ဝတ်ကြောင် ဘဝမှာ အမြင့်မားဆုံး၊ အထွတ်မြတ်ဆုံး ဂုဏ်အရည် အချင်းဖြစ်တဲ့ ‘အနာဂါမ်’ ဖြစ်အောင် ကြိုးစားပါလို့

www.dhammaransi.com



ဆိုလိုပါတယ်။ သတိတစ်လုံး အဆုံးနိဗ္ဗာန်ဝင်လို့ ဆိုထားရာ စိတ္တာသူကြွယ်ရဲ့ အနာဂါမ် ဘဝမျိုးကိုလည်း ဒီ သတိကလေးနဲ့ပဲ ကြိုးစားအားထုတ်သွားရမှာပါ။

အညွှန်း။ ။ ၁၃၅၉ ခု၊ နယုန်လဆန်း ၅ရက်၊ နတ်တလူတောရမှာ ဟောပါတယ်။

www.dhammaransi.com



## ကာမမှ ဓမ္မသို့

ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင် ဆရာတော်ဘုရားကြီးက ကာမဘုံသားတို့ကို ဆုံးမတဲ့အခါ ဝိသာခါကျောင်းအစ်မကြီးကို မကြာခဏ သာဓကဆောင်ပြလေ့ရှိပါတယ်။ များပြားလှတဲ့ လူ့ကိစ္စအဝဝတွေကြားမှာ ကာမဂုဏ် အာရုံခံစားရင်းက ဓမ္မတံခွန်ထူပြသွားတဲ့ စံပြအမျိုးအမီးအဖြစ် ဖော်ပြခဲ့လေ့ရှိပါတယ်။ ဘုရားရှင်ရွှေလက်ထက်တော်က ဆုံးမဩဝါဒပေးကြပုံမှာ...

ယောကျ်ားတို့သည် စိတ္တသူကြွယ်လိုကျင့်

မိန်းမတို့သည် ဝိသာခါလိုကျင့်... လို့ဖြစ်ပါတယ်။

"သားသမီး ကိစ္စ၊ မြေးကိစ္စ၊ အိမ်ထောင်ကိစ္စတွေနဲ့

www.dhammaransi.com



မအားသေးပါဘူးလို့ ဆင်ခြေပေးမနေကြပါနဲ့ဗျာ၊ ဝိသာခါတို့များဗျာ... သားကတစ်ကျိပ်၊ သမီးက တစ်ကျိပ်၊ မြေးကလေးရာ၊ မြစ်ကရှစ်ထောင် အတိရှိ သတဲ့ဗျ၊ ဒီလောက်များတဲ့ အတွယ်အတာတွေကြားက အလုပ်ကိစ္စဗာဟီရတွေကြားက တရားဓမ္မကို ရအောင် ယူပြသွားတယ်ဗျာ..." လို့ အစချီရင်း ဝိသာခါရဲ့ ဘဝနှင့် ဓမ္မလမ်းကြောင်းကို ညွှန်ပြတော်မူခဲ့ပါတယ်။

ဝိသာခါဆိုတဲ့အတိုင်း သွင်ပြင်လက္ခဏာ၊ ရုပ်ဆင်းရူပကာ ထူးခြားတဲ့ ဒီအမျိုးကောင်းသမီးလေးကို ဖွားသစ်ခဲ့ရာ သူ့ချိန်ခါကား၊ ရာသီ ပြဲသ ကဆုန်လ၏ ထွန်းပတာ ဝိသာခါနှင့် ဖွားချိန်ကာလ တူယှဉ်ကျ၍ စန်းထဗျူပွတ် သရုပ်ကပ်ခေါ်အပ် နာမာဝိသာခါ လို့ ရည်ညွှန်းပါတယ်။

ဝိသာခါကို အင်္ဂတိုင်း ရာဇဂြိုဟ်ပြည် ဘဒ္ဒိယ မြို့မှာ မွေးခဲ့ပါတယ်။ သူမွေးဖွားရာ မိသားစုဟာ ဘုန်းရှင် ကံရှင်တို့ရဲ့ အိမ်ဂေဟာ၊ ဝိသာခါရဲ့အဘိုး မေဏ္ဍကာ သူဌေးကြီးဟာ ခေါင်းလျှော်ပြီးချိန် စပါးကျီကို ရှင်းလင်း ပြီးတော့ တံခါးအပြင် ဘက်ထွက်နေလိုက်တာနဲ့ ကောင်းကင်က စပါးမိုးကြီး စပါးကျီ အပြည့်ရွာချ ပေးရတယ်တဲ့။ မေဏ္ဍာသူဌေးကြီးရဲ့ဇနီး စန္ဒပဒုမသူဌေး

www.dhammaransi.com



ကတော်ကြီးရဲ့ ဘုန်းကံကျတော့ တစ်ပြည်လုံး ထမင်းအိုးနဲ့ ဟင်းအိုးနား ကိုယ်တိုင်ထိုင်ပြီး အလုပ်သမားတွေကို ထမင်းကျွေးရင် သူမ ထည့်သမျှ ထမင်းဟင်းတွေက မကုန်နိုင်ဘူးတဲ့။ သူတို့နှစ်ယောက်ရဲ့သား ဝိသာခါရဲ့ အဖေ ဓနဉ္စယသူဌေးရဲ့ ဘုန်းကံကျတော့ အလုပ်သမားတွေကို ခြောက်လစာ ရိက္ခာထုတ်ပေးချိန်မှာ လက်ထဲမှာ ငွေအိတ် ကိုင်ထားသမျှ ငွေက တစ်ပြားသားမှ လျော့သွားတယ် မရှိဘူးတဲ့။ ဝိသာခါရဲ့အမေ သုမနဒေဝီ ကျတော့လည်း သူ့လင်နဲ့ကံတူ အကျိုးပေး ဘုန်းကံက မသေးလှပေဘူး။ တင်းတောင်းကြီး နားနေပြီ အလုပ်သမားတွေကို ခြောက်လစာ ထမင်းရိက္ခာ ပေးလို့ရှိရင် သူ့လက်နဲ့ ကိုင်ထားသမျှ အဲဒီရိက္ခာတွေ မကုန်နိုင်ဘူးတဲ့ အနိမ့်ဆုံးအားဖြင့် သူတို့အိမ်က အလုပ်သမား ပုဏ္ဏရဲ့ ဘုန်းကံသော်မှ နှယ်နှယ်ရရ မဟုတ်ဘူးတဲ့။ ထွန်သွားတစ်ချောင်းနဲ့ လယ်ထွန်ရင် ထွန်ကြောင်းရာ ခုနှစ်ကြောင်း ပေါ်လာအောင် အလိုလိုထွန်ပြီးသား ဖြစ်နေတယ်ဆိုပဲ။

အဲဒီလောက်ထိ ရှေးဘုန်းကံကြီးတဲ့ မိသားစုမှာ လူလာဖြစ်ရတာဆိုတော့ ဝိသာခါရဲ့ရှေးကုသိုလ်ထုထည် ဘယ်လောက်ခိုင်မာ အားကောင်းတယ်ဆိုတာ ခန့်မှန်းနိုင်လောက်ပါပြီ။ ဘဝအနေအားဖြင့် ဒီလောက်ထည်ဝါ

www.dhammaransi.com



ပြည့်စုံ နေရုံမျှမကပါဘူး၊ ဓမ္မဘက်ကကြည့်တော့လည်း ဝိသာခါဟာ ကလေးအရွယ် ခုနစ်နှစ်သမီးနဲ့ အပါယ်တံခါးပိတ်ပြီး သောတာပန်တည်သွားခဲ့ပါတယ်။

ဗုဒ္ဓဘုရားရှင်ဟာ ဝိသာခါတို့ရဲ့ ဘဒ္ဒိယမြို့ကလေးကို ကြွလာပြီဆိုတဲ့ သတင်းကြားလိုက်တာနဲ့ အဘိုးဖြစ်သူ မေဏ္ဍကသူဌေးကြီးက ဝမ်းသာအားရနဲ့... "မြေးရေ... ဗုဒ္ဓမြတ်စွာ ကြွတော်မူလာပြီ၊ သောင်းသောင်းဖျဖျ ကြိုဆိုကြစို့ ရဲ့" လို့ နှိုးဆော်ပြီး ဝိသာခါနဲ့ သူ့ရဲ့အဖော် ငါးရာတို့ကို မြင်းရထားတွေနဲ့ တင်ဆောင်ပြီး ဘုရားရှင်တော်ကို ခမ်းခမ်းနားနားကြီး ကြိုဆိုလိုက်ကြတယ်။ ဒီလိုကြိုဆိုရာမှာလည်း ဝိသာခါရဲ့ သန္ဓေပါ၊ မွေးရာပါဘာသာသွေးက သတ္တိပြလာပါပြီ။ အရွယ်အားဖြင့် ခုနစ်နှစ်သမီးသာ ရှိသေးပေမယ့် ဝိသာခါဟာ ဘုရားရှင်ကို လှမ်းမြင် ဖူးတွေ့လိုက်ရတာနဲ့ မြင်းရထားကို ရပ်တန့်ခိုင်းပါတယ်။ သူက မြင်းရထားပေါ်ကဆိုရင် ဘုရားရှင်ထက် ပိုမြင့်တဲ့ နေရာကနေ မရိုမသေ ရောက်မယ်၊ ဒီတော့ မြင်းရထားပေါ်ကဆင်း၊ လက်အုပ်ကလေးချီပြီး ဘုရားရှင် အနီးအပါး ရောက်တဲ့အထိ တရွေ့ရွေ့သွားတယ်။ ရှေ့တော်မှောက် ရောက်တော့ ထိခြင်းကြီးငါးပါးနဲ့ ရှိခိုးဦးချတယ်။ ဝိသာခါတို့များ

www.dhammaransi.com



သင်စရာမလိုဘူးနော်။ ပညာဆိုတဲ့ အသိက ပါလာပြီး သွားပေကိုး။

ဘုရားဆိုရင်၊ သံဃာဆိုရင် ရိုသေမြတ်နိုး ရှိခိုး ထိုက်တယ်ဆိုတဲ့ အသိက ကဿပဘုရားရှင် လက်ထက်တော် ကတည်းက မျိုးစေ့ပါလာခဲ့တာပါ။ ဝိသာခါဟာ အဲဒီတုန်းက ကိကီမင်းရဲ့ သမီးတော် ခုနစ်ယောက်မှာ အငယ်ဆုံးသမီးလေး ဘုရားနဲ့ သံဃာတော်တွေကို ရိုသေရာမှာ၊ လုပ်ကျွေးရာမှာ အသာလွန်ဆုံး ဖြစ်လို့ "သံဃဒါသီ" လို့ အမည်ရခဲ့တယ်။ အဲဒီဘဝက ကုသိုလ်ကောင်းမှုကြောင့် ဒီဘဝ ခုနစ်နှစ်သမီး အရွယ်နဲ့ တရားမြင် ဉာဏ်စဉ်အလင်း ပွင့်နိုင်တယ်ဆိုတာ ဂေါတမဗုဒ္ဓဘုရားရှင် သိတော်မူတယ်။

ဒါကြောင့် ဘုရားရှင်ရဲ့ တရားတော်အဆုံးမှာ...

ကင်းပဒိဋ္ဌိ၊ ငါငြိလည်းကွယ်

အပါယ်လည်းကင်း၊ ဉာဏ်အလင်း

ချက်ချင်းရခဲ့ပြီ... လို့ ဆရာတော်ဘုရားကြီးက ဖွဲ့ဆို ပေးခဲ့ပါတယ်။

ဝိသာခါသာမက သူ့ရဲ့ အဖော်ငါးရာအားလုံး၊ ပြီးတော့ မေဏ္ဍကသူဌေးကြီးပါ သောတာပန် တည်သွားကြပြီ။

www.dhammaransi.com



မေဏ္ဍာလ သူဌေးကြီးဟာ ဝမ်းသာလွန်းလို့ ဘုရားရှင်နှင့် နောက်ပါ သံဃာငါးရာတို့ကို ၁၅ ရက်လုံးလုံး သူ့အိမ်မှာ ဆွမ်းကပ်လုပ်ကျွေးပါတယ်။ သူတို့ ခမျာ မိစ္ဆာအယူရှိတဲ့ တိတ္ထိကြီးတွေကို ဘုရား ရဟန္တာ အမှတ်နဲ့ ကိုးကွယ်ခဲ့ရတာ အခုမှ ဘုရားအစစ်၊ သံဃာ အစစ်ကို ဖူးမျှော်ခွင့်ရပါပြီတဲ့။ ဒါတောင် တတ္ထိဆရာကြီး တွေက ဂေါတမ ဘုရားနှင့်တပည့်သား သံဃာတွေနား မသွားရဘူးလို့ ပိတ်ပင်တားမြစ်ထားတာ ခုတော့ဖြင့် ဘုရားရှင်နှင့်တကွသော သံဃာတော်အရှင်မြတ် တို့ကို ဆွမ်းကပ်လုပ်ကျွေးခွင့်ရခဲ့ပါပြီတဲ့။ မေဏ္ဍာက သူဌေးကြီး က ဝမ်းသာလွန်းလို့ ဘုရားရှင်ကို လျှောက်ထားရှာတယ်။

အဲဒီမှာ ဘုရားရှင်က...

"သတ္တဝါတွေဟာ ကိုယ့်အပြစ်ကိုယ် မမြင် တတ်ကြဘူး၊ အခြားတစ်ပါးရဲ့ အပြစ်ကိုသာ မြင်တတ် ကြရဲ့။ သူများကို အပြစ်ပြောနေပုံဟာ ကောင်းကင်က ဖွဲတွေ ပစ်ကြဲနေသလိုပဲ၊ ကိုယ့်အပြစ်ကိုယ်ကျတော့ သစ်ရွက်တွေနဲ့ ဖုံးဖိထားသလိုပဲ" လို့ ညွှန်ပြ ဟောကြား တော်မူတယ်။

ဒီတရားနာလိုက်ရတာနဲ့ ဝိသာခါရဲ့ အဖေနဲ့ အမေဖြစ်တဲ့ ဓနဉ္စယနဲ့ သုမနဒေဝီတို့လည်း ဉာဏ်

www.dhammaransi.com



အလင်း ရသွားကြတယ်။ သူတို့အိမ်က ကျွန်ပုဏ္ဏာသော်မှ မကျန်ရအောင် အလင်းရသွားကြပါပြီ။

ဒါ့ကြောင့်....

**သူကောင်းစကား တစ်ခွန်းကြား တွန်းအားမိုးသို့ချီ**

**သူယုတ်စကား တစ်ခွန်းကြား ဆွဲအား မြေအောက်ဆီလို့** ကျေးဇူးရှင်ဆရာတော်ဘုရားကြီးက ဖွဲ့ဆိုပြခဲ့ခြင်း ဖြစ်ပါတယ်။

အဲဒီတုန်းက ဝိသာခါတို့ရဲ့ ရာဇဂြိုဟ်ပြည်မှာ ဗိမ္ဗိသာရမင်းကြီး စိုးစံနေသလို အိမ်နီးချင်းနိုင်ငံဖြစ်တဲ့ သာဝတ္ထိမှာ ကောသလမင်းကြီး စိုးစံနေတယ်။ ကောသလရဲ့ အစ်မနှစ်ယောက်ကို ဗိမ္ဗိသာရက မိဖုရားမြှောက်ထားသလို ဗိမ္ဗိသာရရဲ့ ညီမနှစ်ယောက်ကိုလည်း ကောသလမင်းက မိဖုရားမြှောက် ထားတဲ့အတွက် အမြှောက်ပြန်လှန် ရှိခဲ့ပြန်ကြောင့် တစ်တန် ယောက်ဖမဟုတ်ကြ၊ ယောက်ဖ နှစ်ထပ်ပင်ကိုး ဆရာတော်ဘုရားကြီးက ခပ်ထေ့ထေ့လေးရည်ညွှန်းပြပါတယ်။ (ယောက်ဖနှစ် နှစ်ထပ်ဆိုတဲ့ အသုံးအနှုန်းဖွဲ့ဆို ပုံမျိုးကလည်း ထူးခြားလှပါတယ်)

အိမ်နီးချင်းလည်းဖြစ်၊ ယောက်ဖနှစ်ထပ်လည်း

www.dhammaransi.com



တော်စပ်ကြပေမယ့် ဘုရင်နှစ်ပါးအကြား ကွာခြားမှု ကြီးတစ်ခု သိသိသာသာရှိနေတယ်။ အဲဒါက ဘာလဲ ဆိုတော့ ဗိမ္ဗိသာရ မင်းကြီးမှာ ဝိသာခါရဲ့ အဘိုး မေဏ္ဍက အပါအဝင် ဇောတိက၊ ဇဋိလ၊ ပုဏ္ဏ၊ ကာကဝလ္လိယ ဆိုတဲ့ သူကြီးငါးဦး ရှိနေပေမယ့် ကောသလမင်းကြီးရဲ့ သာဝတ္ထိမှာတော့ သူဌေးဂုဏ်အင်္ဂါနဲ့ ညီတဲ့ သူဌေးအစစ် မရှိသလောက် ရှားနေတယ်။ အဲဒီခေတ်က သူဌေး ဂုဏ်အင်္ဂါဆိုတာ သာမန်ပြည့်စုံရုံနဲ့ သူဌေး မဆိုရဘူး။ တိုင်းတာရေတွက်လို့ မရလောက်အောင် အလျှံအပယ် ကြွယ်ဝပြီး ဘုရင်အသိအမှတ်ပြုမှ သူဌေးဘွဲ့ အမည်ရ ပါတယ်။ သာဝတ္ထိမှာရှိတဲ့ သူဌေးဆိုတာက မည်ကာ မတ္တ၊ သူဌေးအတုလို့ ဆိုရလောက်တဲ့ အမည်ခံ သူဌေး အဆင့် လောက်ပဲရှိတယ်။ ရာဇဂြိုဟ်က ခမ်းနားထည်ဝါ လှတဲ့ သူဌေးကြီးတွေနဲ့ နှိုင်းယှဉ်လိုက်ရင် နေလာနှင့် ပျောက်ရသလို အလွန်ချောက်ချား သိမ်ငယ်စရာကောင်း ပါတယ်။

ဒီတော့ ကောသလမင်းကြီးဟာ သူတို့တိုင်းပြည် စည်ပင်အောင် တိုင်းပြည်ရဲ့ ဂုဏ်အင်္ဂါနဲ့လည်း ကိုက်ညီလေအောင် ယောက်ဖတော် ဗိမ္ဗိသာရမင်းကြီး ဆီက သူဌေး တောင်းမှပဲဆိုတဲ့ စိတ်ကူးအကြံ ဖြစ်ပေါ်

www.dhammaransi.com



လာတယ်။ ဗိမ္ဗိသာရ မင်းကြီးရဲ့ ရာဇဂြိုဟ်ပြည်က သူဌေးငါးယောက်ထဲက တစ်ယောက်ကို ပေးပါလို့ တောင်းတော့တာပေါ့။ တစ်နည်းအား ဖြင့်တော့ ရာဇဂြိုဟ် ဗိမ္ဗိသာရမင်းကြီးဆီက ဘုန်းကံတွေ မှျယူ ရတာ ထင်ပါတယ်။

ဘုန်းကံဆိုတာ လုပ်ယူလို့ ရတာမျိုးမဟုတ်ဘူး၊ ရေး... ဘဝတွေက ပါလာတဲ့ ကုသိုလ်ကောင်းမှုတွေ စုပိလာတာ...၊ ကုသိုလ်ကောင်းမှု အကြောင်းပြုပြီး အကျိုးပေးခံစား ရတော့ အဆန်းတကြယ်စံစားရတာမျိုးပဲ ဘုန်းကံလို့ခေါ်တာ ရာဇဂြိုဟ် သူဌေးကြီးတွေရဲ့ ဘုန်းကံ ပဲကြည့်လေ...။

ဇဋိလသူဌေးကြီးအိမ်နောက်မှာ တကယ့်ရွှေအစစ် အတောင်ရှစ်ဆယ်မြင့်တဲ့ ရွှေတောင်ကြီးပေါက်နေသတဲ့။ ဇောတိကသူဌေးကြီး အိမ်မှာလည်း လိုတရ ပဒေသာ ပင်ကြီး ပေါက်နေသတဲ့။ ကျန်သူဌေးကြီးတွေမှာလည်း ရွှေတွင်း၊ ငွေတွင်း၊ ပယင်း၊ ဥစ္စာ လိုချင်တာ အကုန်ရ မြေက ပဒေသာ ပင်ပေါက်သတဲ့။

"သူဌေးလိုချင်... သူဌေးတော့ရနိုင်ပါသဗျာ... ဒီပဒေသာပင်တွေ နှုတ်ယူသွားလို့တော့ ရနိုင်ပါ့မလား" လို့ ဘုရင်ဗိမ္ဗိသာရက မေးတာပေါ့။ ကောသလမင်းကြီး

www.dhammaransi.com



အဖို့လည်း သူဌေးရရင် တော်ပါပြီဆိုတဲ့ အဆင့်မှာ ရှိနေတာဆိုတော့ သူဌေးတစ်ယောက် ပေးပါလို့သာ ဘွင်းဘွင်းကြီး တောင်းရှာသတဲ့။ ဒီတော့ ဗိမ္ဗိသာရ မင်းကြီးက မေဏ္ဍကသူဌေးကြီးရဲ့သား ဓနဉ္စယသူဌေး ကိုပေးတယ်။ ဓနဉ္စယသူဌေးလည်း ဘုရင့်အလိုလိုက်ပြီး သာဝတ္ထိကို လိုက်ပါဖို့ သဘောတူလိုက်ပါတယ်။

မုမြို့ ဘဒ္ဒိ၊ သာဝတ္ထိသို့
ပြောင်းလှည့်ခါတော် ထိုပွဲတော်ကား
တမျှော်တခေါ်၊ တပျော်တပြုံး၊ ရှုမဆုံးပင်...

ဆရာတော်ဘုရားကြီး အဲဒီလို ကဗျာဖွဲ့တော်မူတဲ့ အတိုင်း အလွန်အင်မတန် ခမ်းနားဆန်းပြား လှပါတယ်။ ဓနဉ္စယဟာ သူ့ဇနီး သုမနဒေဝီနှင့်အတူ သမီးချစ် ဝိသာခါ၊ ပြီးတော့ သူနှင့်ဆက်နွယ်နေတဲ့ ခြွေရံသင်းပင်း၊ ဆင်မြင်း၊ ကျွဲနွား ပရိဘောဂများနှင့် ထွက်ခွာသွား လိုက်တာ မင်းခမ်းမင်းနား လိုပါပဲတဲ့။

နတ်မင်းလေလား၊ လူလေလားပဲ
ယုံမှားဖွယ်ပင်၊ အပြင်ဆင်ဖြင့်
သစ်လွင်တောက်ပ၊ ထင်ကရ
သေဌပေါ်လွင်ရန်
မင်းအဆောင်ယောင်

www.dhammaransi.com



ရှစ်ကောင်ကလည်း၊ ရထားကြီးမှာ....

အဲဒီခေတ်က ဘုရင်တွေသာ သုံးလေ့ရှိတဲ့ မြင်းရှစ်ကောင်ကတဲ့ ရထားကြီးကို ဓနဉ္စယသူဌေးစီးပြီး သာဝတ္ထိကို ပြောင်းခဲ့တယ်။ သူရဲ့အဆောင်အယောင် အခမ်းအနားတွေ ဘယ်လောက်ထိများ လိုက်ပါသလဲ ဆိုရင် သာဝတ္ထိမှာ သူ့ကို သီးခြားနေရာချထားလို့ မရတဲ့ အထိပဲတဲ့။ ဒါကြောင့် သီးခြား မြို့တည်ဖို့ ကောသလ မင်းကြီးဆီမှာ ခွင့်တောင်းရပါတော့တယ်။ ဒီလိုနဲ့ သာဝတ္ထိမြို့တော်က ခုနစ်ယူဇနာဝေးတဲ့ နေရာမှာ မြို့ကွက်ရာပြီး မြို့တည်လိုက်ကြတယ်။ ဒီမြို့သစ်ကို "သာကေတ" လို့ခေါ်တယ်။ ဓနဉ္စယ သူဌေးကြီးမှာ ပါလာတဲ့ ဆင်ထိန်း၊ မြင်းထိန်းနဲ့ အလုပ်သမားတွေ အတွက် နေရာချထား ပေးရတာကိုက ရွာပေါင်း ၂၄ရွာ ရှိတယ်တဲ့။ ရွာတွေတောင် အဲဒီလောက် များပြားစည်ကား နေပြီဆိုရင် သာကေတမြို့ကြီးရဲ့ စည်ပင်ခမ်းနားမှု ကတော့ ဆိုဖွယ်ရာမရှိပြီ။

သာကေတကို

ဒေဝဖန်ဆင်း၊ ရွှေအိမ်နန်းသို့

အဆန်းတကြယ်၊ စီရင်ချယ်ကြောင့်

ဟယ်ကနဲဝင်၊ ဟယ်ကနဲထွက်

www.dhammaransi.com



လွှန်နှစ်သက်ကြ၊ အံ့သြကြနှင့်
များလှအလုံး၊ တရုန်းရုန်း
အုန်းအုန်းကြွက်ကြွက်ဖြစ်စေသည်။

သာကေတရဲ့ ထူးခြားအံ့ဖွယ်တွေထဲမှာ "ဝိသာခါရဲ့အလှ" ကလည်း အံ့တစ်ပါးပါပေ။ ကောင်းခြင်းငါးဖြာနှင့် ပြည့်စုံတဲ့အပြင် ဆင်ပြောင်ငါးစီးအားကို ဆောင်နိုင်တယ်လို့လည်း သတင်းကြီးပါတယ်။ ဒါကို မယုံလို့ ကောသလမင်းကြီးကိုယ်တိုင် ဆင်နဲ့တိုက်ပြီး စမ်းဖူးပါတယ်။ ဝိသာခါဟာ ဆင်နှာမောင်းကို လက်ချောင်းလေးနှစ်ချောင်းနဲ့ ညှပ်ကိုင်ပြီး တွန်းလိုက်တာ ဆင်ပြောင်ကြီး ဘိုင်းဘိုင်းလဲသွားရတဲ့အထိ ပဲတဲ့လေ။ ပြီးတော့ ဝိသာခါဟာ ရုပ်ဆင်းရူပကာ ဘယ်လောက်ထိ နုပျိုပါသလဲဆိုရင် မြေးမြစ်တွေရတဲ့အထိ အရွယ် မကျ အိုစာမသွားဘူးတဲ့။ မြေးမြစ်တွေခြံရံပြီး ဘုရားရှင်တော်ဆီ အဖူးအမြော်သွားရင် "ဝိသာခါ" ဘယ်သူလဲလို့ မေးယူရတဲ့အထိ... အသက် ၁၂၀ အထိ အမြဲတမ်း ၁၆နှစ်သမီးလို့သာ ထင်ရသတဲ့။ ဒါလည်း သူ့ဘုန်းကံကို ဖော်ပြနေတာ ပ,လေ။

ဒါကြောင့်ကျေးဇူးရှင် ဆရာတော်ဘုရားကြီးက–
ဓနဥ္စယ

www.dhammaransi.com



သေဋ္ဌမြည်ဟီး ဖခင်ကြီးကား
ပစ္စည်းလက္ခဏာ၊ လွန်ကြွယ်ဝ
ဓန ရွှေသူဌေး
သမီးရှုပ၊ ဝိသာခ ကား
အင်္ဂလက္ခဏာ၊ လွန်ကြွယ်ဝ
အလှရွှေပြော်း။
အဲဒီလို ဖွဲ့ဆိုဖော်ပြခဲ့တာ ဖြစ်ပါလိမ့်မယ်။

ဒီတော့... ဝိသာခါကို လိုချင်သူတွေ ဘယ်လောက် များမယ်ဆိုတာ အထူးပြောစရာ လိုမယ် မထင်တော့ပါ။ အဲဒီအချိန် သာဝတ္ထိက မိဂါရဆိုတဲ့ သူဌေးကြီးဟာ သူ့သား မောင်ပုည (အချို့က ပုဏ္ဏဝဓ္ဓန ဟုရေးသည်) အတွက် လက်ဆက်ပေးဖို့ရာ ကြင်ယာ ရှာနေချိန် ဖြစ်ပါတယ်။

ဒီလိုကြင်ယာရှာရာမှာလည်း မိဂါရ သူဌေးဟာ ချွေးမ ကောင်းကောင်းရဖို့အတွက် မိန်းမကောင်းတို့ရဲ့ ကြန်အင်လက္ခဏာ နားလည်တဲ့ ပုဏ္ဏားရှစ်ယောက်ကို ကိုယ်စားလှယ်ခန့်အပ်ပြီး တစ်မြို့ဝင်၊ တစ်ရွာထွက် သတို့သမီးရှာပုံ တော်ထွက်သတဲ့။ ပုဏ္ဏားရှစ်ယောက်ဟာ မြို့ရွာအနှံ့ ခြေရာဖြန့်ခဲ့ပေမယ့် ကောင်းခြင်းငါးဖြာနဲ့ ပြည့်စုံစံမီတဲ့ မိန်းမမျိုး မတွေ့ခဲ့ပါဘူး၊ ကောင်းခြင်း

www.dhammaransi.com



ငါးဖြာဆိုတာ ကတော့ ဆံပင်၊ အသား၊ အရိုး၊ အရည်၊ အရွယ်တို့ ဖြစ်ပါတယ်။ ဆံပင်ကောင်းပေမယ့် အရိုးအဆစ်တွေ အဖုဖုအတစ်တစ်နဲ့ ကြည့်မလှတဲ့ မိန်းမမျိုး၊ အရိုးအဆစ် ပြေပြစ်ပေမယ့် အသားအရေ မွဲခြောက်ကြမ်းတမ်းတဲ့မိန်းမမျိုး... စသည်ဖြင့် အပြစ်မလွတ်တဲ့ မိန်းမတွေချည်းပဲ တွေ့ခဲ့ရတဲ့အတွက် ခြေကုန် လက်ပမ်းကျပြီး ဇရပ်တစ်ခုမှာ ပုဏ္ဏားတွေ နားနေကြတယ်။ သူတို့ နားနေတဲ့ ဇရပ်တည်ရှိတာကတော့ ဝိသာခါတို့ရဲ့ သာကေတမြို့အနီးမှာပါ။ အဲဒီအချိန်မှာပဲ ဝိသာခါဟာ အဖော်အပေါင်းတွေ ခြံရံပြီး အင်မတန်လှပတဲ့ ရေကန်ကြီးဆီ ရေချိုးဖို့ ထွက်လာပါတယ်။ ဝိသာခါနဲ့ သူ့အဖော်တွေ ပုဏ္ဏားတွေ နားခိုနေရာ ဇရပ်ရဲ့ အနီးအပါးက ဖြတ်သန်းသွားစဉ် ရုတ်တရက် မိုးရွာချပါလေရော။ ဝိသာခါရဲ့ အဖော်မိန်းကလေးတွေဟာ ပြေးမိပြေးရာ ဣန္ဒြေမရ ပြေးကြပေမယ့် ဝိသာခါကတော့...

ညင်သာဖြေးညှင်း တစ်လှမ်းချင်းဖြင့်
မိုးကျီစား၊ မှုမထားဘဲ
ဖဝါးခြေတွက် မှုမပျက်ခဲ့... တဲ့။

ပုဏ္ဏားတို့ တွေ့မြင်အံ့သြရပြီ၊ ကောင်းခြင်းအင်္ဂါတွေနဲ့ ပြည့်စုံလိုက်တာလည်း ပုဏ္ဏားကြီးတို့ပင်

www.dhammaransi.com



ရှုမငြီးဖြစ်ခဲ့ပေပြီ။ သို့သော်... အရိုး၊ ကောင်းခြင်းထဲမှာ အကျုံးဝင်တဲ့ သွားလှမလှ ကြည့်ရဦးမယ်၊ အပြင်က လှပေမယ့် အတွင်းကသွားတွေ ပုလဲလုံးစီ ညီမညီ ကြည့်ရဦးမယ်၊ အင်း... ဒါပေမယ့် သူ့သွားတွေ မြင်ရဖို့ ဆိုတာ သူ့ပါးစပ်ဟပါမှ သူ့ပါးစပ်ဟဖို့ဆိုတာ သူစကား ပြောပါမှ၊ သူစကားဟဖို့ဆိုတာ မခံချင်အောင် ဆွပေး နိုင်ပါမှ...။

ဒီမှာ ပုဏ္ဏားတစ်ယောက်

"ဟို မိန်းကလေးတွေများဗျာ၊ လျင်မြန် ဖျပ်လတ်ပါဘိ၊ ဒီမိန်းကလေး တစ်ယောက်ကျမှ လေးတိ လေးကန်နဲ့ ကြည့်ရတာ အတော်အပျင်းထူမယ့် မိန်းကလေးမျိုးပါ၊ ဒီလောက် အပျင်းထူနေရင် သူ့လင် သူ့ယောက်ျား အချိန်မီ ထမင်းစားရဖို့ မလွယ်ဘူးဗျာ" လို့ ဝိသာခါ ကြားလောက်အောင် ဝေဖန်တယ်။ ကျန်တဲ့ ပုဏ္ဏားတွေကလည်း တစ်ယောက်တစ်ပေါက် ဝိုင်းဝန်း ထောက်ခံကြတယ်။ ဝိသာခါဟာ သူ့ကို ပြောနေမှန်း သိတာနဲ့ ပုဏ္ဏားတွေဆီ တန်းတန်းမတ်မတ် သွားတဲ့ပြီး...

"ဒီစကား ဘယ်သူ့ကို ရည်ရွယ်ပြီး ပြောတာလဲ" လို့ ဣန္ဒြေရရ မေးလိုက်တယ်။

"သင့်ကိုကြည့်ပြီး ပြောနေတာ" လို့ ပုဏ္ဏားတွေက

www.dhammaransi.com



ခပ်တည်တည် ဖြေလိုက်ကြတယ်။

"ဒါဖြင့် ဒီစကား ဒီတွင် ရပ်သိမ်းပါ" လို့ ဝိသာခါ က တောင်းဆိုတယ်။

"အလို... ဘာ့ကြောင့်ပါလိမ့်" ပုဏ္ဏားတွေ တအံ့တသြ စူးစမ်းကြပြန်တယ်။

"ဘယ်လို ဘေးရန်နှင့်တွေ့တွေ့... ဣန္ဒြေမပျက် အပ်တဲ့ သူလေးမျိုးရှိပါတယ်... သာသနာ့ဝန်ထမ်း ရှင်ရဟန်းတွေက မိုးလာလာ၊ လေတိုက်တိုက်၊ မီးလောင် လောင် နောက်ဆုံး မိမိကို သတ်မယ့်ရန်သူနဲ့ တွေ့တွေ့ ဣန္ဒြေမပျက်ရပါဘူး။ ဒီလိုပဲ ရှင်ဘုရင်သည် လည်းကောင်း၊ ယုတ်စွအဆုံး သူစီးတဲ့ ဆင်သော်မှ ဣန္ဒြေပျက်လောက်အောင် ပြေးလွှားခြင်း မပြုရပါဘူး"

ပုဏ္ဏားတို့ အံ့သြရပြီ။ ဒီမိန်းကလေးဟာ ရုပ်သာ မက ပညာလည်း လှလွန်းလှပေရဲ့။

"မိန်းမပျိုလေးတွေ ဘာကြောင့် ပြေးပြေး လွှားလွှား မလုပ်ရတာလဲ သမီးရယ်" လို့ မေးကြ မြန်းကြ စပ်စုကြပြန်တယ်။ ဝိသာခါရဲ့ ပုလဲလုံးစီ ညီညွတ်တဲ့ 'သွားအလှ' ကိုလည်း အသိအမှတ်ပြုလိုက်ရပြီ။

"မိန်းမပျိုလေးတွေဆိုတာ ဈေးဘမ်းပေါ်တင်ထား တဲ့ ရောင်းပန်းပမာပါပဲ။ အကယ်၍ ပြေးရင်းလွှားရင်း

www.dhammaransi.com



ခြေကျိုး လက်ကျိုး ရှိခဲ့သော် မိန်းမဘဝ အလှတန်ဖိုး ကျသွားတတ်လို့ပါ”

ဝိသာခါရဲ့ အဖြေစကား ကြားရတော့ ပုဏ္ဏားတွေ ပါးစပ်အဟောင်းသား၊ ဒါနဲ့ သူတို့မှာ အသင့်ပါလာတဲ့ ရွှေစင် အချိန်တစ်ဆယ် ရှိတဲ့ ရွှေပန်းကုံးကြီးကို ဝိသာခါကို ဂုဏ်ပြုပေးအပ်ရင်း သူတို့ရဲ့ လာရင်းအကြောင်း ဖြစ်တဲ့ သတို့သမီး ရှာပုံတော်ကို ပြောပြကြတယ်။ သမီးလိမ္မာ ဝိသာခါက သူ့မိဘတွေဆီမှာ လာရောက် ဆွေးနွေးဖို့ ပြောဆိုခဲ့တယ်။ ဒီလိုနဲ့ ပုဏ္ဏားရှစ်ယောက်ဟာ ဝိသာခါရဲ့အဖေ ဓနဉ္စယ သူဌေးကြီးဆီ ရောက်လာပြီး ကြောင်းလမ်းတောင်းရမ်းတဲ့အခါ ဓနဉ္စယ သူဌေးကြီးက မေးခွန်းငါးခုနဲ့ စုံစမ်းခြင်းပြုတယ်။

- သင်တို့ဖွားရိုး သားသတိုး ဘယ်အမျိုးကပေနည်း၊ (မျိုးရိုး)
- သင်တို့အနွယ် ရိုးအဆွယ် အဘယ်ဇာတ်ပေနည်း၊ (ဇာတ်နွယ်)
- သင်တို့မျက်ခြယ် သားသူငယ် အရွယ်ဘယ်မျှ ရောက်ပြီနည်း၊ (အသက်အရွယ်)
- သင်တို့သူဌေး စီးပွားရေး ငွေကြေး ဘယ်မျှဌေး သနည်း၊ (စီးပွားရေး)

www.dhammaransi.com



□ သင်တို့အားထား ကိုးရာကား ဘုရားဘယ်သူနည်း၊ (ကိုးကွယ်မှု)

ဒီမေးခွန်းများရဲ့ အဖြေကတော့ ပုဏ္ဏားမျိုးရိုး၊ ဗြဟ္မဏဇာတ်၊ သတို့သားအသက် ၁၆ နှစ်၊ စီးပွား အင်အား ကုဋေလေးဆယ်၊ တိတ္ထိတွေကို ကိုးကွယ် ပါသတဲ့။

ဩော်… သူတို့ချမ်းသာသမျှ ကုဋေလေးဆယ် ဆိုတာ ဝိသာခါတို့အတွက်တော့ 'လေးကျပ်' မျှလောက် သာ ရှိချေရဲ့။ သို့သော် မျိုးဇာတ်အရွယ်တူးချင်းပေမို့ ဓနဥ္စယ သူဋ္ဌေးကြီးက ကြည်ဖြူပါသတဲ့လေ။ အရေး အကြီးဆုံးအနေနဲ့ 'ဘာသာမတူ' တဲ့ ကိစ္စရှိနေပေမယ့် ဓနဥ္စယသူဋ္ဌေးကြီးဟာ သမီးဝိသာခါကို စိတ်ချတယ်။

ဘာဖြစ်လို့လဲ၊ ဝိသာခါဟာ သောတာပန်တည်ပြီး သား၊ သောတာပန်တို့ ဆောက်တည်ထားသော သရဏဂုံ သည် ဘယ်တော့မှ ပျက်ရိုးထုံးစံ မရှိလို့ပါ။ ဒီလိုနဲ့ ဝိသာခါတို့ မင်္ဂလာသတင်းဟာ ကောသလမင်းကြီး အထိ ပေါက်ကြားသွားပြီး ဘုရင်ကိုယ်တိုင် စိတ်ဝင်စား ရတဲ့ ပွဲကြီးလမ်းကြီး ဖြစ်လာရတော့တယ်။ ဝိသာခါတို့ ဘက်ကလည်း မင်္ဂလာပွဲအတွက် အဆန်းတကြယ် ပြင်ဆင်ခဲ့ရာမှာ ဝိသာခါအတွက် 'မဟာလတာ'လို့

www.dhammaransi.com



ခေါ်တဲ့ အဆင်တန်ဆာတစ်ခုတည်း လုပ်ရတာတောင် အချိန်အခါအားဖြင့် လေးလ၊ အဖိုးအခအားဖြင့် သိန်းကိုးရာ အကုန်ခံ၍ ပန်းတိမ်ပညာရှင်ငါးရာ စုပေါင်း လုပ်ဆောင်ရတယ် ဆိုပါတယ်။ မဟာလတာ ဆိုတာ

ဆောင်းရာထွင့်ထိပ်၊ ဘိသိက်သရဖူ
ဦးစွန်းမှုကား၊ တူရှုရှေ့မှောက်
နားသက်ရောက်သော၊ တော်ကောက်မလို
ထိုဒေါင်းဖိုသို့၊ သံချိုစာစာ၊ တွန်ဟန်ပါသည့်
ကညာဒေါင်းမ၊ ယဉ်စစ က
ကလေသည့်ဟန်၊ ပြုစီမံ၏။

အဝေးကကြည့်လိုက်ရင် တကယ့်ဒေါင်းမလေး ကနေသလို တွေ့မြင်နိုင်လောက်တယ်။ အနီးရောက်မှ ဝိသာခါရဲ့ အဆင်တန်ဆာတစ်ခုဆိုတာ သိကြရတယ်။ ရွှေ၊ ငွေ၊ ပတ္တမြား၊ ပုလဲ၊ သန္တာ ရတနာခုံ စီခြယ်ထား တယ်။ မဟာလတာကို ဦးခေါင်းက စွပ်လိုက်ရင် ခြေဖမိုး တိုင်အောင် ဖုံးမိတယ်။ ဒီလောက် အဖိုးတန် ပြောင်ဘက် ကင်းတဲ့ အဆင်တန်ဆာကို ဝိသာခါ ဘာ့ကြောင့်ရသလဲ ဆိုရင် ကဿပဘုရားရှင် လက်ထက်က ရဟန်း နှစ်သောင်းကို သင်္ကန်းလှူခဲ့ဖူးတဲ့ ရေးကောင်းမှုကြောင့် ပဲလို့ ဆိုပါတယ်။

www.dhammaransi.com



ဝိသာခါအတွက် ဖခင် ဓနဥ္စယသူဌေးကြီး တစ်ဦးတည်းရဲ့ မင်္ဂလာလက်ဖွဲ့ ပစ္စည်းတွေကလည်း အလွန် အင်မတန် များပြားလွန်းလှတယ်။ အသပြာတွေကလည်း လှည်းငါးရာနဲ့အပြည့်၊ ရွှေအိုးရွှေခွက်တွေကလည်း လှည်းငါးရာနဲ့အပြည့်၊ ငွေအိုး ငွေခွက်တွေကလည်း လှည်းငါးရာနဲ့အပြည့်... ၊ ကြေးနီ အိုးခွက် လှည်းငါးရာ၊ ပုဆိုးပိုးချည် လှည်းငါးရာ၊ ထောပတ် လှည်းငါးရာ၊ ဆီ လှည်းငါးရာ၊ သလေးဆန် လှည်းငါးရာ၊ ထွန်တုံး ထွန်သွား လှည်းငါးရာ၊ အခြွေအရံ အစေခံတွေက တစ်ထောင့်ငါးရာ... အဲသလောက် ပေးလိုက်တာတောင် သူဌေးကြီးက မတင်းတိမ်နိုင်သေးဘဲ နွားတွေကို ထပ်ပေးပြန်တယ်။ နွားတွေ ဘယ်လောက်များသလဲ ဆိုတော့ ရှေ့ဆုံးက နွားကနေ နောက်ဆုံးနွားအထိ နွားတန်းကြီးက ကိုးမိုင်ရှည်တယ်။ ဒီမျှဆို လုံလောက်ပြီ နွားခြံပိတ်လိုက်တော့လို့ ဆိုတာတောင် ခြံကိုခုန်ကျော်ပြီး ဝိသာခါနောက် အတင်းလိုက်ကြတဲ့ နွားတွေကချည်း အကောင်ခြောက်သောင်း ရှိသတဲ့။ မလိုချင် တော့ပါဘူး၊ တော်ပါပြီဆိုတာတောင် ဘာဖြစ်လို့ ရ,ရနေသလဲ ဆိုတော့ ကဿပဘုရားရှင် လက်ထက်က ရဟန်း နှစ်သောင်းကို နွားနို့ လှူခဲ့ဖူးလို့ပဲ။ ဒီလို လှူရာမှာလည်း

www.dhammaransi.com



ရဟန်းတွေ ပြည့်စုံပါပြီ၊ တော်ပါပြီ ပြောပေမယ့် ဤအဟာရသည် ချိုမြိန် လှပါသည် ဘုရား၊ နှစ်သက်ဖွယ် ဖြစ်ပါသည်ဘုရား... စသည် ဖြင့် တောင်းပန်ပြီး လှူဒါန်းခဲ့တဲ့အတွက် ဒီဘဝ နွားခြံကို ပိတ်လိုက်ပါတော့ ဆိုတာတောင် နွားတွေက သူ့အလိုလို ခုန်ထွက်ပြီး ဝိသာခါနောက် လိုက်သွားကြပြီနော်။ ကုသိုလ်ပဲ ဖြစ်ဖြစ် အကုသိုလ်ပဲဖြစ်ဖြစ် အကျိုးပေးပြီဆိုရင် တားလို့မရတော့ဘူး။

သူဌေးကြီး ဓနဥ္စယဟာ သမီးဝိသာခါကို မြင်သာထင်ရှားတဲ့ စည်းစိမ်ဥစ္စာများ ပေးလိုက်သလို မယားကောင်း တစ်ယောက် လိုက်နာရမယ့် ဩဝါဒများလည်း မှာကြား ပေးကမ်းလိုက်ပါတယ်။ ယောက္ခမဖြစ်တဲ့ မိဂါရ သူဌေးကြီးကတော့ သူ့ချွေးမကို ဘာတွေ မှာကြားနေတယ်ဆိုတာ သေသေချာချာ နားမလည်ပါဘူး။ သူတို့ ကိုးကွယ်တဲ့ ဘာသာခြား မိစ္ဆာဒိဋ္ဌိတွေမှာ ဒီလို ကိုယ်ကျင့်သိက္ခာ အစဉ်အလာကောင်းတွေနဲ့ ဆုံးမ လမ်းပြခဲ့တာမျိုး ရှိခဲ့ဟန်မတူဘူး။

ဘာပဲဖြစ်ဖြစ် ဝိသာခါဟာ သာကေတကနေ သာဝတ္ထိကို လိုက်လာ ရောက်လာတော့ သာဝတ္ထိပြည်သူတွေက သောင်းသောင်းဖျဖျ ကြိုဆိုကြပါတယ်။ ဝိသာခါ

www.dhammaransi.com



ရဲ့ ထည်ဝါ ခမ်းနား ဆန်းပြားတဲ့ ပြည်တော်ဝင်ခန်းကို အံ့မခန်း ပြောဆို ကြ၊ ချီးကျူးကြ၊ ငေးကြည့်ကြရင်းကပဲ မင်္ဂလာလက်ဖွဲ့ လက်ဆောင်တွေ လာပေးကြပါတယ်။ မိဂါရ သူဌေးကြီးကလည်း ခုနစ်ရက် ခုနစ်လီ ဖောဖော သီသီ ဧည့်ခံကျွေးမွေးရင်း နောက်ဆုံးနေ့မှာ သူတို့ ကိုးကွယ်တဲ့ တိတ္ထိတက္ကဒွန်းတွေကို ဖိတ်မံကျွေးမွေး ပါတယ်။ မိဂါရသူဌေးကြီးဟာ ဒီတိတ္ထိကြီးတွေကို 'ရဟန္တာ' အမှတ်နဲ့ ကိုးကွယ်နေသူ ဖြစ်တယ်။ ဒီတော့ ဝိသာခါကို...

"သမီးရေ... ရဟန္တာအရှင် သခင်ကြီးများ ကြွလာပြီ၊ ကန်တော့လှည့်" လို့ ဖိတ်ခေါ်တာပေါ့။

ဝိသာခါက သောတာပန်အရိယာ ဆိုတော့ 'ရဟန္တာ' ဆိုတဲ့အသံ ကြားရုံနဲ့ နှစ်သက်ရွှင်လန်းခြင်း ဖြစ်တယ်။ ဒါနဲ့ ကန်တော့မယ်ဆိုပြီး ဝမ်းပန်းတသာ သွားလိုက်တာ အဝတ်မပါ ဗလာကိုယ်ချည်း တက္ကဒွန်း ကြီးတို့ကို တွေ့လိုက်ရတဲ့အခါ...

"ဒါလား... ရဟန္တာ... ရှုံစရာ ကောင်းလိုက်တာ" လို့ ပြောပြီး သူ့နေရာသူ ပြန်လာတယ်။

တက္ကဒွန်းကြီးတွေ ဒေါသထွက်ပြီး "အဲဒီ.. အယုတ်မကို အိမ်က နှင်ချလို့" လို့ မိဂါရသူဌေးကြီးကို

www.dhammaransi.com



တိုက်တွန်းတော့တယ်။ ဒါပေမယ့် ဝိသာခါရဲ့ မျိုးရိုး အင်အားကို မိဂါရ မလွန်ဆန်ရဲလို့ ဝိသာခါကိုတော့ အိမ်က နှင်မချပါဘူး။ တက္ကဒွန်းကြီးတွေကိုပဲ တောင်းပန် ရတယ်။ သို့သော် မကြာလိုက်ပါဘူး၊ နောက်တစ်ကြိမ် မှာတော့ နှင်ချစရာ ကောင်းလောက်အောင် သူ့ဘဝနဲ့ သူ့မာနကို လာပြီးထိပါး စိန်ခေါ်တဲ့ စကားမျိုး ဝိသာခါ ဆီက နားနဲ့ဆတ်ဆတ် ကြားခဲ့ရပြီလေ။ ဖြစ်ပုံက ဒီလို...။

တစ်နေ့မှာ မိဂါရ သူဌေးကြီးဟာ ရေမရောတဲ့ ဃနာနို့ထမင်းကို ရွှေခွက်နဲ့ထည့်ပြီး စားနေချိန် အိမ်ရှေ့မှာ ရဟန်းတစ်ပါး ဆွမ်းခံရပ်တယ်။ သူဌေးကြီး မမြင်ချင် ယောင်ဆောင်ပြီး နို့ထမင်းကို ချက်စားနေတယ်။ ဒီမြင်ကွင်းကို ဝိသာခါ မြင်တော့ စိတ်မကောင်းခြင်း ကြီးစွာဖြစ်လျက်က...

"ကန်တော့ဆွမ်းပါ ဘုရား... ၊ တပည့်တော်မ၏ ယောက္ခမကြီးသည် အစာဟောင်း အဟောင်းစားတွေ ကိုသာ စားနေတယ်"လို့ လျှောက်ထားချိန်မှာတော့ မိဂါရ သူဌေးကြီးရဲ့ဒေါသ ပေါက်ကွဲခဲ့ရချေပြီ။ ဝိသာခါ ကိုလည်း အိမ်ပေါ်က နှင်ချလေပြီ။ အကြောင်းကတော့ သူ့ကို 'အစားဟောင်း အဟောင်းစားသူ' လို့ ဆိုတာဟာ

www.dhammaransi.com



'အညစ်အကြေးစားသူ၊ မစင်စားသူ' လို့ သူနားလည်လိုက်မိလို့ပါပဲ။ ဒီတော့ အိမ်ပေါ်က နှင်ချ...။

ဒါပေမယ့် ဝိသာခါက "ကျွန်မဟာ ရေချိုးဆိပ်က ခေါ်လာခဲ့ရတဲ့ ကျွန်မ မဟုတ်ပါ။ ကျွန်မကိုလာရောက် တောင်းရမ်းစဉ်က အာမခံခဲ့သော သူဌေးကြီး ရှစ်ယောက် ရှိပါ သေးတယ်။ သူတို့ရှေ့မှောက်မှာ အကြောင်းစုံ အကုန်ရှင်းပါရစေ" လို့ တောင်းဆိုတဲ့အတိုင်း အာမခံ သူဌေးကြီးရှစ်ဦး ရှေ့မှာ ပြဿနာ ရှင်းကြပါတယ်။

"ကျွန်မ ဆိုလိုတဲ့ အဟောင်းစားဆိုတာ မစင်စား သူလို့ မဆိုလိုပါ။ ကျွန်မ ယောက္ခမကြီးဟာ ဒီခန္ဓာကိုယ် အတ္တဘောကြီးကို အမှီပြုပြီး ဒါနစတဲ့ ကုသိုလ်ကောင်းမှု အသစ်ကို မပြုလုပ်၊ အတိတ်ဘဝဟောင်းက ပါလာတဲ့ ကုသိုလ်ဟောင်း ချမ်းသာသုခကိုသာ ထိုင်စားနေတဲ့ အတွက် အဟောင်းစား ဆိုရခြင်း ဖြစ်ပါတယ်"

ဒီမှာ အဟောင်းစား ပြဿနာ ရှင်းသွားပြီ။ ဒါပေမယ့် မိဂါရရဲ့ စိတ်ထဲမှာ မလင်းနိုင်သေးတာ ရှိသေးတယ်။ ဘာလဲဆိုတော့ ဝိသာခါရဲ့အဖေ ဓနဉ္စယ သူဌေးကြီးက ဝိသာခါ သွားခါနီး မှာလိုက်တဲ့ စကား တွေပဲ။ ဒီဆုံးမစကားတွေရဲ့ အဓိပ္ပါယ်ကို မိဂါရ နားမလည်ဘူး၊ တစ်စုံတစ်ရာကို ဖုံးကွယ်ထားတဲ့ စကား

www.dhammaransi.com



တွေ့ပဲလို့ မိဂါရ ထင်နေတယ်။ ဒါကြောင့် တစ်လက်စတည်း ဒီစကားတွေကို ရှင်းပေးပါတဲ့။ ဘာတွေလဲဆိုတော့...

**၁။ အတွင်းမီးကို အပြင်မထုတ်နဲ့**

အဓိပ္ပါယ်ကတော့... အိမ်တွင်းရေးပြဿနာ ရှိလာရင် အပြင်မှာ လည်မပြောနဲ့၊ ယောက္ခမ ယောက်ျားတို့မှာ အပြစ်ရှိခဲ့သော်မှ ရပ်ထဲရွာထဲမှာ လျှောက်မပြောနဲ့။

**၂။ အပြင်ကမီး အိမ်တွင်းသို့ ယူမလာနဲ့**

ရပ်ထဲရွာထဲမှာ မိဘ၊ ယောက္ခမ၊ လင်ယောက်ျားတို့ရဲ့ အကြောင်း အပြစ်ပြောသံ ကြားခဲ့သော်မှ ဒီစကားတွေ အိမ်မှာ ပြန်မပြောပါနဲ့၊ ရန်မီးပွားမှာ စိုးလို့ပါ။

**၃။ ပေးသောသူကို ပေးလိုက်ပါ**

ကိုယ့်အိမ်က ချေးငှားသွားတဲ့ ငွေကြေး၊ အသုံးအဆောင် ပစ္စည်းတွေ မှန်မှန်ကန်ကန် ပြန်ပေးသူကို သာ နောက်တစ်ကြိမ် ထပ်ပြီးပေးပါ၊ ယုံယုံကြည်ကြည် ပေးလိုက်ပါ။

**၄။ မပေးသောသူကို မပေးပါနဲ့**

ချေးငှားသွားတဲ့ ငွေကြေးပစ္စည်းတွေ ပြန်မပေးသူကို နောက်တစ်ကြိမ် ထပ်မပေးပါနဲ့။

www.dhammaransi.com



၅။ မပေး ပေးပေး၊ ပေး ပေးပေး၊ ပေးသာ ပေးလိုက်ပါ

ဆွေမျိုးမိသင်္ဂဟတို့ ဆင်းရဲငြိုငြင် ရှိပါလျှင်ကား တစ်ဖန် ပြန်ပေးရန် တတ်နိုင်သည်ဖြစ်စေ၊ မတတ်နိုင်သည်ဖြစ်စေ ပေးကမ်းခြင်းငှာ သင့်လျော်၏။

၆။ ချမ်းချမ်းသာသာ နေပါ စားပါ အိပ်စက်ပါ

မိဘ၊ ယောက္ခမ၊ လင်ယောကျ်ားတို့အား ဦးစားပေး၍ နေခြင်း၊ စားခြင်းနှင့် ၎င်းတို့ကို ခြေဆုပ်လက်နယ် ပြုပြီးမှ အိပ်ခြင်းဖြင့် နောက်ဘဝ၌ ယောကျ်ားဘဝနှင့် နတ်ဘဝကို ရရှိနိုင်ခြင်း။

၇။ မီးကို လုပ်ကျွေးအပ်၏။

မီးသည် အလင်းနှင့် အနွေးဓာတ်ကို ပေးသည်၊ အစာစိမ်းကို ကျက်စေသည်၊ ရိုသေစွာ ချဉ်းကပ်သော် အကျိုးများစွာ ပေးသည်။ ရတနာသုံးပါး၊ မင်းအစိုးရ၊ မိဘ၊ ယောက္ခမနှင့် လင်သားတို့ကို ရိုသေစွာ လုပ်ကျွေးသော် အကျိုးကြီးစွာ ဖြစ်ထွန်းသည်။ မရိုသေပေါ့ဆချေသော် အကျိုးယုတ်မှာ မုချပါ။

၈။ အိမ်တွင်းနတ်ကို ရှိခိုးအပ်၏။

နတ်ဆိုသည်မှာ အားကိုးရာ၊ အိမ်တွင်းအားကိုးစရာကား မိဘ၊ ယောက္ခမနှင့် လင်ယောကျ်ားများသာ နတ်ပူဇော် ပသ သကဲ့သို့ ၎င်းတို့ကို ရိုသေရာ၏။

www.dhammaransi.com



ဖခင်ကြီးရဲ့ ဆုံးမစကာတွေကို ဒီလို ပြန်ကြား ရှင်းလင်းပေးလိုက်တဲ့အခါ ဝိသာခါကို ပညာရှိပါပေ တယ်လို့ အားလုံးက တညီတညွတ်တည်း ချီးကျူး ကြတယ်။ ယောက္ခမကြီး မိဂါရ ကလည်း သူ့အပြစ်ကို တောင်းပန်ပြီး အိမ်က ဆင်းမသွားပါနဲ့လို့ တားတယ်။ ဒါပေမယ့် ဝိသာခါက

"ကျွန်မတို့ဗုဒ္ဓဘာသာတွေမှာရဟန်းသံဃာတို့နှင့် ကင်းကွာ၍ မနေစကောင်းပါ။ ရဟန်း သံဃာတို့အား ဆွမ်း ဆက်ကပ် လုပ်ကျွေးခွင့်ရပါလျှင် ဒီအိမ်မှာ ကျွန်မ ဆက်နေပါမည်" လို့ တောင်းဆိုတော့တာပေါ့။ မိဂါရ သူဌေးကြီးလည်း 'အင်း'လို့ ခွင့်ပြုလိုက်ရတာပေါ့။ ဝိသာခါလည်း အချိန်ဆွဲမနေ တော့ဘဲ မြတ်စွာဘုရားကို ဆွမ်းစားကြွပါဘုရား ပင့်လျှောက်တော့တယ်။ နေ့တစ်နေ့ မိုးသောက်မှာ ဗုဒ္ဓမြတ်စွာဘုရား မိဂါရ သူဌေးကြီးအိမ် ကြွလာတော့ တိတ္ထိတက္ကဒွန်းကြီးတွေ မရှိုးမရွ ဖြစ်ကုန် ကြပြီး မိဂါရ အိမ်ရောက်လာကြတယ်။ ဒါပေမယ့် အိမ်ပေါ်မတက်ရဘူး၊ အိမ်နောက်ဖေးမှာ စုရုံး... စုရုံး... ပွစိ... ပွစိ လုပ်နေကြတာပ။

ဝိသာခါကတော့ ကောင်းပေ့ မြတ်ပေ့ဆိုတဲ့ လှူဖွယ် ဝတ္ထုတွေနဲ့ ဘုရားရှင်ကို ဆက်ကပ်နေပြီ။

www.dhammaransi.com



ယောက္ခမကြီးကိုလည်း မေ့မထားဘူး။ သူနဲ့အတူ ဆက်ကပ်လှည့်ပါလို့ လူ လွှတ်ပြီး ခေါ်စေတယ်။ ဒါပေမယ့် တက္ကဒွန်းတွေ တားလို့ မသွားရဲဘူး။ ဒါနဲ့ ဝိသာခါဟာ ဘုရားအမှူးရှိတဲ့ ရဟန်း သံဃာတော်တွေ ကို ဆွမ်းဆက်ကပ် လုပ်ကျွေးပြီးတဲ့အခါ တရားနာဖို့ တစ်ခါ ခေါ်ပြန်တယ်။

"ဒီတစ်ခါတော့ မသွားလို့ မကောင်းဘူးထင်ရဲ့"

မိဂါရက တက္ကဒွန်းကြီးတွေဆီမှာ ခွင့်တောင်း တယ်။

"ဒါဖြင့် ဂေါတမရှေ့ ရောက်အောင် မသွားနဲ့၊ တင်းတိမ် ကန့်လန့်ကာကွယ်ပြီးနေ"

ကိုယ်လုံးတည်း တက္ကဒွန်းကြီးတို့ စီမံတဲ့အတိုင်း မိဂါရ တင်းတိမ် အကာနောက်က တရားနာရတယ်။ မိဂါရဟာ လူကသာ တင်းတိမ်အကာခြားပြီး တရားနာ ရပေမယ့် စိတ်က တရားနဲ့ တစ်သားတည်းကျ၊ ပူလောင် နေတဲ့ သူ့နှလုံးသားပေါ်မှာ မြတ်စွာဘုရားရဲ့ တရားမိုးကြီး ရွာသွန်း ဖြိုးခဲ့ပါချေပြီ။

"ချစ်သား... မိဂါရ... သင်နှင့်ငါဘုရား အကြား တင်းတိမ် ကန့်လန့်ကာ မဆိုထားနှင့် ကျောက်တောင် ကြီးပဲ ခြားခြား၊ စကြာဝဠာပင် ခြားပါစေ... ငါဘုရား၏

www.dhammaransi.com



တရားသံကို သင်ကြားနိုင်စွမ်း၏ ”လို့ ဘုရားရှင်တော် မိန့်တော်မူဘိသို့ မိဂါရ ကြားနိုင်စွမ်း ရှိခဲ့ချေပြီ။

တကယ်စင်စစ်မှာကား... ဘုရားရှင်တို့ တရား ဟောတော်မူသည်ရှိသော် ရှေ့တည့်တည့်မှာရှိသော သူဖြစ်စေ၊ နောက်ယွန်းယွန်း အစွန်းက ထိုင်နေသူဖြစ်စေ၊ စကြာဝဠာ ကမ္ဘာခြား၍ တည်သောသူ ဖြစ်ပါစေ “ဘုရား ရှင်သည် ငါ့ကို ကြည့်၍ တည့်တည့်ကြီး ဟောနေပေပြီ” လို့ ခံစားရတာချည်း။ ကောင်းကင်မှာ သာသော လပြည့်ဝန်းကြီးကိုကြည့်၍ ဘယ်သူမဆို ငါ့အထက်မှာ လသာနေသည်လို့ ခံစားရသလိုပါပဲ။ ဗုဒ္ဓမြတ်စွာဘုရား သည် သတ္တဝါဝေနေယျတို့အား နေရာမခြား ထင်ရှား ပြတော်မူလျက်ဖြင့်ပင်...။

ဒီလိုနဲ့ တရားတော်အဆုံးမှာ မိဂါရ သောတာပန် တည်သွားခဲ့ပြီ။ ရတနာမြတ်သုံးပါး၌ ယုံမှားသံသယ လုံးဝ မရှိတော့ပြီ။ ငါစွဲ သူစွဲ ဒိဋ္ဌိအမြင် ကင်းစင်ကွာကျ သွားခဲ့ပြီ။ မိဂါရဟာ ပုန်းကွယ်နေရာ တင်းတိမ်အကာမှ ထွက်လာခဲ့ပြီး ရှေးဦးစွာ သူ့ချွေးမ ဝိသာခါဆီ သွားတယ်။

“ဘုရားဖူးပြီး တရားထူးနာရတာ သမီးရဲ့ကျေးဇူး ပေ ပဲ.. အို... သမီး မဟုတ်ပါဘူးလေ... သင်ဟာ ငါ့ရဲ့

www.dhammaransi.com



မိုက်မဲမှုတွေကို ဆုံးမခဲ့တဲ့ ကျေးဇူးရှင်မိခင်ပါပဲ။ ဒီနေ့ကစ သင်ဟာ ငါ့အမေ…” လို့ ဥဒါန်းကျူး တော့တယ်။ အဲဒီလို မိဂါရ သူဌေးကြီးက မာတာမိခင် ကျေးဇူးရှင်လို့ ဆိုတဲ့ အတွက် ‘မိဂါရ မာတာ ဝိသာခါ’လို့ သမိုင်းတွင်ရစ် တော့တယ်။

အဲဒီနောက် သူဌေးကြီးဟာ ဘုရားရှင် ခြေတော် ကို ဦးခေါင်းနဲ့ ထိတွေ့ဝပ်စင်း အလွန်အမင်း ရိုသေခြင်း ဖြင့် “ဘုန်းတော်ကြီးသော မြတ်စွာဘုရား… တပည့်တော် မိဂါရ ပါဘုရား” လို့ သူ့နာမည် သူ သုံးကြိမ်တိုင်တိုင် လျှောက်ထားပြီးတော့ မိစ္ဆာဒိဋ္ဌိဘဝရဲ့ မသိမှုတွေ အပြစ် တွေကို လျှောက်ထားတောင်းပန်ပြီး “ယခုအခါ၌ကား… ချွေးမဝိသာခါကို အမှီပြု၍ အပါယ်ဆင်းရဲမှ လွတ်ကင်း ရပါပြီ ဘုရား” လို့ လှိုက် လှိုက်လှဲလှဲကြီး လျှောက်ထား ဝန်ခံရှာတယ်။

နောက်တစ်နေ့မှာလည်း မြတ်စွာဘုရားကို ဆွမ်း ဆက်ကပ်ပြီး တရားနာတော့ သူဌေးကတော်ကြီးလည်း သောတာပန် တည်သွားပြန်တယ်။ အဲဒီအချိန်ကစပြီး အဲဒီအိမ်က သာသနာတော်ကြီးအတွက် အမြဲတံခါး ဖွင့်ထားတဲ့ အိမ်ဖြစ်သွားပြီ။ မိဂါရ သူဌေးကြီးဟာ ချွေးမ ဝိသာခါနဲ့ ပတ်သက်ပြီး တွေးလေ တွေးလေ ကျေးဇူးတင်

www.dhammaransi.com



စရာကောင်းလေ ဆိုတာ သဘောပေါက်လာတယ်။

"ဩော်… သူ့ရဲ့ မဟာလတာ ဆိုတဲ့ အဖိုးတန် အဆင်တန်ဆာကြီးက အမြဲတန်းဝတ်ဆင်လို့ ရနိုင်တာမျိုး မဟုတ်ပေဘူး၊ ဒီတော့ ကျေးဇူးဆပ်တဲ့ အနေနဲ့ အမြဲတမ်းဝတ်နိုင်တဲ့ အဆင်တန်ဆာလုပ်ပြီး ကျေးဇူးဆပ် လက်ဆောင်ပေးမှပဲ… "

ဒီလိုနဲ့ တစ်သိန်းတန် အဆင်တန်ဆာတစ်ခု ပြုလုပ် စေပြီးတဲ့အခါ…

ဘုရားအမှူးရှိတဲ့ ရဟန်းသံဃာတော်တွေကို ပင့်ဖိတ်ပြီး အထူးရိုသေစွာ ဆွမ်းလုပ်ကျွေးတယ်။ ပြီးတော့ ဝိသာခါကို နံ့သာရေနဲ့ ရေချိုးစေပြီးတဲ့အခါ သူ့ရဲ့ ကျေးဇူးဆပ် လက်ဆောင်တန်ဆာကို ပေးအပ်ဆင်ယင်စေပါတယ်။ သူ့လက်ဆောင် ဆင်မြန်းစေပြီးလျှင် ဘုရားရှင်ကို ရှိခိုးစေပြန်ပါတယ်။ ဘာသာခြား ဘဝက ပြောင်းလာတဲ့ မိဂါရ ကိုယ်တိုင်က ဘုရားရှိခိုးဖို့ ညွှန်ပြနေတာပါ။

ဝိသာခါဟာ နောင်အခါ ပုဗ္ဗာရုံ ကျောင်းအမကြီး ဖြစ်တဲ့အထိ အသက် ၁၂၀ ရှည်ရှည် နေသွားခဲ့ပါတယ်။ သေ တော့ တုသိတာ နတ်ပြည်သို့ ရောက်သွားလိုက်တာ ယနေ့အထိ နတ်ပြည်မှာ ရှိနေဆဲ…။

အောင်ဇော်တာမေ

www.dhammaransi.com



ကျေးဇူးတော်ရှင်၊ မဟာဗောဓိမြိုင် ဆရာတော်ဘုရားကြီးက "ချစ်သမီး ဝိသာခါသို့" လို့ ရည်ညွှန်းဖွဲ့ဆိုခဲ့တာဟာ ဝိသာခါတစ်ယောက်တည်း အတွက်မဟုတ်၊

ရှေ့ကပွင့်လာ ဝိသာခါ၏
သဒ္ဓါယုံချက် စိတ်မှာသက်သို့
လက်ပျက်မခံ မွေဆက်ခံရန်
တည်ဖန်စေညွှန်း ငါတိုက်တွန်း၏။

အဲဒီလို နှိုးဆော် ဖော်ကျူးထားပါတယ်။

ဒါကြောင့် တရားလမ်းစဉ်အတိုင်း–

သဒ္ဓါယုံချက်၊ မကွဲအက်
မည်သူဖျက်ဖျက် မပျက်ပြီ
ယုံချက်တင်းလျှင်၊ ရဲစိတ်ဝင်
ကိုယ်တွင်ထားကွက် မပျက်ပြီ။
ရဲစိတ်နောက်မှာ သတိပါ
နေရာသူ့ဘက် တွက်နိုင်သည်။
သတိဦးပင် မြဲစိတ်ယှဉ်
သူ့လျှင် အရှိ ကြည့်နိုင်ပြီ့
သူ့လျှင်အရှိ တည့်တည့်ကြည့်
အသိဉာဏ်စဉ် ဝင်နိုင်ပြီ။

အောင်ဇော်စာပေ

www.dhammaransi.com



ဤသည့်ငါးဖြာ၊ အားအလွှာကို
သာဓါထားပုံ၊ အားကျလုံ့ပြီး
သူ့ဂုဏ်အရှိ အားလုံးပြည့်မျိုးကို
ထိမိလက်ကုပ် မြဲမြဲဆုပ်
အားထုတ်ကြပါ သမီးတို့... လို့ မှာကြား

လမ်းညွှန်တော်မူပါတယ်။

ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင် ဆရာတော်ဘုရားကြီးက... "သာဓါ လက်သစ် သမီးချစ်" ဆိုတဲ့ အာလုပ်စကားဖြင့် "မလစ်သတိဉာဏ်မျက်စိဖြင့်၊ လှစ်ကြည့်ရှု့ရေး စေ့စေ့တွေးပြီး၊ ခုရေးလည်းမိ၊ နောင်ရေးမိအောင်၊ မျက်စိနှစ်လုံးစုံ တိုင်သုံးလေ" လို့ ဆုံးမတော်မူပါတယ်။

ကာမ ဓမ္မ နှစ်ဝခံစား အမျှထား
ဖဝါးနှစ်ဖက်၊ တွင်တွင်တက်လေ... လို့ ဖော်ပြတော်မူပါတယ်။

အဆန်းကြား လမ်းသလားနေတဲ့ ခေတ်မှာ "တွေ့မိ တွေ့ရာ အလေ့ပါပြီး မုခါလက်ငင်း မှားယွင်းကာမ၊ မမျှအဖို့ တစ်ဖက်ချို့သော်၊ တစ်ဘိုးတည်းထား၊ နွားအလားယမို့၊ တရားကင်းပျောက်၊ ပါယ်လမ်းရောက်မည်၊ ရှုံ့ကြောက်ကြစေ သမီးတို့..." လို့ အမှားမှ

www.dhammaransi.com



အမှန်သို့ အလင်းပြတော်မူလိုရင်း ဖြစ်ကြောင်း ကောင်းကောင်းကြီးနားလည်စေခဲ့ပါပြီ။

ကာမမှ ဓမ္မသို့ လှမ်းတက်ဖို့ရာ ဘုန်းကြီးဝတ်ပါ၊ သီလရှင်ဝတ်ပါဟု တောင်းဆိုနေတာမျိုးမဟုတ်ပါ။ ကာမအာရုံခံစားရင်း သတိတင်းတင်း ထားတတ်ကြပါလျှင် ဓမ္မခရီးစဉ်မှာ ဝိသာခါတို့လို ချမ်းချမ်းသာသာ လိုက်ပါနိုင်ပြီလို့ ဆိုလိုရင်းဖြစ်ပါတယ်။ ကျေးဇူးရှင် မဟာဗောဓိမြိုင်ဆရာတော် ဘုရားကြီး၏ သဘောဆန္ဒ အမှန်မှာကား ဝိသာခါကို သောတပန် တည်ရုံမျှလောက်နှင့် အားမရနိုင်သေး၊ အပါယ် တံခါးပိတ်သွားသဖြင့်ကား သာစုခေါ်ပါသည်။ နိဗ္ဗာန်ရောက်အောင် ကျင့်မသွားဖြင့်ကား အားမရမိ" ဟု ဆိုလိုရင်း ဖြစ်ပါတယ်။ သို့ဖြစ်ပါလျက် ဝိသာခါကို အားကျဖွယ်ဖြစ်အောင် ဘာကြောင့်ပုံဆောင် ဟောပြောရပါသလဲဆိုရင် ဝိသာခါကဲ့သို့ တရားအလုပ်တို့ကို လုပ်ပါလျှက် ကာမကို လက်မလွှတ်နိုင်ကြကုန်သော လောကသားများ ဝိသာခါကဲ့သို့ ကာမဓမ္မ နှစ်ဝခံစား အမျှထားနိုင်ရန် ရည်ရွယ်တော်မူရင်း ဖြစ်ပါပေတယ်။

ဘုရားရှင် ရွှေလက်ထက်... ရှေးဘုန်းကံကြီးမားသော ဝိသာခါသော်မှ ဘုရားသွားကျောင်းတက်

www.dhammaransi.com



ဆွမ်းကျွေးစသော ဒါနခန်းမှူဖြင့် သောတာပန်အဆင့်က မတက်နိုင်ပုံကိုလည်း ထောက်ဆ၍ သီလခန်း ဘာဝနာခန်း အကျင့်လမ်းပေါ်ရောက် အောင် လျှောက်ကြပါလို့ ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးက ညွှန်ပြတော်မူလိုရင်း ဖြစ်ပါတယ်။

**အညွှန်း။** ။ *မဟာဗောဓိမြိုင် ဆရာတော်ဘုရားကြီး၏ ချစ်သမီး ဝိသာခါသို့ ကဗျာရှည် (လက်ရေးမူ)*

www.dhammaransi.com



# အလင်းအမှောင်အရောင်ကွဲ

သံသရာလည်နေတာ အစွဲနဲ့လည်နေတာ။

အစွဲတကာ့ အစွဲတွေထဲမှာ 'ငါစွဲ' သက္ကာယဒိဋ္ဌိသည် အားအကြီးဆုံး၊ တစ်သံသရာလုံးက ကပ်ပါလာတဲ့ ငါကောင်းစားပြီးရောဆိုတဲ့ တိရစ္ဆာန်တို့ရဲ့ ကြီးနိုင်ငယ်ညှဉ်း သဘောတရားတွေက လူတွေရဲ့ အသွေးအသားထဲမှာ စိမ့်ဝင်ပျံ့နှံ့နေခဲ့ပြီ။ ဒါကြောင့် ကျေးရှူးရှင်မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးက 'လူကိုယ်နဲ့ တိရစ္ဆာန်စိတ်' လို့လည်း ညွှန်ပြတော်မူခဲ့ဖူးပါတယ်။

လူကိုယ်နဲ့လိုက်ဖက်ညီတဲ့ လူစိတ်ကိန်းဖို့အတွက် ဆရာတော်ဘုရားကြီးက တရားဓမ္မများနဲ့ လမ်းပြတော်မူခဲ့ပါတယ်။ ဘယ်လိုလမ်းလဲဆိုတော့ အစွဲအငြိတွေက

www.dhammaransi.com



လွတ်မြောက်ရာလမ်း၊ ဒီလမ်းကြောင်းအတိုင်း တည့်တည့်တန်းတန်း လျှောက်လှမ်းနိုင်မှသာလျှင် ဒုက္ခကင်းစင် သုခရှင်အစစ် ဧကန်ဖြစ်မယ်လို့ ညွှန်ပြပါတယ်။ လူတစ်ပိုင်း တိရစ္ဆာန်တစ်ပိုင်း စိတ်ရိုင်းဝင်နေသူတွေမှာ ဘာသီလမှမရှိကြ၊ ငါရဖို့သာကြည့် ငါ့ဘို့တစ်ဘို့တည်းသာ သိကြလေရဲ့၊ တကယ်ဆိုတော့ ကိုယ်ကျင့်သီလဆိုတာ လူနှင့်တိရစ္ဆာန်တို့ရဲ့ တန်ဖိုးခြားနားခြင်းပြ အမှတ်အသား၊ လူနှင့်တိရစ္ဆာန်တို့ရဲ့ နယ်ခြားမျဉ်း။

ဒါကြောင့် လူမှာ ငါစွဲကြီးနေ သမျှ တိရစ္ဆာန်တို့ရဲ့ အကျင့်မကုန်တတ်သေး ၊ တိရစ္ဆာန်အကျင့် ကျင့်နေ သမျှ လူ့အကျင့် လူ့သီလပြည့်စုံဖို့ဝေလာဝေး။ တိရစ္ဆာန်သွေး လုံးလုံးကုန်သွားတဲ့အချိန်မှာ ငါစွဲလည်း မရှိ၊ သူစွဲလည်း မကြည့်တော့ပြီမို့ လူ့ဝိနည်း၊ လူ့စည်းကမ်း၊ လူ့သီလ၊ လူ့ကျင့်စဉ်များ တော်တည့်မှန်ကန်လာပါပြီ။

သူလိုကိုယ်လို သူမိုက်ကိုယ်မိုက် ဘဝမျိုးကနေ အရိယာသူတော်ကောင်းဘဝ အရယူနိုင်ပြီဆိုပါလျှင်...

❋ သူကလာသတ်သော်မှ ကိုယ်ကမခံနိုင် ရှောင် တိမ်းပေးရုံသာ၊ သို့မဟုတ်... အသတ်ခံလိုက်ရုံ

www.dhammaransi.com



သာ၊ သူ့ကိုကား သတ်ဖြတ်ညှဉ်းဆဲဖို့ မကြိုး စားတော့ပြီ ။

* ကိုယ်သာလျှင် အနစ်နာခံမည်။ သူ့ဥစ္စာကိုကား လိမ်ညာလှည့်ဖျား မတရားသောနည်းများဖြင့် မသိမ်းပိုက်တော့ပြီ။

* ကိုယ့်မယားသာ အစော်ကား ခံချင်ခံမည်။ သူ့မယားကိုကား သွားရောက်မပြစ်မှားပြီ။

* ကိုယ့်ကိုသာ မုသားအသုံးခံမည်။ သူတစ်ပါး တို့ကိုကား မုသားစကားဖြင့် အမှားအသိမပေး ပြီ။

* မူးယစ်သောက်စားမှုကား ဆေးဝါးအဖြစ်ဖြင့်ပင် မသုံးပြီ။

ငါးပါးသီလ ဆောက်တည် လုံခြုံပြီးသော အရိယာ ဓာတ်သားအဖြစ် အဲဒီလိုတွေ့မြင်နိုင် ပါတယ်။

သူယုတ်တို့ကား သူတော်ကောင်းတို့နှင့် လမ်းကြောင်းပြောင်းပြန်။

●

www.dhammaransi.com



ကမ္ဘာပေါ်မှာ ရှိရှိသမျှ ဖြစ်ပွားခဲ့သမျှ ပုပန်သေဘက ရောက်စရာတို့သည် သူတော်ကောင်းများကြောင့်မဖြစ်၊ သူယုတ်မာတို့ကြောင့်သာ ဖြစ်ပွားခဲ့မြဲ ဓမ္မတာ။ ရက်စက်သော ပက်စက်သော မြင်ကွင်းများသည် ပညာကြီးသူ အလင်းရောင်အောက်မှာ ဖြစ်ရိုးထုံးစံမရှိ၊ ပညာနည်းသူတို့၏ အမိုက်မှောင်ထုအတွင်းမှာသာ အခင်းဖြစ်ပွားရစမြဲ။

ဘုရားရှင် ရှွေလက်ထက်တော်အခါက...

နာမည်ကျော် ကောသလမင်းကြီးဆိုတာ ကြားဖူးကြပါလိမ့်မယ်။

ကောသလမင်းကြီးဟာ ဘုရားရှင် သက်တော်ထင်ရှား ရှိတော်မူစဉ်အခါ ကာလက ဘုန်းလက်ရုံး အာဏာနှင့် ပြည့်စုံတဲ့ မင်းတစ်ပါးဖြစ်တယ်။ ကောသလမင်းကြီး အုပ်စိုးတဲ့ သာဝတ္ထိမှာ မြတ်စွာဘုရားရှင် အကြာဆုံး ဝါဆိုတော်မူခဲ့ခြင်း (၂၅ ဝါတိုင်တိုင်) ဟာလည်း ကောသလမင်းကြီးရဲ့ ကံကောင်းခြင်းတစ်ခု ဖြစ်ပါတယ်။ ဒါပေမယ့် ကောသလမင်းကြီးဟာ အစကနဦးတုန်းကတော့ ဘုရားကို ဘုရားမှန်း၊ သံဃာကို သံဃာမှန်း ပြည့်ပြည့်ဝဝကြီး မသိသေးဘူး။ ဘုရင်ဖြစ်တယ်ဆိုတာ ကံရဲ့အကြောင်းတရား၊ ဘုရင်

www.dhammaransi.com



ကောသလဟာ ကံကောင်းသော်လည်း ဉာဏ်ခေါင်းပါး တယ်။ အတုအစစ် အမှားအမှန် သာမန်နဲ့ အဓိက ခွဲခြားနိုင်ခဲ့ခြင်းမရှိခဲ့ပါဘူး။ အထူးသဖြင့် ယုံကြည် ကိုးကွယ်မှုဘက်မှာ ဘာမှ အလေးအနက်မရှိခဲ့ဘူး။ ဒါ့ကြောင့် တိတ္ထိ၊ ပရိဗိုဇ်၊ ရဟန်းသံဃာ၊ မြတ်စွာဘုရား အားလုံးကို တစ်တန်းတည်းထားပြီး ရောရောနှောနှော ဆက်ဆံတယ်။

ဒါပေမယ့် တစ်နေ့တော့ ကောသလမင်းကြီးဟာ နန်းပြသာဒ်ဆောင်ကနေ လမ်းမကို ငေးနေတုန်း ရဟန်းတော်တွေ ဆွမ်းခံကြွလာတာမြင်တယ်။ ရဟန်း သံဃာတော်တွေကို မြင်လိုက်ရုံနဲ့ ကောသလမင်းကြီးရဲ့ စိတ်သဏ္ဌာန်မှာ အေးချမ်းသွားတယ်။ အမှန်စင်စစ်တော့ ကောသလမင်းကြီးရဲ့ သာဝတ္ထိရွှေပြည်မှာ သက်န်းရောင် လွှမ်း သာသနာထွန်းခဲ့တာ ကြာပါပြီ။ ကောသလရဲ့ မင်းစည်းစိမ်တည်းဟူသော ရတနာအတုတွေ ဖုံးကွယ် နေလို့သာ ဘုရား၊ တရား၊ သံဃာ ဆိုတဲ့ ရတနာအစစ်ကို မမြင်ခဲ့တာကလား။ ဒီနေ့တော့ ဆွမ်းခံကြွလာတဲ့ ရဟန်းတော်များရဲ့ သဒ္ဓါရောင်၊ ပညာရောင်၊ သက်န်း ရောင်ကို ကောသလ မြင်လိုက်ရပေပြီ။ ရဟန်းတော်များ ရဲ့ သက်န်းရောင်ဟာ တက်သစ်စ နေရောင်ထက်ပင်

www.dhammaransi.com



လင်းလက်ကြည်လင် ပေစွတကား။ တကယ်ဆိုတော့ သက်န်းဆိုတာ ကိလေသာရန်ကို အောင်နိုင်သူတို့ရဲ့ အလံတံခွန်ပေတကား။

ကောသလမင်းကြီးမှာ ရဟန်းတော်များရဲ့ ငြိမ်သက်အေးချမ်းတဲ့ ဣန္ဒြေကတစ်ဆင့် ဓမ္မဓာတ်ကူး စက်ပွင့်လန်းလာတယ်။ လမ်းမပေါ်မှာ ရဟန်းတော်တွေ တမျှော်တခေါ်တသီတတန်းကြီး ဆွမ်းခံကြွနေပေမယ့် တစ်ပါးတည်းလို ညီညွတ်လှတယ်။ လှမ်းရင် လှမ်းတယ်၊ ရပ်ရင်ရပ်တယ် ဆိုတဲ့ အမှတ်သတိနဲ့ ရဟန်းတော်တွေ ဆွမ်းခံကြွနေပုံဟာ ကောသလမင်းကြီး အဖို့တော့ ရင်သပ်ရှုမောစရာပဲ။ တကယ်တော့ မြတ်စွာဘုရားရှင်ရဲ့ အဆုံးအမတော်အောက်မှာ ရဟန်းသံဃာတော်တွေ သာမက ဒကာ၊ ဒကာမတွေ သူ့ရဲ့သာဝတ္ထိပြည်သူ ပြည်သားတွေဟာ ဘာလုပ်လုပ် အမှတ်သတိမကွာရှိဘဲ သတိဟူသော တစ်ကြောင်းတည်းသော လမ်းပေါ် လျှောက်လှမ်းနေကြပြီဆိုတာ မင်းကြီးမသိသေးဘူး။ သူ့တိုင်းပြည်ရဲ့ လူဦးရေ သုံးပုံ နှစ်ပုံဟာ အရိယာနွယ်ဖွား သူတော်ကောင်းတွေချည်းပါကလားဆိုတာ ကောသလ မင်းကြီးကိုယ်တိုင် မသိရှာသေးဘူး။

ရတနာသုံးပါးနဲ့ ပတ်သက်ပြီး ကောသလ

www.dhammaransi.com



မင်းကြီး မသိသေးတာတွေ အများကြီး၊ အနာထပိဏ်သူဌေးကြီးအိမ်မှာ နေ့စဉ် ရဟန်းတော်ပေါင်း နှစ်ထောင်၊ ဝိသာခါ ကျောင်းအစ်မကြီးအိမ်မှာ နေ့စဉ် ရဟန်းတော်ငါးရာ၊ သုပ္ပဝါသာ ဒကာမကြီးအိမ်မှာ နေ့စဉ် ရဟန်းတော်ငါးရာတို့ကို ဆွမ်းဆက်ကပ် လှူဒါန်း သဒ္ဓါပန်းတွေ တဝေဝေ ပွင့်နေတာလည်း ကောသလမင်းကြီး မသိပါဘူး။ သာမန် ပြည်သူ ပြည်သားများဆိုရင်လည်း နံနက်မှာ ဆွမ်း၊ ညနေမှာ ပန်း၊ ဆီမီး၊ နံ့သာ စသည့် လှူစရာတွေနဲ့ ဇေတဝန်ကျောင်းတော်ကြီးဆီ စည်စည် ကားကား သွားလာ၊ တရားနာနေကြတာတွေကို ဘုရင် ကောသလ မသိဘူး။

ဒီလို 'မသိရာမှ သိရာသို့'ရောက်အောင် သက်နှီးရောင်များက ကောသလမင်းကြီးကို နှိုးကြားစေခဲ့ပါပြီလေ။

"ဘုရား အမှူးရှိသော ရဟန်းသံဃာပေါင်း တစ်ထောင် နန်းတွင်းသို့ ဆွမ်းစားကြွတော်မူပါဘုရား" ဘုရားရှင် ရှေ့ကျောင်းတော်ကိုသွား၊ အဲဒီလို ပင့်လျှောက်ထားတဲ့အတိုင်း ဘုရားရှင်နှင့် တပည့်သား သံဃာတော်များ နန်းတွင်းသို့ ဆွမ်းစားကြွလို့ ခုနစ်ရက်မြောက်တဲ့ နေ့မှာ...

www.dhammaransi.com



"ဘုန်းတော်ကြီးသော မြတ်စွာဘုရား... အခုလို ရဟန်းသံဃာပေါင်းတစ်ထောင် မကြွနိုင်သော်မှ နောက်ရက်တွေမှာ ရဟန်းငါးရာဆွမ်းစားကြွတော်မူပါဘုရား... အဲ... အရှင်ဘုရား ကိုယ်တော်တိုင် ဦးဆောင်ကြွချီတော်မူပါဘုရား... နေ့တိုင်း နေ့စဉ်ဘုရားရှင်ကိုယ်တော်မြတ် နန်းတွင်းသို့ ကြွတော်မူပါဘုရား..."

ကောသလမင်းကြီးက အဲဒီလို လျှောက်ပါတယ်။

သဒ္ဒါနောက်မှာ ပညာမထောက်ဘဲ တဏှာဖောက်ပြီး လောဘကဝင်လာပြီ။ ဘုရားက အစ 'ငါပိုင်' လုပ်ချင်လာပြီ။ ဘုရားရှင်တို့မည်သည် ဝေနေယျအားလုံးကို ငဲ့ရတဲ့အတွက် တစ်ဦးတစ်ယောက်တည်းရဲ့ အိမ်၊ ဂေဟာ၊ နေရာဌာန သို့ကြွရိုးထုံးစံ မရှိတဲ့အကြောင်း ဘုရား မိန့်ကြားတော်မူပါတယ်။ အဲဒီမှာ ကောသလမင်းကြီးက...

"မြတ်စွာဘုရား ကိုယ်တော်တိုင် မကြွနိုင်ပါက ဘုရားကိုယ်စား တစ်ပါးပါးက ဦးဆောင်ပြီး ရဟန်းငါးရာ ဆွမ်းစားကြွပါဘုရား...." လို့ လျှောက်ပြန်တယ်။ ဒီတစ်ခါတော့ ကောသလမင်းကြီးရဲ့ သဒ္ဒါကို ချီးမြှောက်သောအားဖြင့် ဘုရားရှင် ခွင့်ပြုလိုက်တယ်။ အဲဒီမှာ အရှင်အာနန္ဒာ ဦးဆောင်ပြီးတော့ ရဟန်းငါးရာ ဆက်ပြီး

www.dhammaransi.com



ဆွမ်းစားကြွပါတယ်။ ကောသလမင်းကြီးလည်း ဝမ်းမြောက်ဝမ်းသာ ဆွမ်းကပ်လုပ်ကျွေး လာလိုက်တာ ခုနစ်ရက်မြောက်တိုင် အောင်ပါပဲ။

ဒါပေမဲ့... ရှစ်ရက်မြောက်နေ့မှာ ကောသလမင်းကြီးဟာ အလုပ်များပြီး ဆွမ်းကပ်ဖို့ မေ့နေပါရောတဲ့။ သူပဲ ဆွမ်းပင့်ထားပြီး သူပဲ ဆွမ်းကပ်ဖို့ မေ့နေတယ်ဆိုတော့ သူ့ရဲ့ သဒ္ဓါက မခိုင်မြဲသေးဘူး၊ မထက်သန်သေးဘူးဆိုတာ ပြနေပါတယ်။ သဒ္ဓါမှ မထက်သန်သေးရင် ဝီရိယလည်း ပါလာမှာ မဟုတ်သေးဘူး။ ဆွမ်းကပ်ဖို့ မေ့နေတဲ့အတွက် ပမာဒလေခပြီး မပ္ပမာဒသတိတရား မရှိဘူးဆိုတာလည်း ထင်ရှားလှပါတယ်။ သဒ္ဓါ ဝီရိယ သတိမှ မရှိရင် သမာဓိနဲ့ ပညာဆိုတာကတော့ ဝေလာမှဝေး... ။

ဇမ္ဗူ့လစစ်သူကြီး ကဲ့သို့သော စစ်သည်ဗိုလ်ပါ အင်အား တောင့်တင်းလှပေမယ့် ကောသလမင်းကြီးမှာ "သဒ္ဓါ၊ ဝီရိယ၊ သတ္တိ၊ သမာဓိ၊ ပညာ"ဆိုတဲ့ ဗိုလ်ငါးပါးကတော့ အားနည်းလှပါရောလား။ အလုပ်များနေတာအကြောင်းပြပြီး ဆွမ်းပင့်ထားတဲ့ သံဃာတွေကို ဆွမ်းကပ်ဖို့ မေ့နေပါရောလား။ ဘယ်လောက်ထိ မေ့လျော့နေပါသလဲဆိုရင် ဆွမ်းချိန်လွန်တဲ့အထိ

www.dhammaransi.com



ကောသလမင်းကြီးရဲ့ အရိပ်အရောင်ကို မမြင်မိတဲ့အတွက် အရှင်အာနန္ဒာနဲ့ ရဟန်းငါးရာဟာ နန်းတွင်းမှ တိတ်ဆိတ်စွာ ပြန်ကြွခဲ့ရပါပကောလား။

အရှင်မို့လို့ အလုပ်များပြီး တစ်ခါတစ်လေ မေ့တယ်ဆိုရင် ထားတော့။

နဝမမြောက်နေ့ ဆွမ်းစားကြွရာမှာလည်း ဘုရင်ကောသလ မေ့မြဲ မေ့ဆဲပဲတဲ့လေ။ ဘုရင်က မေ့နေတယ် ထားဦး။ သက်ဆိုင်ရာ သေနာပတိ မှူးမတ်တွေကလည်း ဖာသိဖာသာ တုံးဏှုံဘာဝေနေကြသတဲ့။ သာဝတ္ထိနေပြည်တော်ကြီးတစ်ခုလုံး ဘုရား အရိယာ ရဟန်းသံဃာတော်တွေကို အနန်းအုန်းကျွတ်ကျွတ် ဖူးမြော်နေချိန်မှာ ကောသလမင်းကြီးရဲ့ နန်းတော်မှာမှ ဆွမ်းစားချိန်တန်သော်မှ ဆွမ်းမစားရ၊ ဆွမ်းပင့်ပြီးသော်မှ ဆွမ်းမကပ်ကြ၊ အရှင်အာနန္ဒာ နဲ့ ရဟန်းငါးရာတို့ဟာ ဆွမ်းချိန်လွန်အောင် သည်းခံစောင့်ဆိုင်းပြီးမှ နန်းတော်က ပြန်ကြွခဲ့ကြတယ်။

ဆယ်ရက်မြောက်နေ့မှာတော့ ရဟန်းငါးရာ လိုက်ပါလာခြင်း မရှိတော့ဘဲ အရှင်အာနန္ဒာ တစ်ပါးတည်း ကြွတော်မူလာပါတယ်။ ဒီတစ်ခါတော့ ဘုရင်ကောသလကိုယ်စား မှူးမတ်များက အရှင်အာနန္ဒာ

www.dhammaransi.com



ကို ဆွမ်းလုပ်ကျွေးလိုက်ကြပါတယ်။ ဒီလိုနဲ့... မင်းကြီးဟာ ဆွမ်းချိန်လွန်တော့မှ ဆွမ်းကပ်ရမယ့်ကိစ္စ သတိရလာတယ်။ ဒါနဲ့ ကောသလဟာ ဆွမ်းကျွေးမယ့်နေရာရောက်လာတော့ ဆွမ်းတွေအရာ မယွင်းဘဲ ပိုလျှံနေတာတွေ့ရတယ်။ မေးမြန်းစုံစမ်းတော့ ရဟန်းငါးရာ ဆွမ်းစားမကြွဘဲ အရှင်အာနန္ဒာ တစ်ပါးတည်း ဆွမ်းစားကြွကြောင်းသိရတယ်။

ကောသလမင်းကြီး ရဟန်းတော်များအပေါ်ရာဇမာန်ရှလေပြီ။

ဘုရင်ဆိုတဲ့ အုပ်ချုပ်သူရာထူးဆိုတာ ဒေါသနဲ့မာနအပေါ်တည်ဆောက်ထားတာ၊ ဒေါသနဲ့ မာနသာလျှင် အချိန်ပြည့် ဖိစီးနေတော့ သတိမကပ်သာတော့ဘူး။ ငါ့စွဲဒိဋ္ဌိကလည်း အတွင်းက မြှောက်ဆွပေးလေတော့ကိုယ့်အပြစ်ကိုယ်မမြင်တော့ဘဲ ရဟန်းတွေအပေါ်သာအပြစ်မြင် အပြစ်တင်ပါတော့တယ်။ ဆွမ်းပင့်ပြီးဆွမ်းမကပ်တဲ့ ကိုယ့်အပြစ်ကိုယ်မမြင်ဘဲ ရဟန်းတွေအပေါ် အပြစ်မြင်နဲ့ မကျေမချမ်းဖြစ်ကာ ဘုရားရှင်ထံတော် အရောက်သွားလို့ တိုင်ကြားတော့တာပေါ့။

“ရဟန်းတော်များ အသင်မင်းကြီးထံ ဆွမ်းစားမကြွ တာ အသင်မင်းကြီးနဲ့ ရဟန်းတော်များ အကျွမ်း

www.dhammaransi.com



မဝင်လို့ ဖြစ်မှာပါ... ”

ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဒီလောက်ကလေးပဲ အေးအေးဆေးဆေး အဖြေပေးလိုက်တယ်။ ကောသလမင်းကြီးကို အပြစ်မတင်ဘဲ ကောသလမင်းကြီးရဲ့ အားနည်းချက်ကို ထောက်ပြလိုက်တဲ့ ပညာစကား။

တစ်ဆက်တည်းမှာပဲ ရဟန်းတော်များနဲ့ ကျွမ်းဝင်အောင် ရဟန်းတော်များ ကြွလာပြီဆိုရင် မြတ်မြတ်နိုးနိုး ခရီးဦးကြိုပြုရတယ်။ မြတ်မြတ်နိုးနိုးကြီး ရှိခိုးရတယ်။ ပြီးတော့ လှူစရာရှိတာ လှူပြီး တရားနာရမယ်။ တရားနာတဲ့ အခါမှာ ရိုရိုသေသေ နာရမယ်... စသည်ဖြင့် ဟောတော်မူရာ ကောသလမင်းကြီးဟာ ရဟန်းတော်များနဲ့ ရင်းနှီးကျွမ်းဝင်လိုစိတ် ဖြစ်ပေါ်လာပြန်တယ်။

ဒါပေမယ့် ကောသလမင်းကြီးဟာ ဘုရား တရားနာကြားပြီး ဘုရားစကားနားမထောင်၊ ရဟန်းတော်များနဲ့ ရင်းနှီးအောင်ဆိုပြီး ဖြတ်လမ်းနည်းကို ရွေးချယ်လိုက်တယ်။ ဘယ်လိုဖြတ်လမ်းနည်းလဲဆိုတော့ ရဟန်းတော်များနဲ့ ကျွမ်းဝင်အောင် ဘုရားနဲ့ ဆွေမျိုးတော်စပ်ရေးဆိုတဲ့ ရွှေဉာဏ်တော်စူးရောက်တဲ့ အကြံဉာဏ်ပဲဖြစ်ပါတယ်။ ဘုရားနဲ့ ဆွေမျိုးတော်စပ်ရေးအတွက် ဘုရားရှင်ရဲ့

www.dhammaransi.com



မျိုးနွယ်ဖြစ်တဲ့ သာကီဝင်မင်းသမီးတစ်ပါးကို မိဖုရား မြှောက်ဖို့ စီမံတော့တယ်။

ဘုရားနဲ့ဆွေမျိုးအရင်းကြီးဖြစ်တဲ့ ယောက်ဖတော် ဒေဝဒတ် သော်မှ ဘုရားရှင်နှင့် ပြဒါးတစ်လမ်း သံတစ်လမ်း၊ တပည့်သား ရဟန်းသံဃာတွေသော်မှ ဗုဒ္ဓအဘ ဘုရားအား ကြည်ညိုလွန်းလို့ သက်န်းစွန်းဆွဲပြီး တစ်ကောက်ကောက် လိုက်နေတဲ့ အရှင်ဝက္ကလိလို ရဟန်းမျိုးကို...

'ငါဘုရားနှင့် အနေနီးသော်လည်း တရား မသိလျှင် ငါဘုရားနှင့် ဝေးသည်သာတည်း... ငါဘုရား နှင့် အနေဝေးသော်လည်း တရားသိလျှင် စကြာဝဠာ ခြားပါစေ ငါဘုရားနှင့် အနေနီးသည်သာတည်း...”ဆိုတဲ့ ဆုံးမပုံမျိုးကို ကောသလမင်းကြီး မသိရှာ၊ သာကီဝင် မင်းသမီးတစ်ပါးကို ယူရုံမျှနဲ့ ဘုရားနဲ့ ဆွေမျိုးတော်စပ် ပြီး ရဟန်းတော်များနဲ့ ရင်းနှီးကျွမ်းဝင်လိမ့်မယ်လို့ တစ်ထစ်ချမှတ်ယူနေတယ်။

ဒါကြောင့် ကပိလဝတ်ရွှေပြည်ကို မင်းသမီး တောင်း စေလွှတ်တော့တယ်။ သာကီဝင်မင်းတို့ မည်သည် အခြားသော မျိုးရိုးဇာတိတို့ဖြင့် ထိမ်းမြားရိုး ထုံးစံမရှိ... သို့သော် ဒီကိစ္စမှာ တစ်ဖက်ကလည်း

www.dhammaransi.com



အင်အားကြီးတဲ့ ကောသလမင်းကြီး ကိုယ်တိုင်က မိဖုရားလောင်း တောင်းခံလာတာ ဖြစ်နေတဲ့အတွက် ငြင်းလို့မကောင်း။ ဒါကြောင့် ကျွန်မသမီး ဝါသဘ ခတ္တိယာကို သာကီဝင်မင်းသမီး အဖြစ်နဲ့ ကောသလ မင်းကြီးထံ ထည့်ပေးလိုက်တယ်။ ဝါသဘခတ္တိယာဟာ ကျွန်မသမီးဖြစ်ပေမယ့် အင်မတန် အဆင်းလှပြီး လိမ္မာရေးခြားရှိတယ်။ အမေကသာ ကျွန်မ ဖြစ်ပေမယ့် အဖေက သာကီဝင်မင်းသား ဖြစ်တယ်။ သူ့အဖေ နာမည်က 'မဟာနာမ(မဟာနာမ်)' ဖြစ်ပြီး မြတ်စွာ ဘုရားနဲ့ ညီအစ်ကိုဝမ်းကွဲ တော်စပ်တယ် ဆိုပါတယ်။

ဘာပဲဖြစ်ဖြစ် ဝါသဘခတ္တိယာဟာ ကောသလ မင်းကြီးရဲ့ ချစ်လှစွာသော မိဖုရားကြီးအဖြစ်နဲ့ သားတော် တစ်ပါးမွေးဖွားပေးနိုင်ခဲ့ပေပြီ။ သားတော်ရဲ့ အမည်ကား 'ဝိဋူဋဘ'.... ။

ဝိဋူဋဘဟာ ရူပကာယ တင့်တယ်သလောက် မီးတောက်မီးစွယ်တွေလို ပြင်းထန်တဲ့ မာန်မာနဒေါသ ရှိတယ်။ သူကြီးပြင်းအရွယ်ရောက်လာတော့ မယ်တော် ဘက်က ဆွေမျိုးဘိုးဘွားတွေဆီ သွားရောက်လည်ပတ် ချင်တဲ့အကြောင်း ခွင့်တောင်းတယ်။ မယ်တော် ဝါသဘ ခတ္တိယာက ခွင့်မပြု၊ သူ့ရဲ့ဇာတိရပ်အမှန် နောက်

www.dhammaransi.com



ကြောင်းပြန် ဇာတ်ကြောင်းကို သားတော် ဝိဋူဋဘ သိသွားမှာ စိုးရိမ်တယ်။ ဒါ့ကြောင့် သာကီဝင်မင်းတွေဆီ တောင်းပန် တိုးလျှိုးရတော့တယ်။ သားတော်လေးကို သာကီဝင်မင်းတို့ရဲ့ ဇာတိပာန်တွေ မပြလိုက်ပါနဲ့... ။

ဒါပေမယ့် သာကီဝင်မင်းတို့ ဇာတိဟာန်ပြလိုက်ပုံ ကတော့ နောင်အခါ ရာဇဝင်တစ်ခုလုံး မီးဟုန်းဟုန်း တောက် သွားစေလောက်အောင်ပါပဲ။ သာကီဝင်မင်းတို့ အစဉ်အလာအရ ကြီးသူကို ငယ်သူက ဂါရဝပြုရပါတယ်။ ဒါ့ကြောင့် ဝိဋူဋဘ ရောက်လာရင် သာကီဝင်တွေက မကန်တော့ရအောင် ဝိဋူဋဘထက် ငယ်သူမှန်သမျှကို ရှောင်တိမ်းစေခဲ့ပါတယ်။ ဝိဋူဋဘထက်ကြီးတဲ့ မင်းညီမင်းသားတွေချည်းက ပိလဝတ်မှာ ကျန်ခဲ့ပါတယ်။ ပြီးတော့ ဝိဋူဋဘကို နန်းတွင်းနန်းမြေသို့ အဝင်မခံဘဲ သင့်တင့်ရာမှာ မဏ္ဍပ်ထိုးပြီး နေရာပေး တွေ့ဆုံခဲ့ခြင်းဖြစ်ပါတယ်။ ဒီလို တွေ့ဆုံရာမှာလည်း ဝိဋူဋဘက အငယ်ဆုံးဖြစ်လေတော့ ဆုံတွေ့သမျှ သာကီဝင်တွေကို ဝိဋူဋဘကချည်း ကန်တော့ခဲ့ရပါတော့တယ်။ သူ့ကို ကန်တော့မယ့်သူတော့ တစ်ယောက်မှ မရှိပါဘူး။

ဒီလိုနဲ့ ဝိဋူဋဘ ကျေနပ်ခဲ့ရပြီး ပြန်အလာမှာမှ

www.dhammaransi.com



အာဃာတကြီး မုန်းမီးတွေ တောက်လောင်စေဖို့ရာ လောင်စာရန်ငြိုး အစပျိုးခဲ့တယ် ဆိုနိုင်ပါတယ်။ ဖြစ်ပုံကတော့ ဝိဋူဋဘရဲ့ မင်းချင်းတစ်ယောက်ဟာ သူမေ့ကျန်ခဲ့တဲ့ လက်နက်ပြန်အယူမှာ ဝိဋူဋဘ ထိုင်ခဲ့တဲ့ နေရာကို သာကီဝင်တွေက နို့ရည်နဲ့ ဆေးကြောနေတာ တွေ့လိုက်ရပါတယ်။

'ကျွန်မသား ထိုင်ခဲ့တဲ့နေရာ'

သာကီဝင်မင်းတွေဆီက အဲဒီလို ပီပီသသကြား လိုက်ရပါတယ်။

မင်းချင်း အကြောင်းစုံသိသွားပေပြီ။ သာဝတ္ထိနေ ပြည်တော်ကို ပြန်ရောက်တဲ့အခါ မင်းချင်းဟာ အကြောင်းစုံ လျှောက်ထားတော့တယ်။ ကောသလ မင်းကြီးဟာ ရှက်လည်းရှက်၊ ဒေါသလည်း ထွက်ပြီးတော့ မိဖုရား ဝါသဘခတ္တိယာကို မိဖုရားအရာကချ၊ ကျွန်မ ပြန်ဖြစ်စေတယ်။ ကျွန်မသား ဝိဋူဋဘလည်း ချက်ချင်း လက်ငင်း ကျွန်ဇာတ် သွင်းခံရတယ်။

အဲဒီမှာ ဝိဋူဋဘရဲ့ အမုန်း မီးဟုန်းဟုန်းတောက်ခဲ့ ရချေပြီ။

"ငါ မင်းဖြစ်တဲ့နေ့မှာ သာကီဝင်မင်းတို့ရဲ့ လည်ချောင်းသွေးနဲ့ ငါထိုင်တဲ့နေရာကို ဆေးကြော

www.dhammaransi.com



မယ်...”

ဒါဟာ ဝိဋ္ဋူဘရဲ့ အဓိဋ္ဌာန်။ သူ့အဓိဋ္ဌာန် ပြင်းတဲ့အလျှောက် သူဟာ တကယ်ပဲ မင်းမြှောက် ခံခဲ့ရတယ်။ ဖြစ်ပုံကတော့ တစ်နေ့မှာ ကောသလ မင်းကြီးဟာ မြတ်စွာဘုရားရှင်ကို သွားရောက်ဖူးမြော် တယ်။ ဘုရားရှင်ထံတော်ပါး မသွားရောက်မီမှာ သူ့ရဲ့ မင်းမြှောက် တန်ဆာငါးပါးကို သူ့ကိုယ်ရံတော် စစ်သူကြီးကိုပေးခဲ့တယ်။ အဲဒီ စစ်သူကြီးဟာ ဗန္ဓုလရဲ့တူ တော်ပါတယ်။ ဗန္ဓုလကတော့ဖြင့် လောကမှာ မရှိချေ တော့ဘူး။ ကောသလမင်းကြီး သက်လို့သေခဲ့ပြီ။ တကယ်တော့... ဗန္ဓုလနဲ့ ကောသလ တို့ဟာ ငယ်သူငယ်ချင်းတွေ၊ တက္ကသိုလ်မှာ ပညာသင်ဘက် မင်းသားတွေ၊ ဗန္ဓုလက ကုသိနာရုံ ပြည်ပလ္လမင်းမျိုး၊ သူ့ဆွေတော် မျိုးတော်တွေက သူ့ရဲ့လက်ရုံးရည် စစ်စွမ်းရည်ကို ထိုက်ထိုက်တန်တန် အသိအမှတ် မပြုဘူးလို့ အထင်လွဲပြီး သူ့တိုင်းပြည် သူ့လူမျိုးကို နာကျည်းစွန့်လွှတ်ခဲ့ကာ ကောသလမင်းကြီးဆီမှာ စစ်သူကြီးဘဝနဲ့ အမှုထမ်းခဲ့သူဖြစ်ပါတယ်။ ဗန္ဓုလဟာ လက်ရုံးရည်သာ ထက်မြက်သူမဟုတ် နှလုံးရည်လည်း တော်တည့်မှန်ကန် ဖြောင့်မတ်လှတယ်။ ဒါကြောင့် ဘုရင်

www.dhammaransi.com



ကောသလက ယုံကြည်အားကိုး မြှောက်စားခဲ့သလို ပြည်သူပြည်သားတွေကလည်း လေးစားချစ်ခင် ကြည်ညို ကြတယ်။ အဲဒီမှာ ဘုရင်ကောသလရဲ့ မှူးမတ်တွေက ဗန္ဓုလကို မနာလိုတော့ဘူး။ ဒီတော့ ကောသလရဲ့ ထီးနန်းစည်းစိမ်ကို ဗန္ဓုလ လုယူဖို့ ကြံစည်နေပါတယ် ဆိုပြီး ကုန်းချောကြတာပေါ့။ ဘုရင်ကောသလလည်း ဉာဏ်နည်းသူဆိုတော့ ကုန်းစကားတွေကို ယုံမှားပြီး ဗန္ဓုလနဲ့ သူ့သား ၃၂ယောက်ကို ကလိမ်ဉာဏ်ဆင်ပြီး သတ်ပစ်တယ်။ အဲဒီမှာ ဗန္ဓုလရဲ့တူတော်သူက မကျေနပ်ဘူး။ ဦးရီးတော် ဗန္ဓုလအတွက် လက်စားချေ နိုင်မယ့် အခွင့်ကောင်းကို ချောင်းမြောင်းစောင့်စားခဲ့တယ်။ အခုတော့ဖြင့် သူ့လက်ထဲမှာ ဘုရင်ကောသလရဲ့ မင်းမြှောက်တန်ဆာငါးပါး ရောက်နေခဲ့ပြီလေ။

သူ့လိုပဲ လက်စားချေဖို့ မကျေမချမ်းနဲ့ အခွင့် အလမ်းကို စောင့်မျှော်တမ်းတနေတဲ့ ဝိဋူဍ္ဘကို သတိရ တယ်။ ဒီမင်းမြှောက်တန်ဆာတွေနဲ့ ဝိဋူဍ္ဘကိုသာ မင်းမြှောက်လိုက်ရင် သူဖြစ်ချင်တာတွေ အကုန်ဖြစ်ပြီ။ ယမ်းပုံပေါ် မီးကျတာကမှ သက်သာလိမ့်ဦးမယ်။ ဝိဋူဍ္ဘကို မင်းမြှောက်လိုက်လို့ကတော့ ပြီးပြီ။ ကောသလမင်းကြီးရော လောကတစ်ခုလုံး မီးဟုန်းဟုန်း

www.dhammaransi.com


တောက်ပြီ။ ဒါကြောင့် ဒီနေရာမှာတွင်ပဲ ဝိဋူဋဘကို မင်းမြှောက်လိုက်တော့တယ်။

ဝိဋူဋဘဟာ မင်းဧကရာဇ် ဖြစ်ပြီဆိုတာနဲ့ ကပိလဝတ်ကို စစ်ချီတော့တယ်။ သူ့ကို ကျွန်မသားဆိုပြီး ချိုးနှိမ်ခဲ့တဲ့ သာကီဝင်မင်းတွေကို ချေမှုန်းသုတ်သင်ရအောင်လို့။ သူထိုင်ခဲ့တဲ့ နေရာကို ယုတ်ညံ့တယ်။ မစင်ကြယ်ဘူးဆိုပြီး နွားနို့နဲ့ဆေးကြောခဲ့တဲ့ သာကီဝင်တွေရဲ့ သွေးနဲ့ သူ့ကိုယ်သူ ဆေးကြောရအောင်လို့။

ကမ္ဘာလောကမှာ ဖြစ်ပွားခဲ့သမျှ မကောင်းမှုတို့သည် ပညာကြီးသူတို့၏ အလင်းရောင်အောက်မှာ ဖြစ်ပွားခဲ့ခြင်းမဟုတ်။ ပညာမဲ့သူတို့၏ အမိုက်မှောင်ထုအတွင်းမှာ ဖြစ်ပွားခဲ့ရခြင်း...။ ဝိဋူဋဘရဲ့ ရန်ပြုစစ်ချီခြင်းအပေါ် သာကီဝင်မင်းတို့ ဘယ်လိုတုံ့ပြန်ခဲ့ပါသလဲ။ ကျေးရွာတော်ရှင် မဟာဗောဓိမြိုင် ဆရာတော်ဘုရားကြီးက ဒီလို ဖော်ပြခဲ့ပါတယ်။

<u>သကဒါဂါမ် အဆင့်ရောက် မဟာနာမ်မင်း</u> နှင့် ၎င်း၏ တိုင်းသူပြည်သား၊ ဆွေတော်မျိုးတော် အားလုံးတို့ကို ၎င်းမဟာနာမ်မင်း၏မြေးတော် ကောသလမင်းကြီး၏ သားတော်ဖြစ်သူ ဝိဋူဋဘ(အမည်ရင်း- ဝဏ္ဏဘ) မင်းသားက ဝင်ရောက် သတ်ဖြတ်ရာ၌

www.dhammaransi.com


မဟာနာမ်မင်းနှင့် စစ်သည်တို့အား ဝိဋူဋ္ဌဘနှင့် ၎င်း၏ နောက်လိုက်များကို သေကြေရန် မပစ်ခတ်၊ ခြောက်လှန့်ရုံ မျှသာ ပစ်ခတ်ကြ၏။ အစသော် ဝိဋူဋ္ဌဘတို့မဝင်ရဲ၊ တစ်စ...တစ်စ တစ်ဘက်က တစ်ကယ်မပစ်မှန်းသိသော အခါကျမှသာ ဝင်ရောက်စီး နင်းတိုက်ခိုက်ကြရာ...

"သင် ဘယ်သူလဲ... "

"သကျပုတ္တ သာကီယမျိုးပါ... "

"သတ်ပစ်... "

ထိုသို့ အရင့်ကိုအနု ပတ်ကပ်လျက် သတ်ဖြတ် ဖျက်စီးပစ်လေရာ သူတော်ကောင်းသည် သူယုတ်မာ၏ စော်ကားကျူးလွန်ရာ မိုက်သွေးသတ္တိ စမ်းသပ်ရာ ကစားကွင်းဖြစ်လာရသည်မှာ ဓမ္မတာပင် ဖြစ်လာချေ တော့သည်။

စင်စစ် အသေဝနာစ ဗာလနံ...

သူယုတ်မာများနှင့် မပေါင်းသင်းမဆက်ဆံခြင်း သည် မင်္ဂလာတစ်ပါး၊

ဤမင်္ဂလာတရားသည် ဤနေရာမျိုးမှ မသုံး၊ အခြားသုံးစရာနေရာမရှိပြီ။

သူတော်ကောင်း ဟူသည် သူတော်ရန် ကိုယ်ကောင်းပေးနေခြင်းတည်း။

www.dhammaransi.com


သူတော်ကောင်း ဟူသည် သူတော်ရန် ကိုယ်စင်ကြယ်ပေးနေခြင်းတည်း။

သာကီဝင်မင်းများကတစ်ဆင့် သူတော်ကောင်း အဓိပ္ပါယ်ကို အဲဒီလိုဖွင့်ဆိုပေးပါတယ်။

သာကီဝင်မင်းများဘက်က **မဟာနာမ်ရဲ့ သဏ္ဍါ ဂါမ်အဆင့်ကို** အထူးသတိပြုမိစေလိုပါတယ်။

အဟာနာမ်လျှင် ဦးစီးခေါင်းဆောင်ဖြစ်သော သာကီဝင်မျိုးများအဖို့ (သူက လာသတ်သော်မှ ကိုယ်က မခံနိုင်၊ ရှောင်တိမ်းပေးရုံသာ၊ သို့မဟုတ် အသတ်ခံလိုက်ရုံသာ ၊ သူ့ကိုကား သတ်ဖြတ်ညှဉ်းဆဲဖို့ မကြိုးစားတော့ပြီ)ဆိုတဲ့ ပထမသီလကို သွေးနဲ့သက်သေပြသွားခဲ့ပြီ မဟုတ်ပါလား။

မာဂဏ္ဍီက သာမာဝတီအုပ်စုကို မီးလောင်တိုက် သွင်းစဉ်တုန်းကလည်း သာမာဝတီဟာ မီးလျှံတွေကြားကပဲ သူတော်ကောင်းတရား ဟောပြသွားခဲ့ပြီ မဟုတ်ပါလား။

တကယ်ဆိုတော့ ဝိဋူဋဘ ကပိလဝတ်ကို ၄ ,ချီ စဉ်ကတည်းက ကပိလဝတ်ရဲ့ နယ်ခြားတစ်နေရာ ဝိဋူဋဘရဲ့ စစ်လမ်းကြောင်းတစ်နေရာမှာ စောင့်ကြို သီတင်းသုံးပြီး ပရိယာယ်အားဖြင့် တားမြစ်တော်မူခဲ့

www.dhammaransi.com

ပါသေးတယ်။ ဘာဘာဘုရားရှင်ကို ဖူးမြင်ရတဲ့ ဝိဋ္ဋူဘာ ဟာ ရှေ့ကိုဆက်ပြီး စစ်မချီဘဲ နောက်ကြောင်းလှည့် ပြန်သွားတာလည်း သုံးကြိမ်တိတိပါလေ။ လေးကြိမ် မြောက်ကား ဘုရားရှင် ကြွသွားခြင်းမရှိတော့ (ဝါ) တားမြစ်တော်မမူတော့။ ကံစီမံရာအတိုင်းသာ ရှိစေ တော့တယ်။

ဝိဋ္ဋူဘာရဲ့ အငြိုးအတေး မိုက်သွေးတွေ မှောင်ဝေနေလိုက်ပုံကလည်း ဘုရားရှင်ရဲ့ ငြိမ်းချမ်းရေး အလိုဆန္ဒတော်ကိုပင် လွန်ဆန်ဝံ့ရဲခဲ့တယ်။ တစ်ဖက်က သာကီဝင်မင်းများဘက်မှာလည်း ဝဋ်ကြွေးက မကုန် တတ်သေးဘူး ထင်ပါရဲ့။ (အရှင်မဟာမောဂ္ဂလာန်ကြီး တော်မှ ဘဝတစ်ခုက မိဘအပေါ် ပြစ်မှားခဲ့ဖူးသော ဝဋ်ကြွေးကြောင့် ကာဠီကျောက်ဖျာထက်မှာ ခိုးသား ငါးရာတို့ ရိုက်နှက်နှိပ်စက်တာ ခံရတယ် မဟုတ်ပါလား)

✤ ဝဋ်ကြွေးငွေ့တင်
လွတ်သေးမယ် မောင်မထင်နဲ့
နှောင်ဆင်ခြင်ထား။

✤ မချိသူ သတိမူပေတော့
ဝိဋ္ဋူ သာကီသတ်စဉ်က

အောင်ဇော်စာပေ

www.dhammaransi.com



ထွင့်ဘုန်းရှင် အလွတ်ရှန်းရတယ်
ထုံးရှိပေသား။ ။

ကျေးဇူးရှင် အဘရာကျော်ဆရာတော် ဘုရားကြီး ကလည်း အဲဒီလို ကဗျာဖွဲ့မှတ်တမ်းတင်ခဲ့ပါတယ်။

ဝဋ္ဋျှာဘဟာ အဘိုးအရင်းဖြစ်တဲ့ မဟာနာမ်လို သကဒါဂါမ် သူတော်ကောင်းတွေကို ပြစ်မှားတဲ့ ကံကြောင့် (ဝဋ်ကြွေးဆပ်ရအောင်) သံသရာရှည်ရှည် မစောင့်ဆိုင်း လိုက်ရပါဘူး။ ကပိလဝတ်က အပြန်လမ်း အစီရဝတီ မြစ်ကမ်းပါးမှာ မောမောပန်းပန်းနဲ့ အိပ်ပျော် နေတုန်း ဗြုန်းဆို မိုးကြီးသည်းစွာ ရွာပါတယ်။ မြစ်ရေ တွေ ရုတ်တရက် လျှံတတ်လာပြီး အရိယာ သူတော်ကောင်းတို့ကို သတ်ဖြတ်ပြစ်မှားသူ ဝိဋ္ဋျှာဘနဲ့ အပေါင်းအပါတွေကို သေမင်းရဲ့ ပင်လယ်နက်ကြီးဆီ ပို့ဆောင်ပေးလိုက်ပါတော့တယ်။

ဝိဋ္ဋျှာဘရဲ့ အတ္တမာန၊ ဒေါသ၊ ဒိဋ္ဌိ စတဲ့ ဒုစရိုက် တရားတွေက ဒုစရိုက်သမားတို့ရဲ့ သွားရာလမ်းကို ပို့ဆောင်ပေးလိုက်ပါပြီလေ။

(ဝိဋ္ဋျှာဘရဲ့ ဘဝဇာတ်လမ်း မြစ်ဖျားခံရာ ကောသလမင်းကြီးရဲ့ရုပ်ပုံလွှာကို ဆရာကြီး ဦးရွှေအောင်

www.dhammaransi.com



ရဲ့ (ဝိဋ္ဋမျှော်ဘ–၄)မှ အချက်အလက်များ ရယူရေးသားခဲ့ကြောင်းဝန်ခံပါရစေ။ ကျန်အချက်အလက်များကား မဟာဗောဓိမြိုင် ဆရာတော်ဘုရားကြီးရဲ့ တရားတော်များမှ သင့်တော်သလို ထုတ်နုတ်ဆက်စပ်တင်ပြခဲ့တာဖြစ်ပါကြောင်း...။)

အညွှန်း။ ။ ၁၉၉၉ –စက်တင်ဘာထုတ်၊
သမ္မာသမ္ဗုဒ္ဓဝိဘင်္ဂကထာ၊

မောင်သွေးချွန်

www.dhammaransi.com

■ သူကောင်းစကား ၊ တစ်ခွန်းကြား
တွန်းအား မိုးသို့ ချီ ။

■ သူယုတ်စကား ၊ တစ်ခွန်းကြား
ဆွဲအား မြေအောက်ဆီ ။



မဟာဗောဓိမြိုင် ဆရာတော်
ဝနဝါသီ ဥယျ ဓမ္မသာမိထေ

# ကာမ မှ ဓမ္မ သို့

သာဓက ဇာတ်ကြောင်းများ

မောင်သွေးချွန်

စုစည်းပူဇော်သည်